မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၁၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ တိုနီအဘော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဗ်ဗ် မူခါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်မြို့တော်ဂေါက်ကွင်းနှင့် ရေပြာပေါက်ကွင်းတို့၌ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းမှ ဂေါက်သီးအားကစားသမား ၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နေပြည်တော်မြို့တော် ဂေါက်ကွင်း၌ နံနက် ၆ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ကျင်းပရာ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က မီးလင်းဘောအား ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲများကို စတင်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက် အားကစားသမားများသည် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ အတွဲလိုက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယနေ့ကျင်းပလျက်ရှိသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၅၇ ချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ဦးဆောင်ကစားလျက်ရှိပြီး အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်

စာမျက်နှာ ၈ ကော်လံ ၁ ▲

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မီးလင်းဘောအားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ ပင်လယ်ရေအောက် ငလျင်လှုပ် — စာ - ၄

အညာဒေသ ရေစကြို၌ နှမ်းစပါး ၁၈၂၄ ဧက စိုက်ပျိုးမည် — စာ - ၁၀

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — စာ - ၁၃

မာတာအား စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် မန်ယူခေါ်ယူ — စာ - ၁၄

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့ ညနေ ၄ နာရီ ၃၄ မိနစ် ၄၁ စက္ကန့်တွင် မန္တလေးမြေလျှင်စခန်းမှ မြောက်ဘက် ၆၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း သပိတ်ကျင်းမြို့၏ အရှေ့ဘက် လေးမိုင်ခန့် အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုး/ဇလဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက မြန်မာနိုင်ငံတွင် ကူညီစောင့်ရှောက်မှုများဆက်လက်ပြုလုပ်နေ

ရန်ကုန် ဇန်နဝါရီ ၂၅

ကမ္ဘာ့နိုင်ငံ အများအပြားတွင် ပဋိပက္ခများဖြစ်ပွားနေဆဲ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရဆဲ၊ ထိုသို့ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားရေး အကူအညီများကို နိုင်ငံများရှိ အမျိုးသားကြက်ခြေနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းနှင့် လခြမ်းနီများက ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့က တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးလျက်ရှိနေသည်။

"အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အနေနဲ့ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးနေပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရစဉ်က စားနပ်ရိက္ခာ၊ ကျန်းမာရေးစတဲ့ ကူညီမှုတွေတစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးခဲ့သလို ပဋိပက္ခတွေကြောင့် ဒုက္ခကြုံတွေ့နေသူတွေကိုလည်း တတ်နိုင်သမျှ အကူအညီပေးနေပါတယ်။ မြန်မာနိုင်ငံမှာ ICRC အနေနဲ့ ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၂ သန်း အကုန်ကျခံကာ အကူအညီပေးရေး လုပ်ငန်းတွေ ဆောင်ရွက်ခဲ့သလို ၂၀၁၄ ခုနှစ်အတွက်လည်း မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၁ သန်း အကုန်အကျခံကာ အကူအညီပေးရေး လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မီဂါဇာဟိုတယ်၌ ဇန်နဝါရီ ၂၅ ရက် နံနက်က ကျင်းပသော မီဒီယာတွေ့ဆုံပွဲတွင် ICRC ဆက်သွယ်ညှိနှိုင်းရေးမှူး Michael O'Brien က ပြောသည်။

ICRC အနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ခြေလက်အင်္ဂါချို့ယွင်းသူ ၆၀၀ ခန့်ကို ဘားအံမြို့၌ ခြေတု၊ လက်တုတပ်ဆင်ရေးဌာနသို့

စာမျက်နှာ ၉ ကော်လံ ၂ ◆

သတင်း - ဝေယံဦး

ကြော်ငြာအချုပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမှားထဲမှာအမှန်ရှာ

လူတို့အနေဖြင့် လုပ်ငန်းဆောင်တာအဖြာဖြာတို့ကို လုပ်ကိုင်ဆောင်ရွက်ကြသည့်အခါ တစ်ခါတစ်ရံ အမှားများနှင့် ကြုံရတတ်ပါသည်။ ''မည်သူမျှအမှားနှင့်မကင်းနိုင်ကြပါ''ဟူသော လက်သုံးစကားအတိုင်း အမှားနှင့် ရင်ဆိုင်ကြုံတွေ့တတ်ပါသည်။ ဤနေရာတွင် အမှားအမှန် ဝေဖန်ပိုင်းခြားရေးအလုပ်သည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဟူမူ အမှားသိမှ အမှန်ပြင်နိုင်မည်ဖြစ်ပါသည်။ လမ်းကြောင်းမှန်ကို ရောက်မည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် လမ်းမှန်လျှောက်ဖို့ ဘာလုပ်ကြမည်နည်း။ များများစဉ်းစားစရာမရှိပါ။ အမှားကို အမှန်ဖြစ်အောင်ပြင်ဖို့သာ လိုပါသည်။ အမှားပြင်သည်ဆိုရာ၌ အပြောလွယ်သလောက် အလုပ်ခက်လှသည်။ အကြောင်းမူကား လူတိုင်းလူတိုင်း မိမိလုပ်သမျှ အကောင်းပကတိ ထင်နေတတ်ခြင်းကြောင့်ပေတည်း။ မှန်ပေ၏။ လူတိုင်းလူတိုင်း မိမိလုပ်သမျှအပေါ် အကောင်းသာ ထင်တတ်ကြပါသည်။ ဤသည်မှာလည်း သဘာဝကျသော ရှုထောင့်ပင်။ မိမိလုပ်သမျှမိမိယုံကြည်မှုရှိမှသာလျှင် ကောင်းပါသည်။

သို့သော် အမှားကိုအမှန်ထင်နေသမျှကာလပတ်လုံး မည်သည့်အခါမျှ အမှန်တွေ့လိမ့်မည်မဟုတ်ပါ။ အမှားကိုအမှားအတိုင်း မြင်တတ်မှသာ အမှားပြင်နိုင်သူဖြစ်ပါမည်။ အမှန်လမ်းကိုလျှောက်နိုင်ကြမည်ဖြစ်ပါသည်။ မိမိလျှောက်သောလမ်းသည် လမ်းမှားမှန်း သိနိုင်မှ လမ်းမှန်ကို ရွေးချယ်နိုင်မည်ဖြစ်ပါသည်။

လူအများစုသည် အမှားလုပ်မိမည်ကို လွန်စွာစိုးရိမ်တတ်ကြပါသည်။ အမှားကို ကြောက်နေသမျှကာလပတ်လုံး အမှန်လုပ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ငယ်စဉ်အခါက လမ်းမလျှောက်တတ်မီ အကြိမ်ကြိမ်လဲကျဖူးပါသည်။ အကြိမ်ကြိမ်လဲကျ၍ လမ်းမလျှောက်ဘဲမနေပါ။ အကြိမ်ကြိမ်ပြန်ထပြီး ကြိုးစားလမ်းလျှောက်ခဲ့ကြ၍ နောက်ဆုံးလမ်းလျှောက်နိုင်သည့် ကလေးငယ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ စက်ဘီးစီးသူတစ်ယောက်သည် စက်ဘီးမစီးတတ်မီက အကြိမ်ကြိမ်လဲကျဖူးပါသည်။ လဲမကျအောင်သတိထားပြီး အမှားကိုပြင်ဆင်သွားခြင်းဖြင့် နောက်ဆုံးစက်ဘီးစီးတတ်သူဖြစ်သွားပါသည်။ မည်သည့်အလုပ်မဆို အခက်အခဲအကျပ်အတည်း အမှားအယွင်းရှိတတ်ပါသည်။ အမှားရှိ၍နောက်မလုပ်ဘဲနေလျှင် အမှန်ဖြစ်လာနိုင်တော့မည်မဟုတ်ပါ။ အမှားနှင့်အမှန်သည် ဒွန်တွဲလျက်ရှိပါသည်။ အမှားကိုပယ်ပြီး အမှန်ကိုယူနိုင်ရပါမည်။နေရာတိုင်းတွင် အမှားမရှိနိုင်ဟု မဆိုနိုင်ပါ။ အမှားကို ရင်ဆိုင်ကျော်လွှားနိုင်ရန်သာလိုပါသည်။ သို့မှသာ လမ်းကြောင်းမှန်ရောက်နိုင်ပါသည်။

သို့ဖြစ်၍ အမှားတစ်ခုခုလုပ်မိ၍ နောက်မဆုတ်ပါနှင့်၊ ရှေ့ကိုဆက်လက်တိုးပြီးလုပ်ကြည့်ပါ။ အမှားကိုရှာကြည့်ပါ။ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မွေးမြူကြည့်ပါ။ အမှားတွေ့လျှင် အမှန်ပြင်နိုင်အောင်ကြိုးစားပြီး အမှားထဲမှ အမှန်ကို ရှာဖွေခြင်းဖြင့် မှန်ကန်သောလမ်းကို ရွေးချယ်သင့်ပါကြောင်း။ ။

မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

ကျုံပျော် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြဝတီရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၌ ပြည်သူများ မီးလောင်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

ကျောင်းအဆင့်တိုးနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ရှာင် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ဆည်ရွာကျေးရွာအမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းအဆင့်တိုးနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ကျင်းပရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှုခံဦးကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ ဒေသဦးစီးအဖွဲ့ဝင် ဦးကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ပြောကြား

ဆက်လက်၍ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း၊ နိပွန်ဖောင်ဒေးရှင်းနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောက်လုပ်သည့် ပေ(၉၀×၃၀)တစ်ထပ်ကျောင်းဆောင်သစ်အား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန Division ညွှန်ကြားရေးမှူး ဦးစိုးယုလွင်၊ ဒေသဦးစီးအဖွဲ့ဝင် ဦးကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးဝင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။ ထို့နောက် အခမ်းအနားကို မူလတန်းကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်လည်းကောင်း၊ အဋ္ဌမတန်း ကျောင်းသူလေးများက မြမန်းဂီရိသီချင်းဖြင့်လည်းကောင်း ဂါရဝပြုဖွင့်လှစ်ကြသည်။ ဆက်လက်၍ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Division ညွှန်ကြားရေးမှူး ဦးစိုးယုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ နိပွန်ဖောင်ဒေးရှင်း စီမံကိန်းဒါရိုက်တာ ဒေါ်အေးအေးသန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် စီမံကိန်းဒါရိုက်တာ ဒေါ်အေးအေးသန်းက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းက လက်ခံ၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ်အလံများအား နေရာအရောက် တာဝန်ရှိသူများကပေးအပ်ကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရှာင်)

ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပရေးစည်းဝေး

ကျောက်မဲ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့ပေါ်တွင် (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ရှမ်းအိုးစည်ပြိုင်ပွဲ၊ တိုးနရားကိန္နရာအကပြိုင်ပွဲ၊ သိုင်းပြိုင်ပွဲ၊ ရှမ်းစာပေဟောပြောပြိုင်ပွဲ၊ ပဒေသာကပွဲ၊ စတိတ်ရှိုးပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် မြို့မအားကစားကွင်းကြီး၌ ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီက ကမ္ဘောဇရှမ်းကျောင်းကြီး၌ကျင်းပသည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်(ဥက္ကဋ္ဌ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်(အတွင်းရေးမှူး)တို့ ပါဝင်သော ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းကြကြောင်း သိရသည်။ **မောင်မောင်(ကျောက်မဲ)**

ထင်သာမြင်သာ မြုပြင်စရာ

ပြောင်းပြာလူသွားလမ်းတံတား ပြင်ဆင်ပေးရန်လို

မြင်းခြံသည် မြို့ဝင်မြို့ထွက် တံတားနှစ်စင်းဖြင့် ဝင်ရောက်ရသော အညာဒေသ၏ ခရိုင်မြို့ကြီးဖြစ်သည်။ မြောက်ဘက်တွင် ပြောင်းပြာတံတားနှင့် တောင်ဘက်တွင် စွန်းလွန်းတံတားဖြင့် မြို့ကိုပန်းတင့်စေပါသည်။

မြို့ပေါ်ရပ်ကွက် ၂၀ ကျော်နှင့် မြင်းခြံ-မိတ္ထီလာလမ်း (ခ) အောင်ဆန်းလမ်းသည် အစည်ကားဆုံးဖြစ်သည်။ ပြောင်းပြာတံတားသည် ယင်းလမ်းပေါ်၌ ရှိသည်။ ပြောင်းပြာတံတားမှာ လူသွားလမ်း အသွားအပြန်ရှိသည်။ အသွားအပြန် သစ်သားအောက်ခံတံတားမှာ သစ်သားချောင်းများ ပျက်စီးနေသည်မှာ **(အောက်ပုံ)** ခရီးသွားများအတွက် အန္တရာယ်ရှိနေပါသည်။ မြင်းခြံ-ပြောင်းပြာတံတား၏ ပျက်စီးယိုယွင်းနေပြီဖြစ်သော လူသွားလမ်းကို ဆောက်လုပ်ရေးက ပြင်ဆင်သင့်ပါပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

တိုင်းပြည်ဘက်စုံ
တိုးတက်ဖို့
ကျသင့်အခွန်
ပေးဆောင်စို့

အထက်ဖော်ပြပါ ဓမ္မပူဇာတရားပွဲတွင် ပါဝင်လှူဒါန်းလိုသောစေတနာရှင်များ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးတင်မောင်	ဖုန်း-၀၉-၄၃၀၀၆၇၅၅	ဦးလှဖော်အောင်	ဖုန်း-၀၉-၄၃၀၄၉၀၅၂
ဦးထွန်းတင်မောင်	ဖုန်း-၀၉-၄၅၂၃၃၂၉၆၁	ဦးညွှန့်နိုင်	ဖုန်း-၀၉-၅၃၁၂၁၉၁
ဦးခင်မောင်	ဖုန်း-၀၉-၅၃၁၃၀၄၈	ဦးမောင်မောင်တင်	ဖုန်း-၀၉-၅၃၁၀၇၉၇

ဖြစ်မြောက်ရေးကော်မတီ၊ ပြည်မြို့



ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေမည့်အချက်များပြင်ဆင်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့သို့ရောက်ရှိပြီး စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်း၊ မြောင်နှင့်မြင်းမူတို့မှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ (အောက်ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ထူထောင်ရန် ကြိုးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊ ယင်းသို့ တိုးတက်အောင် ဆောင်ရွက်ရာ၌ အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာများမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အခြေခံကျသည့် မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် မြို့မိ မြို့ဖများကို တွေ့ဆုံရခြင်းဖြစ်၍ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာနိုင်ပြီဖြစ်ပြီး နိုင်ငံရေးပါတီပေါင်း ၆၀ နီးပါးလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အတွင်းသို့ ပါတီပေါင်း ၁၈ ပါတီမှ ပြည်သူ့ကိုယ်စားလှယ်များရောက်ရှိနေကြပြီဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်များ အရည်အချင်းရှိအောင် အားကောင်းမောင်းသန်ဖြစ်အောင် ကြိုးစားနေကြောင်း၊ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိလွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲမထားဘဲ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ပါတီအချင်းချင်း ရန်သူကဲ့သို့ သဘောမထားဘဲ လုပ်ဖော်ကိုင်ဖက်လို သဘောထားမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိနိုင်မှာဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ တစ်ကြိမ်ပြဋ္ဌာန်းလိုက်ရုံနှင့် ပြီးပြည့်စုံပြီဟု မဆိုနိုင်ကြောင်း၊ အစဉ်အမြဲ မှန်ကန်ကောင်းမွန်နေမည်ဟု ယူဆ၍ မရပါကြောင်း၊ ယခုအခါ ပြည်ထောင်စုလွှတ်တော်၌ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေမည့်အချက်များပြင်ဆင်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများထံမှလည်း အကြံဉာဏ်များ တောင်းခံခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သုံးသပ်ရာတွင် တိုင်းပြည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမထိခိုက်ဘဲ ပိုမိုကောင်းမွန်ဖြစ်ထွန်းစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေဘဲ ပိုမိုဖော်ဆောင်နိုင်ရေး၊ ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန် ပိုမိုကောင်းစေရေးဆိုသည့် အချက်(၃)ချက်ကို အခြေခံစဉ်းစားရန်လိုကြောင်း၊ နိုင်ငံတကာစံနှုန်းများကိုကြည့်ကာ ဆန္ဒစောပြီး ဆောင်ရွက်ရန် မသင့်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်သည်မှာ မကြာသေး၍ မပြင်ဆင်သင့်သေးဟု ဇွတ်မှိတ်ပြောဆို၍လည်း မရပါကြောင်း၊ ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှိမည့် ကိစ္စရပ်များကို ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ စဉ်းစားဆုံးဖြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အမှန်တကယ်ဖော်ဆောင်

မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူများ အမှန်တကယ် လိုအပ်သည့်ကိစ္စရပ်များတွင် အသုံးပြုရန် ပြည်ထောင်စုလွှတ်တော်က မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်းဖြင့် ဖွံ့ဖြိုးရေး ရန်ပုံငွေခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် မတ်လမတိုင်မီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်း၍ စနစ်တကျသုံးစွဲအကောင်အထည်ဖော်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ ခွင့်ပြုထားသော စီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်သည့်လုပ်ငန်းများ မဖြစ်စေရဘဲ လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၅၀ ထက် မပိုသောလုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံပွဲမှတစ်ဆင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို အမှန်တကယ် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စစ်ကိုင်း၊ မြင်းမူနှင့် မြောင်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ စစ်ကိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိန္ဒိယနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆာလ်မန် ကာရှစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဩစတြေးလျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘစ်ရှော့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် တည်ထောင်ခြင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်ပညာရေး တက္ကသိုလ် တည်ထောင်ခြင်းနှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲနှင့် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရိပ်သာလမ်း တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်က အခမ်းအနားအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြတ်ဆရာပူဇော်ပွဲသို့ ကမ္ဘောဇဘဏ်မှ ငွေကျပ် သိန်း ၂၅၀၊ ကျောင်းကျန်းမာရေးကာယပညာဌာန လက်ထောက်ကထိက(ငြိမ်း) ဦးလှိုင်က ငွေကျပ် ၁၀ သိန်း၊ စိန်ရတနာကုန်သည် ဒေါ်မြင့်မြင့်အေးက ငွေကျပ် ၂၅ သိန်း၊ Land Mark ဆောက်လုပ်ရေးဥက္ကဋ္ဌ ဒေါ်ညွန့်ယဉ်ဝင်းက ငွေကျပ် ၂၅ သိန်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သူ ဒေါ်နှင်းနှင်းမော်က ငွေကျပ် ၂၅ သိန်း၊ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ကော်မတီကိုယ်စား ဦးရှိန်းလိန်းအောင်က ငွေကျပ် ၁၀ သိန်း၊ နယူးရွှေစင် ရွှေဆိုင် ဦးစိုးမြင့်က ငွေကျပ် ၁၀ သိန်း၊ အခြေခံပညာအမှတ် (၁)(၂)(၃)တို့မှ ငွေကျပ် ၃၈၄ သိန်း စုစုပေါင်း ငွေကျပ် ၆၁၄ သိန်းကို ပါမောက္ခချုပ် ဒေါက်တာအောင်မင်းထံ ပေးအပ်လှူဒါန်းကြသည်။

မြတ်ဆရာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၆၀ အပြင် လစဉ်ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ **(အပေါ်ပုံ)** တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီး ၂၇၇ ဦးကို ကန်တော့ကြပြီး မြတ်ဆရာသုံးဦးက ဩဝါဒစကား ချီးမြှင့်ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ထိုင်းရွေးကောက်ပွဲကျင်းပစဉ် နှောင့်ယှက်မည်မဟုတ်ဟု အတိုက်အခံခေါင်းဆောင် သောင်ဆုဘန် ကတိပြုပြောကြား

ဗန်ကောက် ဇန်နဝါရီ ၂၅

ထိုင်းအတိုက်အခံခေါင်းဆောင် သောင်ဆုသက်သောင်ဆုဘန်က ၎င်းကိုထောက်ခံသူများအနေဖြင့် လာမည့် သီတင်းပတ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရေးကိစ္စ၌ အနှောင့်အယှက်ပေးလိမ့်မည် မဟုတ်ကြောင်း ကတိပြုပြောဆိုလိုက်သည်။

ဆန္ဒပြသူများအနေဖြင့် တနင်္ဂနွေနေ့မှစပြီး ယင်းတို့၏ ဆန္ဒမဲပေးခြင်းကို နှောင့်ယှက်ရန်ကြိုးစားမည် မဟုတ်ကြောင်း၊ သို့ရာတွင် ဆန္ဒမဲရုံများ၏ အပြင်ဘက်၌ ဆက်လက်ဆန္ဒပြမည်ဖြစ်ကြောင်း မစ္စတာ ဆုသက်က ပြောသည်။

ဆန္ဒပြသူများအနေဖြင့် ဝန်ကြီးချုပ်ကို ရာထူးမှဆင်းပေးပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲရန် လိုလားလျက်ရှိသည်။ သို့သော်လည်း အစိုးရက ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပသွားမည်ဟု ဆိုသည်။

မြို့တော်ဗန်ကောက်နှင့် အနီးဝန်းကျင်တွင် အရေးပေါ်အခြေအနေကြေညာလိုက်သော်လည်း အာဏာပိုင်များအနေဖြင့် မငြိမ်မသက်မှုနှင့် အကြမ်းဖက်မှုများကို ထိန်းချုပ်ရန် ကြိုးစားနေရဆဲဖြစ်သည်။ နိုဝင်ဘာလကတည်းက စတင်ဆန္ဒပြလှုံ့ဆော်သူများက နိုင်ငံရေးပြုပြင်ပြောင်းလဲသည့်တိုင်အောင် ပြည်သူရွေးကောက်တင်မြှောက်ခြင်း မရှိသည့် ပြည်သူ့ကောင်စီနှင့်အစားထိုးရန် လိုလားလျက်ရှိသည်။ ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်အစိုးရသည် ၎င်း၏အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝပ်၏ လွှမ်းမိုးမှုကိုခံနေရကြောင်း ဆန္ဒပြသူများက စွပ်စွဲပြောကြားသည်။ ဆန္ဒပြမှုစတင်ဖြစ်ပွားပြီးကတည်းက ဆန္ဒပြမှုအတွင်း သေဆုံးသူအနည်းဆုံးကိုးဦး ရှိသွားပြီဖြစ်သည်။ **(ဘီဘီစီ)**

ဆီးရီးယားအတိုက်အခံနှင့် အစိုးရတာဝန်ရှိသူများ ငြိမ်းချမ်းရေးကွန်ဖရင့်၌တွေ့ဆုံရန် မျှော်လင့်

ဂျီနီဗာ ဇန်နဝါရီ ၂၅

ဆီးရီးယားအတိုက်အခံနှင့် အစိုးရတို့သည် ငြိမ်းချမ်းရေးကွန်ဖရင့် ပထမနေ့တွင် တိုက်ရိုက်ဆွေးနွေးမှုမရှိဘဲ အဆုံးသတ်သွားပြီးနောက် ဂျီနီဗာရှိ အခန်းတစ်ခန်းတည်းတွင် တွေ့ဆုံဆွေးနွေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။

ယင်းတို့အနေဖြင့် ဆီးရီးယားပြည်သူများအတွက်ရှေးရှုပြီး ဆွေးနွေးသွားသင့်သည်ကို သိနေကြကြောင်း ကုလသမဂ္ဂသံတမန်ဘရာဟီမီက ပြောသည်။ ကိုယ်စားလှယ်များအနေဖြင့် အပြည့်အဝငြိမ်းချမ်းရေးစာချုပ် မချုပ်ဆိုသေးသော်လည်း သဘောတူညီမှုတစ်ခုခုရရှိရန် ရည်ရွယ်ထားသည်။

နှစ်ဖက်ကိုယ်စားလှယ်အနေဖြင့် ဆီးရီးယားပြည်သူများအတွက် လူသားချင်း စာနာသောအကူအညီများရရှိရန် မျှော်လင့်ထားသည်။ ဆီးရီးယားပြည်တွင်းစစ်အတွင်း ၂၀၁၁ ခုနှစ်မှစတင်ပြီး လူပေါင်း ၁၀၀၀၀၀ သေဆုံးသွားခဲ့ပြီးဖြစ်သည်။ လူပေါင်း ၉ ဒသမ ၅ သန်းမှာလည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေအိမ်များကိုစွန့်ခွာထွက်ပြေးကြသည်။ ယင်းကဲ့သို့ နေအိမ်များစွန့်ခွာထွက်ပြေးရခြင်း အဓိကပြဿနာမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လာသောကြောင့်ဖြစ်သည်။

ဆီးရီးယားအတိုက်အခံနှင့် အစိုးရကိုယ်စားလှယ်များသည် ဆွစ်ဇာလန်၌ ကျင်းပသော ငြိမ်းချမ်းရေးကွန်ဖရင့်၌ တိုက်ရိုက်ဆွေးနွေးမှုမရသော်လည်း ဇန်နဝါရီ ၂၆ ရက်တွင် အခန်းတစ်ခန်းအတွင်း အတူတွေ့ဆုံဆွေးနွေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ **(ဘီဘီစီ)**

ဂျပန်နှင့်အိန္ဒိယနှစ်နိုင်ငံ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာဆွေးနွေးရန် အိန္ဒိယသို့ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးထွက်ခွာ

တိုကျို ဇန်နဝါရီ ၂၅

နှစ်နိုင်ငံစီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ နယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရေးများကို ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေးရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်ကို ယနေ့စတင် ထွက်ခွာပြီဖြစ်ကြောင်း သိရသည်။

မြို့တော် နယူးဒေလီ၌ ကျင်းပမည့်တွေ့ဆုံဆွေးနွေးပွဲတွင် အာရှဒေသများအတွင်း တရုတ်တို့၏ ပင်လယ်ရေကြောင်းဆိုင်ရာ အသာစီးရနေမှုကို ပူးပေါင်းအင်အားဖြင့် ယှဉ်ပြိုင်ကျော်လွှားနိုင်ရေးအတွက် ရည်စူးကာ ဈေးကွက်စီးပွားရေးနှင့် အခြေခံအဆောက်အအုံနည်းပညာများကို ဂျပန်တို့ဘက်မှ သွင်းကုန်တိုးမြှင့်မှု အင်တိုက်အားတိုက် ဆောင်ရွက်သွားမည့်အကြောင်း အဓိကထားဆွေးနွေးမည်ဟု သိရသည်။

ဂျပန်နိုင်ငံမှ တာဝန်ရှိသူများပြောကြားချက်အရ နယူးဒေလီ၌ မြေအောက်မီးရထားစနစ် တည်ဆောက်ရေးဘဏ္ဍာငွေအတွက် ဂျပန်မှအိန္ဒိယသို့ ကန်ဒေါ်လာနှစ်ဘီလီယံ ချေးငွေထုတ်ပေးရေးကြေညာရန် အာဘေးက မျှော်လင့်ထားကြောင်း သိရသည်။

၎င်းအပြင် ချူကလီးယားစွမ်းအင်သုံးစွဲမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ အရှိန်မြှင့်ရန် ဝန်ကြီးချုပ်နှစ်ဦးစလုံးက မျှော်မှန်းထားကြသည်။

အာဘေး၏ အိန္ဒိယသွားခရီးစဉ်တွင် ဂျပန်နိုင်ငံစီးပွားရေးခေါင်းဆောင်များ အတူလိုက်ပါသွားကြောင်းလည်း သတင်းတွင်ဖော်ပြထားသည်။ အိန္ဒိယသမ္မတနိုင်ငံတည်ထောင်သည့် (၆၅)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့လည်း အာဘေးတက်ရောက်မည်ဖြစ်သည်။ ၎င်းတက်ရောက်မှုသည် ဂျပန်ဝန်ကြီးချုပ် တစ်ဦးအနေဖြင့် တက်ရောက်ရန် ပထမဆုံးဖိတ်ခေါ်ခံရသော ပွဲတစ်ခုလည်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၎င်း၏ပထမအကြိမ် ဝန်ကြီးချုပ်သက်တမ်းကာလ ၂၀၀၇ ခုနှစ်က အိန္ဒိယသို့သွားရောက်လည်ပတ်ခဲ့ဖူးပြီး ယခုအကြိမ်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက တစ်ကျော့ပြန်ဝန်ကြီးချုပ် သက်တမ်းအတွင်း သွားရောက်ခြင်းပင်ဖြစ်သည်။

(အမ်အင်န်အေ/ကျိုဒို)

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ ပင်လယ်ရေအောက် လျှင်လှုပ်

ဂျကာတာ ဇန်နဝါရီ ၂၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ အင်အား ၆ ဒသမ ၅ ရစ်ချ်တာစကေးအဆင့်ရှိ အင်အားပြင်းရေအောက်ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် ဆူနာမီဖြစ်ပေါ်ခြင်းမရှိကြောင်း၊ အဆောက်အအုံများ ပျက်စီးမှုရှိခဲ့ကြောင်း အရာရှိများ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျာဗားကျွန်းအနောက်တောင်ဘက် ၁၄၀ ကီလိုမီတာ ပင်လယ်ကြမ်းပြင်ရေအောက် ၄၈ ကီလိုမီတာကိုဗဟိုပြုပြီး အသံများမြည်ဟည်းကာ မရပ်မနားလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာပြတ်ရွေ့ကြောင်းများ၊ မီးတောင်ရပ်ဝန်းနှင့် ပစိဖိတ်မီးတောင်ရပ်ဝန်းပေါ်တွင် တည်ရှိနေသည့်အတွက်ကြောင့် ငလျင်လှုပ်ခတ်မှုများကြိမ်ဖန်များစွာကြုံတွေ့နေရသော နိုင်ငံဖြစ်သည်။ **(အမ်အင်န်အေ/ဆင်ဟွာ)**

ယူကရိန်းမြို့တော်၌ အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွား

ကီယက်ဗ် ဇန်နဝါရီ ၂၅

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ သမ္မတ ဗစ်တာယာနိုကိုဗစ်ချ်က အကျပ်အတည်း အဆုံးသတ်ရန် ကြိုးစားသွားမည်ဟု ကတိပေးပြောကြားခဲ့ပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မြို့တော်ကီယက်ဗ်၌ ဇန်နဝါရီ ၂၅ ရက်တွင် မီးလောင်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိသည်။ ယမန်နေ့ညက ဆန္ဒပြသူများကို မျက်ရည်ယိုဗုံး အသုံးပြုဖြိုခွင်းသော ရဲတပ်ဖွဲ့ဝင်များအား ကျောက်တုံးကျောက်ခဲများ၊ ဓာတ်ဆီဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်ဟုဆိုသည်။

မစ္စတာ ယာနိုကိုဗစ်ချ်က ဆန္ဒပြဆန့်ကျင်ရေးဥပဒေကို ပြင်ဆင်ပေးပြီး ဝန်ကြီးအဖွဲ့ကို အပြောင်းအလဲလုပ်ပေးရန် ကတိပြုပြောဆိုလိုက်သည်။

သို့သော် ဆန္ဒပြသူများအနေဖြင့် ယခုအခါ သမ္မတကိုနုတ်ထွက်ပေးရန် လိုလားနေကြကြောင်း အတိုက်အခံခေါင်းဆောင်လည်းဖြစ် ကမ္ဘာ့လက်ဝှေ့ဟဲဗီးဝိတ် ချန်ပီယံဟောင်းလည်းဖြစ်သည့် ဗစ်တာလီကလစ်ချ်ကိုက ပြောသည်။

ဇန်နဝါရီ ၂၄ ရက်ညက ဆန္ဒပြသူများသည် ရုပ်ရှိကီလမ်း၌ တာယာများကို မီးရှို့ဆန္ဒပြခဲ့ကြသည်။ ယင်းနေရာသည် မကြာမီက ဆန္ဒပြမှုကြောင့် သေဆုံးမှုများဖြစ်ပေါ်ခဲ့သော နေရာဖြစ်သည်။

ဇန်နဝါရီ ၂၄ ရက်ညက ကီယက်ဗ်မြို့လယ်ကောင်၌ အကြမ်းဖက်မှုများကြောင့် မီးလုံးကြီးများ ကောင်းကင်ယံသို့ လွင့်ပျံခဲ့ကြောင်း၊ လူအချို့ကိုလည်း လိုက်လံဖမ်းဆီးနေကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

တက်ကြွလှုပ်ရှားသူများက ယူကရိန်းနိုင်ငံတစ်ဝန်း အစိုးရရုံးများကို သိမ်းထားသည်။ အဆိုပါလမ်း၌ ဆန္ဒပြသူနှစ်ဦး ပစ်သတ်ခံရပြီးနောက် ယူကရိန်းနိုင်ငံအခြေအနေမှာ ပိုမိုဆိုးရွားလာသည်။ လွန်ခဲ့သော နှစ်လမှ စတင်ခဲ့သည့် မငြိမ်မသက်မှုသည် ပိုမိုဆိုးရွားလျက်ရှိသည်။ **(ဘီဘီစီ)**

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Sat & Sun - 3:45-6:45am 25 Jan
Sat & Sun - 9:00-12:00am 25 Jan
Mon to Thurs-1:00-3:00 pm 27 Jan
Mon to Thurs-5:00-7:00pm 27 Jan
Sat & Sun - 12:30-3:30pm 25 Jan
Mon to Thurs-7:30-9:30am 3 Feb
Mon to Thurs-10:00-12:00am 3 Feb

Pre-Intermediate English
Mon to Thurs-3:00-5:00pm 3 Feb
Mon to Thurs-10:00-12:00am 17 Feb

Intermediate English
Mon to Thurs-1:00-3:00pm 3 Feb

Grammar Foundation Course
Mon to Thurs-7:30-9:30am 10 Feb
Mon to Thurs-1:00-2:30pm 10 Feb

Vocabulary Enrichment Course
Sat & Sun -10:00-12:00am 25 Jan

Structure & Written Expression
Sat & Sun -10:30-12:30pm 8 Feb
Mon to Thurs- 5:00-6:30pm 10 Feb

Basic Writing Course
Mon to Thurs- 3:00-5:00pm 27 Jan
Mon to Thurs- 10:00-12:00am 7 Feb

Academic Writing Course
Sat & Sun - 5:00-7:00pm 1 Feb

Academic Preparation for IELTS (API)
Mon to Thurs- 10:00-12:30pm 3 Feb

IELTS (Test Practice)
Sat & Sun 10:30-12:30 pm 1 Feb

IELTS (Speaking Course)
Sat & Sun 1:00-3:30 pm 1 Feb

SAT Mon to Thurs 3:30-5:00 pm 3 Feb
TOEFL Mon to Thurs 5:30-7:00 pm 3 Feb

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

ရွှေလီ-ကျောက်ဖြူ လမ်းမကြီးဖောက်လုပ်ရေးဆိုင်ရာ ဒုတိယအကြိမ်မြောက် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ရွှေလီ-ကျောက်ဖြူလမ်းမကြီး ဖောက်လုပ်ရေးဆိုင်ရာ ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ JING CHENG HOTEL အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Feng Zhenglin (ဖုန်ကျန်လင်း)က အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ယခုလို ရွှေလီ- ကျောက်ဖြူလမ်းမကြီးအတွက် လာရောက်ဆွေးနွေးရခြင်းအတွက် များစွာဂုဏ်ယူပါကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တရုတ်-မြန်မာ ကိုယ်စားလှယ်အဖွဲ့များသည် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြသည်။ ၎င်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ လမ်းမကြီးနှင့်ပတ်သက်၍ ရန်ပုံငွေလိုအပ်ချက်များ၊ လမ်းအူကြောင်းရွေးချယ်မှုများ စသည့်အထွေထွေဆွေးနွေးခြင်းများပြုလုပ်ကာ အစည်းအဝေးမှတ်တမ်းအား လက်မှတ်ရေးထိုးခဲ့ကြသည်။

ဇန်နဝါရီ ၂၁ ရက်တွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Feng Zhenglin နှင့် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ ရွှေလီမြို့ရှိ လမ်း/တံတားလုပ်ငန်းများနှင့် ရွှေလီ-ကူမင်း High Way Express လမ်းပေါ်ရှိ အရှည်သုံးမိုင်ခန့်ရှည်လျားသည့် ရွှေတောင်အမည်ရှိ မြေအောက်လိုဏ်ဂူ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❐ ကျောဖုံးမှ

ယခုနှစ် ဩစတြေးလျအိုးပင်း ပြိုင်ပွဲတွင် နာမည်ကြီးများဖြစ်ကြသည့် ဆီရီနာဝီလျံ၊ ရှာရာပိုဗာနှင့် လက်ရှိ ချန်ပီယံအဇာရင်ကာတို့ ထွက်ခဲ့ရပြီးနောက် တရုတ်တင်းနစ်မယ် လီနာ ဖလားဆွတ်ခူးရန် ရေပန်းစားခဲ့သည်။ သူမ မျှော်မှန်းထားသည့်အတိုင်းလည်း ပြိုင်ပွဲကြီးတွင် အမှန်တကယ် ဖလားဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

မောင်နွေသစ်

ဩစတြေးလျအိုးပင်း အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော တရုတ် တင်းနစ်မယ် လီနာကို ဆုဖလားနှင့်အတူ တွေ့ရစဉ်။

မဟာမုနိဘုရားကြီး တစ်နေ့ရွှေဆိုင်း ရောင်းရငွေ ကျပ်သိန်း ၃၀ ကျော်ရှိ

မန္တလေး ဇန်နဝါရီ ၂၅

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်မှုများပြားလာခြင်းကြောင့် ရွှေဆိုင်းရောင်းချမှုမှာ တစ်နေ့လျှင် ကျပ်သိန်း ၃၀ ကျော်ရှိကြောင်း ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ရွှေသက်န်း ဆက်ကပ်လှူဒါန်းမှုကို နေ့စဉ်နံနက် ၄ နာရီခွဲမှ ညနေ ၄ နာရီအထိ သတ်မှတ်ပေးထားပြီး ရွှေဆိုင်းများ ရောင်းချပေးလျက်ရှိရာ ရွှေအရွက်ရေတစ်ရာပါ တစ်ဆိုင်းလျှင် ငွေကျပ် ၃၂၀၀၀နှုန်းဖြင့် နေ့စဉ် အဆိုင်းပေါင်း ၁၂၀ ကျော် ရောင်းချရပြီး တစ်လလျှင် ပျမ်းမျှအဆိုင်းပေါင်း ၃၈၀၀ ခန့် ရောင်းချနေရကြောင်း ဂေါပကရုံးအဖွဲ့မှူး ဦးတင်သန်းက ပြောသည်။

"၂၀၁၃ ခုနှစ် တစ်နှစ်လုံး ပြည်တွင်းပြည်ပ ဘုရားဖူးတွေ အရင်နှစ်တွေထက် ဝင်တာပိုများတယ်၊ ဘုရားဖူးအားလုံးလိုလို ရွှေသက်န်းကပ်လှူကြတယ်။ ရွှေဆိုင်းရောင်းချမှုအနေနဲ့ ငါးရွက်ပါတဲ့ ရွှေဆိုင်းတစ်ခုကို တစ်ကုတ်လို့ခေါ်ပြီး ကုတ် ၂၀ ပါတဲ့ ရွှေရွက်ရေ ၁၀၀ ကို တစ်ဆိုင်းလို့ သတ်မှတ်ထားပါတယ်" ဟု ၎င်းကဆိုသည်။

ထို့အပြင် အလှူခံဖြတ်ပိုင်းများနှင့် အလှူခံပုံးများမှ ရရှိသော လှူဒါန်းငွေပမာဏမှာလည်း နေ့စဉ်ထိန်းသိမ်းမှု စာရင်းများအရ တစ်နေ့လျှင် ငွေကျပ် ၁၅ သိန်းဝန်းကျင် ကောက်ခံရရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ကားများနှင့်ဆိုင်ကယ်များ အမိုးအကာမဲ့ ထားရှိရာမှ စာရင်းကောက်ယူ သယ်ဆောင်မှုများပြုလုပ်

လားရှိုး ဇန်နဝါရီ ၂၅

၅-၇-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင် လားရှိုးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးဝင်းအတွင်း၌ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သော မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များကို ကာလရှည်ကြာ မိုးထဲလေထဲတွင် အမိုးအကာမဲ့ထားသည်ကို တွေ့မြင်နေရကြောင်းနှင့် ဘဏ္ဍာသိမ်းပစ္စည်းများကို တန်ဖိုးလျော့နည်းပျက်စီးခြင်းမဖြစ်မီ လျင်လျင်မြန်မြန် စီမံခန့်ခွဲဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားဖော်ပြခဲ့သည်။

ယင်းနောက်ပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကွင်းဆင်း၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ တရားရုံးများတွင် ဘဏ္ဍာသိမ်းပြီးဖြစ်သော ယာဉ်နှင့် စက်ပစ္စည်းများကို သံရည်ကျိုအဆင့်နှင့် ပြုပြင်သုံးစွဲနိုင်သော အဆင့်ဟု အတန်းအစားနှစ်မျိုး ခွဲခြားသတ်မှတ်ပြီး စာရင်းကောက်ယူခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ တရားရုံးများတွင် သံရည်ကျိုအဆင့် ဘဏ္ဍာသိမ်းယာဉ်နှင့် စက်ပစ္စည်း၊ မော်တော်ကား ၂၃စီး၊ မော်တော်ဆိုင်ကယ် ၂၀၄ စီး၊ ထော်လာဂျီ ၁၇ စီး၊ အခြားစက်ပစ္စည်း ၄၄ ခု ရှိနေကြောင်း သိရသည်။ ယင်းပစ္စည်းများအနက် လားရှိုးခရိုင်တရားရုံးနှင့် လားရှိုးမြို့နယ် တရားရုံးများမှကားတစ်စီး၊ လယ်ထွန်စက်တစ်စီး၊ ထော်လာဂျီတစ်စီး၊ မော်တော်ဆိုင်ကယ် ၂၂ စီးတို့ကို သံရည်ကျိုဖျက်ဆီးရန်အတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သဘော်ဖျက်စက်ရုံ (သီလဝါ)သို့ လွှဲပြောင်းပေးအပ်ရန်အတွက် ဝန်ချီစက်ဖြင့် ဇန်နဝါရီ ၂၃ ရက်က စတင်သယ်ဆောင်နေပြီဖြစ်ကြောင်း တွေ့ရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တရားရုံးများတွင် ဘဏ္ဍာသိမ်းပြီးဖြစ်သော ယာဉ်နှင့် စက်ပစ္စည်းများကို သံရည်ကျိုအဆင့်နှင့် ပြုပြင်သုံးစွဲနိုင်သောအဆင့်ဟု အတန်းအစားနှစ်မျိုး ခွဲခြားသတ်မှတ်ပြီး စာရင်းကောက်ယူ

ကျန်ရှိနေသေးသည့် ပြုပြင်သုံးစွဲနိုင်သောအဆင့် ဘဏ္ဍာသိမ်းယာဉ်နှင့် စက်ပစ္စည်းများကိုလည်း ဆက်လက်၍ အမြန်ဆုံးစီမံခန့်ခွဲမှုများဆောင်ရွက်သွားလိမ့်မည်ဟု ယူဆရပါကြောင်း ဥပဒေဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **နေမျိုးနွယ်**

ပြင်ဦးလွင်ဒေသဖွံ့ဖြိုးရေး အလှူငွေများပေးအပ်

ပြင်ဦးလွင် ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မြို့နယ်တွင်းရှိ ကျေးရွာများ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ပြင်ဦးလွင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းအတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ်၌ ကျေးလက်လမ်းတံတား တည်ဆောက်မှုအတွက် ငွေကျပ် ၃၆၅ သိန်း၊ ကျေးလက်ပညာရေးအတွက် ငွေကျပ် သိန်း ၄၀၊ ကျေးလက်ကျန်းမာရေးအတွက် ငွေကျပ်သိန်း ၄၀၊ ကျေးလက်သောက်သုံးရေရရှိရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၀၅ သိန်း ကုန်ကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ သုံးစွဲရာတွင် အောင်ချမ်းသာရွာတွင်းလမ်း၊ အောင်ချမ်းသာ-အင်းသာလမ်း၊ ညောင်ကုန်းရွာ အဝင်တံတား တည်ဆောက်ခြင်း၊ တောင်ပြုံရွာ မူလတန်းကျောင်း တိုးချဲ့ခြင်းနှင့် လိပ်ကျရွာ မူလတန်းကျောင်းဆောင် အပြီးသတ်တည်ဆောက်ခြင်း၊ ပြင်ကြီးရွာ ဆေးပေးခန်းပြုပြင်ခြင်းနှင့် နောင်ခမ်းကြီးရွာဆေးပေးခန်း တိုးချဲ့ဆောက်လုပ်ခြင်း၊ သရက်ပင်အင်းရွာ စိမ့်စမ်းရေသွယ်ခြင်း၊ ဝါးနက်ရွာ စက်ရေတွင်းတူးဖော်ခြင်း၊ တိုးကြီးကုန်းရွာ ရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ပင်လိန်အလယ်ရွာ၊ လယ်ပြောင်းပြန်ရွာ၊ ညံ့ညင်းသာရွာ၊ သံတောင်ရွာ၊ ပန်းဦးတောင်ရွာ၊ ပိန္နဲကုန်းရွာ၊ တောင်ကျွန်းရွာများမှ စာကြည့်တိုက်များ မတည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဂိုးမအရှေ့ခြမ်းဆီက ပွန်တန်ဆာလွင်ပြင်ရယ်၊ ပုကိုင်တာရယ်၊ မိုးယွန်းကြီးရယ်...

ဘုန်းတင်လှိုင်

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကဏ္ဍအလိုက်နာမည်ကျော်ကြားထင်ရှားသော ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံကြီးများ၊ လွင်ပြင်ကြီးများ၊ တာတမံကြီးများ၊ အင်း/ကန်ကြီးများနှင့် တူးမြောင်းကြီးများရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ပဲခူးရိုးမအရှေ့ခြမ်းတွင် လယ်ယာစိုက်ပျိုးရေးအတွက် အရေးပါသော ပွန်တန်ဆာလွင်ပြင်၊ ပုကိုင်တာ၊ မိုးယွန်းကြီးအင်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းတို့ရှိကြသည်။

ပဲခူးခရိုင် ပဲခူးရိုးမအထက်နားဆီက အရှေ့တစ်လွှား စစ်တောင်းမြစ်အထိ မျှော်ခေါ်ကြည့်လိုက်လျှင် အထက်ပိုင်းတွင် ပွန်တန်ဆာလွင်ပြင်၊ မိုးယွန်းကြီးကန်နှင့် ပုကိုင်တာ၊ အောက်ပိုင်းတွင် ပဲခူး-စစ်တောင်းတူးမြောင်းနှင့် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးမြောင်းမကြီးတို့ကို တွေ့မြင်နိုင်သည်။ ပဲခူးခရိုင်အထက်ပိုင်းရှိ စစ်တောင်းမြစ်ဝှမ်းပွန်တန်ဆာလွင်ပြင်သည် အထူးရှုပ်ထွေး (Complicated)ပြီး စိတ်ဝင်စားစရာကောင်းသော ရေကြီး ရေလျှံလွင်ပြင်ကွင်းကြီး (Flood Plain) တစ်ခုဖြစ်သည်။

သုံးရောင်ထင်မြင် ပွန်တန်ဆာလွင်ပြင်

ရန်ကုန်-မန္တလေးကားလမ်းနှင့် စစ်တောင်းမြစ်ကြား၊ ပဲနွယ်ကုန်းမှ ပုကိုင်တာ(ပျဉ်ပုံတာဆုံ)အထိ ရေကြီးရေနက်ကွင်းကို ပွန်တန်ဆာလွင်ပြင်အဖြစ် သတ်မှတ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်မရနိုင်သော ပွန်တန်ဆာလွင်ပြင်ကို ၁၉၆၃ ခုနှစ် မတ်လတွင် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ရုရှားကျွမ်းကျင်သူ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် ဆည်မြောင်းဦးစီးဌာနမှ မြန်မာအင်ဂျင်နီယာများက **“စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှုရေအရင်းအမြစ်လေ့လာရေး”** ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၄ ခုနှစ် စက်တင်ဘာလတွင် တင်သွင်းသော အစီရင်ခံစာ၌ ရဲနွယ်ချောင်း၊ ဘိုင်းဒါးချောင်းနှင့် ကောလိယချောင်းတို့သည် ပွန်တန်ဆာလွင်ပြင်ရေကြီးမှုကို အဓိကဖြစ်စေသော ချောင်းများဖြစ်ကြောင်း တွေ့ရှိရသည်။ ၁၉၇၃ မှ ၁၉၇၆ ခုနှစ်အတွင်း ပွန်တန်ဆာလွင်ပြင်ရေကြီးမှုကာကွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ပွန်တန်ဆာလွင်ပြင်စီမံကိန်းကို ဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၇ ခုနှစ်တွင် ရဲနွယ်ရေလှောင်တမံစီမံကိန်း၊ ဘိုင်းဒါးရေလှောင်တမံစီမံကိန်းနှင့် ကောလိယရေလှောင်တမံစီမံကိန်းတို့၏ အကြိုဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုတင်ပြခဲ့ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ချက်ချင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော်လည်း ဘိုင်းဒါးရေလှောင်တမံနှင့် ကောလိယရေလှောင်တမံတို့ကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ရဲနွယ်ရေလှောင်တမံကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင်လည်းကောင်း တည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ပွန်တန်ဆာလွင်ပြင်ရေကြီးမှု အထိုက်အလျောက်သက်သာခဲ့သည်။

ပွန်တန်ဆာလွင်ပြင်ရေကြီးမှုဖြစ်ရခြင်းတွင် စစ်တောင်းမြစ်ရေကြီးမှုသည်လည်း အဓိကအချက်တစ်ချက်ပင်ဖြစ်သည်။ စစ်တောင်းမြစ်၏ အရှေ့ဘက်မှ စီးဆင်းလာသောချောင်းလက်တက်များပေါ်တွင် သောက်ရေခပ်ရေလှောင်တမံနှင့် ရွှေကျင်ရေလှောင်တမံများ တည်ဆောက်ထားခြင်းနှင့်

ရေဘေးကာကွယ်ရေးတာများ အသင့်အတင့်ဆောင်ရွက်ထားခြင်းတို့ကြောင့် စစ်တောင်းမြစ်ရေကြီးမှု အတိုင်းအတာတစ်ခုထိကာကွယ်ထားနိုင်ပြီ ဖြစ်သည်။ သို့ရာတွင် စစ်တောင်းမြစ်၏ အနောက်ဘက်ခြမ်းရှိ ပဲခူးရိုးမဒေသတွင် သစ်တောပြုန်းတီးမှုများကြောင့် မြစ်ကြောင်းတစ်လျှောက် အနည်ပို့ချမှုများလာခြင်း၊ စစ်တောင်းမြစ်၏ အရှေ့ဘက်ခြမ်းဒေသများတွင် သတ္တုတူးဖော်ခြင်း၊ ရွှေကျင်ခြင်း၊ သဲနှင့်ကျောက်စရစ်ထုတ်ယူခြင်းများကြောင့် မြစ်ကြမ်းပြင်ပြောင်းလဲခြင်းများဖြစ်ပေါ်လာသည်၊ စစ်တောင်းမြစ်၏ အလယ်ပိုင်းနှင့်အောက်ပိုင်းဒေသများတွင် သဲသောင်ထွန်းမှုများဖြစ်ပေါ်လာပြီး မြစ်ကြောင်းကျဉ်းမြောင်းလာခြင်းတို့ကြောင့် စစ်တောင်းမြစ်ဝှမ်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာခဲ့ရသည်။

ထိုသို့ရေကြီးမှုမဖြစ်ပေါ်ရန်အတွက် စစ်တောင်းမြစ်အလယ်ပိုင်းဒေသတွင် ဆောင်ရွက်သင့်သောလုပ်ငန်းများမှာ တောင်ငူခရိုင်အတွင်း မြစ်ကျဉ်းများတူးဖော်ချဲ့ထွင်ခြင်း သုံးနေရာ၊ သဲသောင်ခုံများတူးဖော်ခြင်း ရှစ်နေရာ၊ ရေဘေးကာကွယ်ရေးတာများတည်ဆောက်ခြင်း လေးခု (၃ဒသမ ၂ မိုင်)၊ လယ်သမားတာများပုံစံကျပြုပြင်ခြင်း ငါးခု (၁၀ ဒသမ ၇ မိုင်)၊ ရေနုတ်မြောင်းများတူးဖော်ခြင်း ကိုးမြောင်း (၂၁ ဒသမ ၃ မိုင်)နှင့် ရေထိန်းတံခါးများတည်ဆောက်ခြင်း သုံးခုတို့ ဖြစ်ကြသည်။ ပဲခူးခရိုင်အတွင်း သဲသောင်ခုံများတူးဖော်ခြင်းကိုးနေရာ၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်း တစ်ခု (၂၈ ဒသမ ၂ မိုင်)၊ ရေနုတ်မြောင်းများတူးဖော်ခြင်း ရှစ်မြောင်း (၇၃ ဒသမ ၄ မိုင်) နှင့် ရေထိန်းတံခါးများတည်ဆောက်ခြင်း ခြောက်ခုတို့ ဖြစ်ကြသည်။

ပွန်တန်ဆာလွင်ပြင်ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဓိကကျသည့် ကောလိယရေနုတ်မြောင်း၊ ခမုံ-မြစ်ကျိုးရေနုတ်မြောင်းနှင့် ကျိုက်ထော်-ပလိုင်းရေနုတ်မြောင်းများအပါအဝင် ရေနုတ်မြောင်းပေါင်း ၁၇ ခု (၁၀၆ မိုင်) ကိုလည်းကောင်း၊ ရေဘေးကာကွယ်ရေးအတွက် ပုကိုင်တာ ၁၄ ဒသမ ၅ မိုင်နှင့်ဆင်ရွာ-နဂါးပေါက်ရေလျှံထိန်းတာ ခြောက်မိုင်တို့ကိုလည်းကောင်း ပုံစံကျပြန်လည်ပြုပြင်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ရုရှားကျွမ်းကျင်သူတို့ တင်ပြခဲ့သော **“စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှုရေအရင်းအမြစ်လေ့လာရေး”** အစီရင်ခံစာသည် ၁၉၆၄ ခုနှစ် အခြေအနေက ဖြစ်ပြီး ယခုအချိန်တွင် တာတမံများတည်ဆောက်ပြီးစီးခြင်း၊ ရေနုတ်မြောင်းအချို့တူးဖော်ပြီးစီးခြင်း၊ ရေလျှံထိန်းတာအချို့ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် Trial Method ဖြင့် New Plan ရေးဆွဲသင့်ပါသည်။

ပွန်တန်ဆာလွင်ပြင်ဒေသ၏ ရေထုတ်နုတ်မှုပြဿနာ(Drainage Hydrology)မှာ အထူးရှုပ်ထွေးလှသည်။ (၁) တောင်ကျရေများ (Hill Torrent Waters)၊ (၂) ဒေသအပေါ်ရွာသွန်းသောမိုးရေ (Local Rainfall)၊ (၃) စစ်တောင်းမြစ်မိုးရာသီရေကြီးခြင်း (Sittaung Flood)၊ (၄) စစ်တောင်းမြစ်ဝမှာဒီရေသဘာဝ (Tidal Phenomena)တို့အရ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေလျှံထိန်းတာများပြုလုပ်ပေးခြင်းနှင့် ရေထိန်းတံခါးကြီးများတည်ဆောက်ခြင်းတို့ကို နှစ်အလိုက်ရေရှည်စီမံချက်များချကာ Master Plan ဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးလျှင် ပွန်တန်ဆာလွင်ပြင်သည် စပါးအပါအဝင် ကောက်ပဲသီးနှံများဖြစ်ထွန်းပြီး စိမ်းရာမှညို၊ ညိုရာမှဝါ၊ သုံးရောင်ထင်မြင် ပွန်တန်ဆာလွင်ပြင်ဖြစ်လာမည်မှာ မုချအမှန်ပင်ဖြစ်ပါသည်။

ပွန်တန်ဆာလွင်ပြင်၏ တောင်ဘက်ပိုင်းခြားနယ်နိမိတ် ပုကိုင်တာသည် ပဲခူးခရိုင်အောက်ပိုင်း ရေကြီးနစ်မြုပ်မှုကို အကာအကွယ်ပေးသည့် အရေးပါသည့် တာတမံဖြစ်သည်။

မလေးရှားတွင် ဆေးဝါးမှတ်ပုံတင်ခြင်းမရှိသည့်မြန်မာဆိုင်များ ဖမ်းဆီးခံရ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၅

မလေးရှားနိုင်ငံအတွင်းမြို့တော်ကွာလာလမ်ပူအနီးရှိ မြန်မာဆိုင်များကို ဇန်နဝါရီ ၂၃ ရက်က ကျန်းမာရေးဌာနမှ ဝင်ရောက်ဖမ်းဆီးသဖြင့် တန် ၂၀ ရှိ မှတ်ပုံတင်ခြင်းမရှိသည့် ဆေးဝါးများနှင့် ကာမအားတိုးဆေးများကို ဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီ ၂၄ ရက်က မလေးရှားနိုင်ငံနေ့စဉ်ထုတ် STAR သတင်း၏ဖော်ပြချက်အားမလေးရှားရောက် ကိုတွေင်ပူစီးယင်း (Tuangpu Siyin)၏ ပြောပြချက်အရသိရသည်။

ပြောကြား

မြို့တော် ကျန်းမာရေးဌာန (ဆေးဝါး)မှ ညွှန်ကြားရေးမှူး Syed Fadzli Syed Syialuddin က တာဝန်ရှိသူများသည် တစ်လခန့်အချိန်ယူကာ ထောက်လှမ်းမှုများပြုလုပ်ခဲ့ပြီး သတင်းရရှိသောနေရာငါးခုအတွင်း ဆိုင်ခန်းသုံးနေရာ၊ သိုလှောင်ထားရှိရာ Bangsar နှင့် Persiaran Syed Putra ဒေသကို သိရှိရကြောင်း၊ မလေးရှားနိုင်ငံ ရင်းဂစ် ၂ ဒသမ ၁ သန်းတန်ဖိုးရှိ ကာမအားတိုးဆေးများ၊ ဒဏ်ကြေဆေးများ၊ ပဋိဇီဝဆေးများ၊ ခုတ်မတည့်၍ဖြစ်သော ရောဂါကုဆေးများ၊ အချဉ်ဓာတ်ဖြေဆေးများ၊ စိတ်ကြွဆေးများ၊ ပဋိသန္ဓေတားဆေးများနှင့် အဖျားကျဆေးပါဝင်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်းလည်း သိရသည်။

ဖမ်းဆီး

မြန်မာအမျိုးသားလေးဦးအား မှတ်ပုံတင်ခြင်းမရှိသည့် ဆေးဝါးများနှင့် Lebuh Pudu ရှိ ဆိုင်ခန်းများတွင် ဖမ်းဆီးရမိပြီး အချို့မှာ မလေးရှားအစားအသောက်ကွပ်ကဲရေး ဌာန၏ တံဆိပ်များပင်ရှိနေကြောင်း၊ ထို့အပြင် Syed Fadzli က မီဒီယာများကို ပြောကြားရာတွင် “ကုန်းလမ်း၊ ရေလမ်းနဲ့အစားအသောက် နာမည်ပါတဲ့ စာတန်းတွေကပ်ပြီး မြို့ထဲက မြန်မာနိုင်ငံသားတွေကို ရောင်းတယ်လို့ ထင်ပါတယ်။ ဈေးနှုန်းကလည်း မှတ်ပုံတင်ထားတဲ့ဟာတွေထက် နှစ်ဆလောက်နည်းနေတော့ နိုင်ငံခြားသားတွေအတွက် စိတ်ကြိုက်ပိုဖြစ်တာပေါ့” ဟု ပြောကြားခဲ့သည်။

“ယခုဝင်ရောက် ဖမ်းဆီးခံရသည့် Lebuh Pudu နေရာရှိ မြန်မာဆိုင်မှာ ၁၀ နှစ်တာကာလအတွင်းလက်လီ၊ လက်ကားဖြန့်ဖြူးသည့် ဆိုင်ဖြစ်ပြီး ၎င်းတို့၏ တစ်ရက်တာဝင်ငွေမှာ ရင်းဂစ် ၅၀၀၀ ခန့်ရှိကြောင်း၊ ဒေသဆေးဝါးဌာနအနေဖြင့် တရားမဝင်ဆေးဝါးရောင်းဝယ်မှုသည် ကျန်းမာရေးနှင့်စီးပွားရေးကို ထိခိုက်စေသဖြင့် တားမြစ်ထားကြောင်းနှင့် အများပြည်သူတွေအနေနဲ့ ကျန်းမာရေးဌာနက ခွင့်ပြုထားတဲ့ဆေးဝါးတွေကို ပဲသုံးစေချင်ပါတယ်”ဟု Syed Fadzliက ဆက်လက်ပြောကြားခဲ့သည်။

စိုးဝင်း(SP)

ဒေသဆေးဝါးဌာနအနေဖြင့် တရားမဝင်ဆေးဝါးရောင်းဝယ်မှုသည် ကျန်းမာရေးနှင့်စီးပွားရေးကို ထိခိုက်စေသဖြင့် တားမြစ်ထား။

ဟိုမိန်းအထက ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ဟိုမိန်း ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် အတန်းအသီးသီး၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၁၄ ခုနှစ် (၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက (အထက) ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးက ပညာရည်ချွန်ဆုပေးရခြင်းရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားပြောကြားကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့် ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ရဲနောင်(iprd)

အာမခံပညာရပ်ကို နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် သင်ကြားဖြန့်ဝေပေး

ရန်ကုန် ဇန်နဝါရီ ၂၅

Credit Guarantee Insurance ဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောင်ရွက်မည့် အာမခံ အမျိုးအစားဖြစ်သော Credit Guarantee Insurance မှာ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အာမခံအမျိုးအစားဖြစ်ကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသောကြောင့် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ Credit Guarantee Insurance သင်တန်းသို့ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC) နှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းတို့မှ ကျွမ်းကျင်ပညာရှင်များ လာရောက်ပို့ချကာ မြန်မာ့အာမခံလုပ်ငန်းမှ အရာထမ်း၊ ဝန်ထမ်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ဖြစ်သည်။

ဆွေးနွေးပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) စတုတ္ထထပ် အစည်းအဝေးခန်းမ၌ နိုင်ငံခြားအာမခံကုမ္ပဏီများ၏ မြန်မာပြည်ရုံးခွဲရှိ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး မြန်မာ့အာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြသော အရာထမ်း၊ ဝန်ထမ်းများအား အာမခံပညာရပ်ကို နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတကာအာမခံအတွေ့အကြုံရရှိစေရန်ရည်ရွယ်၍ နိုင်ငံခြားအာမခံကုမ္ပဏီများမှ လက်တွေ့ဆောင်ရွက်နေမှုများကို သင်ကြား ဖြန့်ဝေပေးနိုင်ရေးအတွက် အသက်အာမခံ၊ မော်တော်ကား အာမခံ၊ မီးအာမခံ၊ ရေကြောင်းအာမခံလုပ်ငန်းများကို ပို့ချပေးပါရန် ဆွေးနွေးပြောကြားသည်။

ပို့ချသွားမည်

အဆိုပါ သင်တန်းများကို ၂၀၁၄ ခုနှစ် မတ်လမှစတင်၍ နိုဝင်ဘာလအထိ လစဉ်တစ်လလျှင် ရက်သတ္တတစ်ပတ်ဖြင့် သက်ဆိုင်ရာနိုင်ငံခြားအာမခံကုမ္ပဏီများနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပုဂ္ဂလိကအာမခံကုမ္ပဏီအားလုံးမှ အရာထမ်းများအား စတင်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါတွေ့ဆုံရာသို့ မြန်မာပြည်၌ ဌာနေကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ထားရှိသော နိုင်ငံခြားအာမခံကုမ္ပဏီ ၁၀ ခုမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရှမ်းပြည်နယ် တရားသူကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် ပြည်နယ်တရားသူကြီးချုပ်၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က အမှာစကားပြောကြားသည်။ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်က နိုင်ငံတော်က ဆောင်ရွက်နေသည့် မူဝါဒများနှင့် နှီးနွှယ်ပြီး တရားသူကြီးများထားရှိအပ်သည့် သဘောထားများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး(၂) ဦးခင်မောင်ဌေးက တရားသူကြီးများ တရားစီရင်ရာတွင် တွေ့ရှိရသည့် လိုအပ်ချက်များနှင့် ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းမှာကြားခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးဌာနမှူးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ တရားသူကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၂၅

ယနေ့နံနက် ၅ နာရီ ၅၅ မိနစ် ၂၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ရွှေဘိုမြို့၏ အနောက်တောင်ဘက် ၅ မိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ပေါက်ခေါင်းမြို့တွင် စာပေဟောပြောပွဲကျင်းပ

ပေါက်ခေါင်း ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့တွင် (၁၅)ကြိမ်မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီက မြို့နယ်လေးမျက်နှာဘုရားဇာတ်ရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲတွင် ရန့်သစ်စာပေမှ အယ်ဒီတာဦးသင်းရီ၊ စာရေးဆရာမ မသီတာ (စမ်းချောင်း) နှင့်စာရေးဆရာ ညီမင်းညိုတို့က သုတ ရသစာပေများအကြောင်း ဟောပြောခဲ့ကြရာ စာပေပရိသတ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြည်)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

တာချီလိတ် ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းကျောက်ရပ်ကွက် အိမ်အမှတ် (ဝက/၂၄၈)ရှိ နန်းလိတ်၏နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးရာ အိုက်စ်အဖြူရောင်ပုံဆောင်ခဲ ၁၈၇ ဂရမ် ကာလတန်ဖိုးငွေကျပ် ၄၃၀၁၀၀၀၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ ကာလတန်ဖိုးငွေကျပ် ၁၉၂၅၀၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၆၂၂၆၀၀၀ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးများ သိုလှောင်ရောင်းချသူ နန်းလိတ် (၆၀နှစ်)ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ကမ္ဘာကြီးပူနွေးလာမှုလျော့ပါးသက်သာစေရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

Seabell International နှင့် Renova သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးကုမ္ပဏီတို့မှ စီစဉ်ပြုလုပ်သည့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ ကာဗွန်ရောင်းဝယ်မှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် (Joint Crediting Mechanism -JCM)နှင့် အသေးစားရေအားလျှပ်စစ်ဖြင့် ကျေးလက်ဒေသ မီးလင်းရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးဟန်စိန်၊ ဒုတိယဝန်ကြီး ဦးချန်မောင်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ Seabell International နှင့် Renova ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စက်ရုံ၊ အလုပ်ရုံများကြောင့် ဖြစ်ပေါ်လာရသည့် လေထုညစ်ညမ်းမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် ဖြစ်ပေါ်လာရသည့် ကမ္ဘာကြီးပူနွေးလာမှုတို့ကိုလျော့ပါးသက်သာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များအနက် ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ လျှပ်စစ်မီးမလင်းသေးသော ကျေးရွာပေါင်း ၄၈၀၀၀ အနက် ကျေးရွာပေါင်း ၂၀၀၀၀ ကို ၂၀၁၅ ခုနှစ် မကုန်မီ မီးလင်းရေး ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအလုပ်ရုံ ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် Joint Crediting Mechanism (JCM) လုပ်ငန်းစဉ်အရ အသေးစားရေအားလျှပ်စစ် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့်ကျေးလက်ဒေသမီးလင်းရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ပါးသက်သာစေမည့်လုပ်ငန်းဖြစ်ကြောင်း၊ ထိုသို့ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချခြင်းဖြင့် Carbon Credit ကိုလည်းရရှိမည်ဖြစ်၍ အဆိုပါလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ အကျိုးရလဒ်များရနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် Japan Steel Engineering လီမိတက်မှ တာဝန်ရှိသူများက JCM နည်းစနစ်အရ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်း ဆောင်ရွက်ရန် ကနဦးလေ့လာခြင်းနှင့် အမှိုက်မှစွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ Feasibility of Waste to Energy plant using JCM scheme နှင့် waste to energy solution အကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

9G-9999 နံပါတ် ငွေကျပ် ၈၆ သိန်းဖြင့်ဝယ်ယူ

ရန်ကုန် ဇန်နဝါရီ ၂၅

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)သည် နိုင်ငံတော်အတွက် ပြည်သူ့ဘဏ္ဍာငွေရရှိစေရန်နှင့် မိမိကြိုက်နှစ်သက်ရာ အပူးဂဏန်းနှင့် ရွေးဂဏန်းနံပါတ်များကိုရွေးချယ်ဝယ်ယူခွင့်ရရှိစေရန် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ကညန(ရန်ကုန်)ရုံးချုပ်ရှိ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် 9G-9999 နံပါတ်အား ငွေကျပ် ၈၆ သိန်းဖြင့် ဝယ်ယူသွားကြောင်း သိရသည်။

ကညန ရန်ကုန်(ရုံးချုပ်)ရှိ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် 6G-6666 နံပါတ်ကို ငွေကျပ် ၄၄ သိန်း၊ 6G-8888 နံပါတ်ကို ငွေကျပ် သိန်း ၅၀၊ 6G-9999 နံပါတ်ကို ငွေကျပ်သိန်း ၅၀ တို့ဖြင့် ယာဉ်ပိုင်ရှင်များက အသီးသီးဝယ်ယူကြောင်း သိရသည်။ က. ည. န ရန်ကုန်(ရုံးချုပ်) ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် အပူးဂဏန်းနှင့် ရွေးဂဏန်းများအတွက် ဇန်နဝါရီ စတုတ္ထပတ်အတွင်း ကောက်ခံရရှိငွေစုစုပေါင်းမှာ မော်တော်ယာဉ် ၁၄၇ စီးအတွက် ငွေကျပ် ၁၁၇၅ သိန်း ကောက်ခံရရှိကြောင်း သိရသည်။ က. ည. နရှိ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် နောက်ဆုံးရောက်ရှိနံပါတ်မှာ 4G-7146 နှင့် 0G-4990 တို့ဖြစ်ကြောင်း သိရသည်။ **အေးကို(သတင်းစဉ်)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်-သန်လျင် အမှတ်(၂)တံတားအနီး၊ ကုလားဝဲကျေးရွာဝန်းကျင်၊ သီလဝါစက်မှုဇုန်သို့သွားသော ခြောက်လမ်းသွား အမှတ်(၂)လမ်းမကြီးဘေး၊ သန်လျင်လယ်မြေ ၁၆/ဧက (မြှုပ်နှံထားလျှင် တန်ဖိုးအလွန်တက်ရန်ရှိသောမြေများ) — **၁/ဧက(သိန်း၅၀၀)**

၂။ မြစ်ကမ်းနံဘေး၊ ရှုခင်းကောင်း၍ လေကောင်းလေသန့်ရသော ကျန်းမာရေးအတွက်သင့်လျော်သော နေရာကောင်း၊ ကျယ်ဝန်းသောကားပါကင်၊ ကမ်းသာယာအိမ်ရာ 1300 Sqft ဒုတိယထပ် နှစ်ခန်းတွဲ၊ ဧည့်ခန်းကျယ် နှစ်ယောက်အိပ်ခန်းနှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ ပါကေးခင်း၊ Aircon လေးလုံး၊ ဖုန်းပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ မိသားစုများများနေထိုင်နိုင်၍ ကျယ်ဝန်းသောတိုက်ခန်း။ — **၂/ခန်းတွဲ (သိန်း၁၇၀၀)** **၁/ခန်း (သိန်း၈၅၀)**

၃။ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး အင်းလျားမြိုင်လမ်းမ၊ ကိုယ်ပိုင်လမ်းပါမြေအကျယ် 6011 Sqft ဘိုးဘွား၊ ရေ၊ မီး။ — **1 Sqft - 250000**

အငှား

၁။ Diamond Condo ၊ ရှစ်လွှာ၊ 1350 Sqft ၊ နှစ်ယောက်အိပ်ခန်းတစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း Aircon လေးလုံး၊ ပရိဘောဂအစုံ၊ ကြိုးဖုန်းပါ။ — **(US$ 3000)**

၂။ Diamond Condo ၊ ခုနစ်လွှာ၊ 1000 Sqft ၊ နှစ်ယောက်အိပ်ခန်းတစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း Aircon လေးလုံး၊ ပရိဘောဂအစုံ၊ ကြိုးဖုန်းပါ။ — **(US$ 2000)**

၃။ သံသုမာလမ်းမကြီးဘေး၊ နှစ်ထပ် RC ၊ နှစ်ယောက်အိပ်ခန်းလေးခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း ဧည့်ခန်းကျယ်၊ Aircon ငါးလုံး၊ ကြိုးဖုန်းပါ။ — **(US$ 4000)**

ဆက်သွယ်ရန်ဖုန်း - 246792, 246527, 09-5178979, 09-43022828, 09-420301091, 09-5504071, 09-420079424,

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

၃၂၅ ချက်စီဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့က ဦးဆောင်ကစားလျက်ရှိသည်။

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မီးလင်းဘောအားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း မီးလင်းဘောအားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

ဂေါက်သီးရိုက် အားကစားသမားတစ်ဦး ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

ဂေါက်သီးရိုက်အားကစားသမားတစ်ဦး ယှဉ်ပြိုင်စဉ်။
(သတင်းစဉ်)

ရွှေတောင်မြို့၌ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရွှေတောင် ဇန်နဝါရီ ၂၅

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော ပြည်သူ့ဝန်ဆောင်မှုအသိပညာပေးလုပ်ငန်းများ ဖြစ်သည့် ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက ရွှေတောင်မြို့ သရက်တောရပ်ကွက်၊ အမက မြောက်ပိုင်းကျောင်း၌ ကျင်းပသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူ ၈၅ ဦးက ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့်စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြည်)**

ပျဉ်းမနားမြို့တွင် မွန်မြတ်သူ လူမှုကူညီရေးအသင်း ရုံးခန်းဖွင့်

ပျဉ်းမနား ဇန်နဝါရီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဥယျာဉ်စုအုပ်စု ဦးကျေးရပ်တွင် မွန်မြတ်သူ လူမှုကူညီရေးအသင်း ရုံးခန်းဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ရုံးခန်းတည်ရာ ဥယျာဉ်စုအုပ်စု ဦးကျေး (၄)လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုကူညီရေးအသင်းနာယက ဆရာဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ဆရာဦးညွန့်မောင်က လူမှုကူညီရေးအသင်းဖွဲ့စည်းပုံနှင့် ဝန်ဆောင်မှုပေးမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

မွန်မြတ်သူ လူမှုကူညီရေးအသင်းအနေဖြင့် ဆေးရုံတက်မည့်လူနာအား မော်တော်ယာဉ်ဖြင့် အခမဲ့ပို့ဆောင်ပေးခြင်း၊ အောက်ဆီဂျင်နှင့် သွေးလိုအပ်သောသူများအား လှူဒါန်းပေးခြင်း၊ နာရေးဖြစ်ပေါ်လာပါက နာရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးမည့်အပြင် မြေကျသည်အထိ တာဝန်ယူကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လူမှုကူညီရေးအသင်းသို့ ဆက်သွယ်အကူအညီတောင်းခံလိုပါက ဦးသန်းဇော်ဦး ဥက္ကဋ္ဌ ဖုန်း ၀၉-၄၂၀၇၀၉၃၇၃၊ ဦးဟိဏ်းအာကာ(ကိုဟိဏ်း) အတွင်းရေးမှူး ၀၉-၄၂၀၇၄၄၆၈၉၊ ဦးကျော်သီဟ ဘဏ္ဍာရေးမှူး ၀၉-၄၀၁၅၅၁၀၉၇ တို့ထံသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပရဟိတလူမှုကူညီရေးလူငယ်များ ဦးဆောင် ဆင်သေချောင်းကူးတံတားကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့

နေပြည်တော် ဇန်နဝါရီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာဆည်ထိပ်ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ မြို့ပေါ်သို့သွားရာလမ်းတွင် ဆင်သေချောင်းကို ကူးဖြတ်၍သွားကြရသည်။ ထို့ပြင် ဆင်သေကျေးရွာ၊ သာယာဝှမ်းကျေးရွာ၊ ခြံကြီးကျေးရွာများမှ တောသူတောင်သားများ ယာခင်းများသို့သွားလျှင်လည်း ဆင်သေချောင်းကို ကူးဖြတ်သွားရသည်။

မိုးတွင်းကာလနှင့် ဆောင်းဦးကာလများတွင် ဆင်သေချောင်းမှာ ရေမပြတ်စီးဆင်းနေ၍ မီးရထားတံတားပေါ်မှ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားကြရသဖြင့် မီးရထားလာသည့်အခါအပြေးအလွှား ရှောင်တိမ်းကြရာ အန္တရာယ်များဖြင့် တွေ့ကြုံကြရသည်။

ယခုအခါ ဆင်သေမင်္ဂလာကန်ဦးကျောင်းဆရာတော်က ကူညီပံ့ပိုးကာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပရဟိတလူမှုကူညီရေးလူငယ်များ ဦးဆောင်ပြီး ချောင်းကူးတံတားကို ဇန်နဝါရီ ၂၃ ရက်က အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည်။ တံတားမှာ အရှည် ၁၃၅ ပေ ၊အနံ ငါးပေ၊ ရေကင်းလွတ်အမြင့် လေးပေ တန်ဖိုးငွေကျပ် ၂၅ သိန်းကျော် အကုန်အကျခံ တည်ဆောက်နိုင်ခဲ့မှုကြောင့် ရဟန်းရှင်လူ၊ ပြည်သူပြည်သားများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ဆင်သေချောင်းကူးတံတားပေါ် ဖြတ်သန်းနေကြရပြီ ဖြစ်သည်။ **(ဝဲပုံ)**

(၁၂၁)

အထွေထွေရောဂါကုဆရာဝန် နှစ်ပတ်လည်စုံညီအစည်း

ရန်ကုန် ဇန်နဝါရီ

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေ (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ခန်းမဆောင် (B)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း အ အဖွဲ့(ရန်ကုန်)နာယက ဒေါက်တာဦးကျော်မြင့် ပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦ ပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး(၁) ဒေါ အလုပ်အမှုဆောင် အစီရင်ခံစာကို တင်သွင်း ဘဏ္ဍာရေးအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ် အတည်ပြုချက်ရယူသည်။

ကန့်ကြီးထောင့်မြို့နယ် တောင် လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ေ

ပုသိမ် ဇန်နဝါရီ ၂၅

ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်စုဝင် ဦးလေးမောင်၊ ဧရာမြန်မာအထွေထွေစီးပွားရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းတို့သည် ဇန်နဝါရီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက အပင်နှစ်ဆယ်ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဒေသခံတောင်သူ ၁၀၀ တို့ကို တစ်ဦးလျှင်ငွေကျပ် တစ်သိန်းစီဖြင့် ချေးငွေများထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါချေးငွေများကို ခြောက်လအတွင်း အတိုးအရင်း ၁၀၉၀၀၀ ပြည့်ဝစွာ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပထမအကြိမ် ချေးငွေအတိုးအရင်း ကျေလည်စွာ ပေးဆပ်နိုင်သူများကို ဒုတိယအကြိမ် ချေးငွေကျပ်တစ်သိန်း ပြန်လည်ထုတ်ချေးပေးမည် ဖြစ်

သည် စိုက်ပ များ လုပ် အပေ ကြီးက ရသူ ဖြစ်

စေတ လူမှ ကျေး ထုတ် အကျ ရေးဝ အပေ ရှောင် ဖြင့် တိုင်း က အ

နိုင်ငံဘက်စုံ တည် မှန်မှန်ကန်ကန် အ

ပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီးလင်းဘော
။
(သတင်းစဉ်)

ရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်) ...လည်စုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

...ဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ...မ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ယနေ့ ...ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ...ကျင်းပသည်။

...နိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များ ...က ဒေါက်တာဦးကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ...ဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်အေးက အမှာစကား

...အတွင်းရေးမှူး(၁) ဒေါက်တာဝင်းဇော်က ၂၀၁၃ ခုနှစ် ...အစီရင်ခံစာကို တင်သွင်းဆွေးနွေးပြီး တာဝန်ရှိသူတို့က ...စာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြကာ ...သည်။ **(သတင်းစဉ်)**

...င့်မြို့နယ် တောင်သူလယ်သမားတို့၏ ...ဖွံ့ဖြိုးတိုးတက်ရေးချေးငွေထုတ်ပေး

...ရီ ၂၅

...တန်ကြီးထောင့် ...စီးဌာန ဦးစီးမှူး ...စုဝင် ဦးလေး ...ထွေထွေစီးပွား ...ဥက္ကဋ္ဌ ဦးဇော် ...နဝါရီ ၂၂ ရက် ...ရိုက အပင် ...အုပ်ချုပ်ရေးမှူး ...ဘာင်သူ ၁၀၀ ...ကျပ် တစ်သိန်း ...တ်ပေးလျက်ရှိ

...များကို ခြောက် ...ရင်း ၁၀၉၀၀၀ ...ည်ဖြစ်ကြောင်း၊ ...ငွေအတိုးအရင်း ...ပ်နိုင်သူများကို ...ငွေကျပ်တစ်သိန်း ...ပေးမည် ဖြစ်

သည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် ရောင်းရေးဝယ်တာများကို လွယ်ကူသက်သာစွာဖြင့် လုပ်ကိုင်နိုင်ကြ၍ တစ်ချိန်က အပေါင်အနှံပစ္စည်းပေးပြီး အတိုးကြီးကြီးဖြင့် လုပ်ငန်းလုပ်ကိုင်နေကြရသူများအတွက် လွန်စွာအကျိုးဖြစ်ထွန်းကြမည် ဖြစ်သည်။

"နိုင်ငံတော်အကြီးအကဲများရဲ့ စေတနာ၊ ဆင်းရဲမှုလျှော့ပါးရေး၊ လူမှုဘဝမြှင့်တင်ပေးကြလို့ လွန်စွာကျေးဇူးတင်ရှိပါကြောင်း၊ ချေးငွေထုတ်ယူသူများကလည်း လုပ်ငန်းမှာ အကျိုးရှိမည့် စိုက်ပျိုးရေးနှင့်ရောင်းရေးဝယ်တာများ လုပ်ကိုင်ကြပါ။ အပျော်အပါး၊ အသောက်အစားများ ရှောင်ကြဉ်ကြပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားကြပါလို့" ဒေသခံတိုင်းရင်းဆေးဆရာကြီး ဦးလှထွန်းက အသိပေးစကားပြောကြားသည်။

ပုသိမ်လှကြည်

...င်ဘက်စုံ တည်ဆောက်စို့ ...မှန်ကန်ကန် အခွန်ပေးစို့

Diploma in IT သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

ခေတ်မီတိုးတက်လာသည်နှင့်အမျှ ခေတ်စနစ်နှင့် ရင်ပေါင်တန်းနိုင်အောင်လည်း အသိပညာ အတတ်ပညာများ တတ်ကျွမ်းထားရန်လိုအပ်သည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် KMD Computer Centre တို့ ပူးပေါင်း၍ Diploma in Information Technology (IT) သင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။

၂၁ ရာစု Knowledge Society အတွက် သိရှိတတ်ကျွမ်းရန်လိုအပ်သည့် IT နှင့် Internet နည်းပညာများကိုစုစည်းပြီး လက်တွေ့လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်ရန်ရည်ရွယ်၍ သင်ကြားသော Diploma သင်တန်းလည်းဖြစ်သည်။ အဆိုပါသင်တန်းတွင် ဘာသာရပ်စုစုပေါင်း ခုနစ်ခုပါဝင်ပြီး သင်တန်းကာလမှာ ကိုးလကြာမြင့်မည် ဖြစ်သည်။

ကျောင်းသားတစ်ဦးလျှင် ကွန်ပျူတာတစ်လုံးနှုန်းဖြင့် ရက်သတ္တတစ်ပတ်၊ ငါးရက်သင်တန်းအတွက် တစ်နေ့လျှင် စာတွေ့ တစ်နာရီခွဲနှင့် လက်တွေ့တစ်နာရီခွဲ သို့မဟုတ် စနေ၊ တနင်္ဂနွေ နှစ်ရက်သင်တန်းအတွက် စာတွေ့လေးနာရီ၊ လက်တွေ့ လေးနာရီ သင်ယူရမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် အုပ်စုတစ်စုချင်းအလိုက် Project များရေးဆွဲ၍ လက်တွေ့ရှင်းလင်းပြသရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲများနှင့် လက်တွေ့ Project များဖြေဆိုအောင်မြင်ပြီးပါက Diploma ချီးမြှင့်မည်ဟုသိရသည်။

Diploma in IT သင်တန်းပြီးဆုံးပြီးလျှင် တစ်နှစ်သင်တန်း UK Diploma ဖြစ်သော Level 5 Diploma in Computing (L5DC) တက်ရောက်နိုင်သည်။ Greenwhich Degree ဖြစ်သော B.Sc (Hon.s) Business Information Technology (BIT) ကို ဆက်လက်တက်ရောက်နိုင်သည်။ Diploma in IT သင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖွင့်လှစ်ပြီး ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား ဗိုလ်တထောင်မြို့နယ်ရှိ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်ဟု သိရသည်။ **ခင်ချိုဝင်း**

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တာချီလိတ်မြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

တာချီလိတ် ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်ဝန်ကြီးများလိုက်ပါလျက် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့သို့ ရောက်ရှိပြီး အောင်မြတ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက နယ်မြေဒေသဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထူးက ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကိုလည်းကောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇံတို့က ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဒေသခံပြည်သူများ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ သိလိုသည်များနှင့်အခက်အခဲများတင်ပြချက်အပေါ် သက်ဆိုင်ရာဌာနများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး ဆပ်ကော်မတီနှင့်ပတ်သက်ပြီး ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်း၊ ပုဂ္ဂလိက အခွန်းကဏ္ဍလုပ်ငန်းများဆောင်ရွက်လိုပါက ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ပေါင်းစပ်ဆောင်ရွက်ရန်လည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်းက တာချီလိတ်ခရိုင်အတွင်း နိုင်ငံတော်မှ လမ်း၊ တံတားများ ဆောင်ရွက်ရာတွင် လယ်မြေ၊ ခြံမြေများ နစ်နာမှုအပေါ် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက စည်ပင်သာယာရေးအဖွဲ့၏ သဘောသဘာဝကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တာချီလိတ်မြို့စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၃၀၀၊ တာလေမြို့နယ်ခွဲနှင့် ကျိုင်းလပ်မြို့နယ်ခွဲ စည်ပင်သာယာရေးလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀ စီ၊ တာချီလိတ်မြို့ ပညာရေးကဏ္ဍအတွက် ကွန်ပျူတာနှစ်စုံနှင့် ငွေကျပ် ၁၀ သိန်း၊ တာချီလိတ်မြို့ ရှမ်း၊ လားဟူ၊ အာခါယဉ်ကျေးမှု အဖွဲ့များအတွက် ငွေကျပ် ၁၀သိန်းစီ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

◆ **ရှေ့ဖုံးမှ**

ပို့ဆောင်ကာ တပ်ဆင်ကူညီပေးနိုင်ခဲ့သလို ယခုအချိန်အထိ ခြေတုတပ်ဆင်သူ ၄၆၀၀ ခန့်ကို တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ကူညီသွားမည်

လက်နက်ကိုင် ပဋိပက္ခကြောင့် ခြေလက်အင်္ဂါ ချို့ယွင်းသူတွေကို ခြေတု၊ လက်တုများတပ်ဆင်ပေးနိုင်ရေး ဆက်လက်ကူညီသွားမည်ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံရှိ ကျေးလက်ကျန်းမာရေးလုပ်ငန်းများ၊ ကျေးလက်ကိုယ်ဝန်ဆောင်မိခင်များ၊ သားဖွားဆရာမများ၊ ဆေးရုံဆေးခန်းများ၊ အရေးပေါ်လူနာသယ်ယူပို့ဆောင်ရေးလုပ်ငန်းများစသည့် အကူအညီများကိုလည်း ICRC အနေဖြင့် အတတ်နိုင်ဆုံး အကူအညီများပေးလျက်ရှိသည်။

စီစဉ်ထား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ICRC ရုံးခွဲတစ်ခုကို လာမည့်ဖေဖော်ဝါရီလတွင် ဖွင့်လှစ်သွားရန် စီစဉ်ထားပြီး ကချင်ပြည်နယ်အတွင်း ဆေးရုံနှစ်ရုံကို ကူညီမှုများပြုလုပ်သွားမည်ဖြစ်သည်။ ထို့အတူ ယခုနှစ်အတွင်း အကူအညီပေးစောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှစ်ကြိမ်ပြုလုပ်ရန် စီစဉ်ထားသည်။ ထိုသို့လူမှုရေးဆိုင်ရာ အကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်က မြစ်ကြီးနားနှင့် ကျိုင်းတုံမြို့များတွင် ICRC က ပြုလုပ်ခဲ့သည်။

အကြောင်း ကြောင်းကြောင့် မိသားစုများ ကွဲကွာနေခြင်းများကို ပြန်လည် တွေ့ဆုံနိုင်ရန်လည်း ICRC က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ထဲရေး၊ ကျန်းမာရေးနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကာ အကူအညီပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ICRC အနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ဆဲ ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သလို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအသစ်များကိုလည်း ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် (၄၁)စင်းမြောက်ဖွင့်လှစ်သော ကျောက်ကြီးတံတားဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ ပဲနွယ်ကုန်း-ကျောက်ကြီး - သံဘိုလမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် (၄၁) စင်းမြောက်ဖွင့်လှစ်သော ကျောက်ကြီးတံတား **(အောက်ပုံ)**ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တံတားဆောက်လုပ်ရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကျောက်ကြီးတံတား မုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးညာဏ်ဝင်းက တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ကျောက်ကြီးတံတားကို ၃၀-၁-၂၀၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၅-၈-၂၀၁၃ရက်တွင် မော်တော်ယာဉ်များကို စတင်ဖြတ်သန်းခွင့်ပေးကာ ၁-၁၂-၂၀၁၃ ရက်တွင် လက်စသတ် တည်ဆောက်ပြီးစီးခဲ့သည်။

တံတားသည် ကျောက်ကြီးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီး-သန်ဘိုလမ်းပေါ်၌တည်ရှိပြီး တံတားအရှည်ပေ ၂၇၀၊ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိသည့် သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားကိုတည်ဆောက်ခဲ့ခြင်းဖြင့် စစ်တောင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာများ၊ တောင်ငူ၊ ရွှေကျင်ပြည်သူလူထုများသည် ကျောက်ကြီးတံတားကြီးကိုဖြတ်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် အလွယ်တကူ ဆက်သွယ်လျက် မြန်မာပြည်တစ်နံတစ်လျား ခရီးဆန့်သွားလာနိုင်တော့မည်ဖြစ်သည်။

ကျောက်ကြီးတံတား၏အရှည်ပေ ၂၇၀ တွင် ခန်းဖွင့်ပေ(၃၀×၅) ခန်း၊ ခန်းဖွင့် ပေ(၄၀×၃)ခန်း ဖြစ်သည်။ အုတ်မြစ်မှာ ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး ယာဉ်နှစ်လမ်းသွားအကျယ် ၂၄ ပေ၊ ရေလမ်းကင်းလွတ် အကျယ် ၃၅ပေရှိကာ ရေလမ်းကင်းလွတ် အမြင့်တစ်ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) ၃၆ တန် ဖြတ်သန်းခွင့်ပြုနိုင်သည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားကြီး၏ အမြင့်ကိုလည်း မြို့နေပြည်သူလူထု၏ တင်ပြတောင်းဆိုမှုအပေါ် တံတားအနီးလူနေအိမ်များ၏လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားလျက် တံတားကြီး၏ အမြင့်ကို အနိမ့်ဆုံး အမြင့်ရရှိအောင် Design ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်း ဒေသကြီးအတွင်း တည်ဆောက်ဆဲ တံတားများမှာ စစ်တောင်း မြစ်ကူးတံတား(၃)၊ မဒေါက်ကလေးတံတားနှင့် ထန်းပင်ကုန်းတံတားတို့ ဖြစ်သည်။ ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီးလမ်းပေါ်တွင် စစ်တောင်းမြစ်ကူးတံတားအမှတ်(၁)နှင့် ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်းပေါ်တွင် စစ်တောင်းတံတားအမှတ်(၂)တို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်ကြီးတံတားဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

အညာဒေသ ရေစကြိုမြို့နယ်၌ နွေစပါး ၃၈၂၄ ဧကစိုက်ပျိုးမည်

ရေစကြို ဇန်နဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် ပူပြင်းခြောက်သွေ့သော မိုးနည်းရေရှားဒေသဖြစ်သော်လည်း နိုင်ငံတော်မှ ဒေသဝမ်းစာဖူလုံရေး၊ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်တမံငါးခု၊ လျှပ်စစ်မြစ်ရေတင် ခုနစ်ခုကို တည်ဆောက်ပေးခဲ့သည့်အတွက် မိုးစပါးသာမက နွေစပါးကိုပါ စိုက်ပျိုးလာနိုင်သည့် မြို့နယ်တစ်မြို့နယ်ဖြစ်လာခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးစိုက်ပျိုးရေးအတွက် အစိုးရဆည်များဖြစ်သော ဆင်ချောင်းဆည်ရေဖြင့် ၄၅ ဧက၊ ငွေးချိုဆည်ရေဖြင့် ဧက ၆၀၊ မြေခဲတောင်ဆည်ရေဖြင့် ဧက ၄၀၊ ခင်မွန်ဆည်ရေဖြင့် ၂၅ ဧက စုစုပေါင်း ဧက ၁၇၀ ၊ လျှပ်စစ်မြစ်ရေတင်တွင် မင်းရွာမြစ်ရေတင်၌ ဧက၂၀၀၊ မအူမြစ်ရေတင်တွင် ဧက ၁၁၀၊ ရွှေချောင်းမြစ်ရေတင်တွင် ဧက ၃၁၀၊ ဝါယာသာစည်မြစ်ရေတင်တွင် ဧက ၂၅၀၊ ချစ်သူမြစ်ရေတင်တွင် ဧက ၄၀၀၊ သင့်သည်မြစ်ရေတင်တွင် ဧက၂၀၀၊ သမန္တပို့မြစ်ရေတင်တွင် ဧက ၇၀ စုစုပေါင်း ဧက ၁၅၄၀၊ ဆည်ငယ်၊ ကန်ငယ်ရေဖြင့်၁၂၅ ဧက၊ ရေစုပ်စက်ရေဖြင့် ဧက ၈၀၊ မြေအောက်ရေဖြင့် ၁၅၁၇ ဧက၊ ရေကျနောက်စိုက် ၃၉၂ ဧက စသည်ဖြင့် ရေရရှိရေးနည်းလမ်း ခြောက်သွယ်ဖြင့်စုစုပေါင်း ၃၈၂၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

▬ လျာထားစိုက်ပျိုးဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်(စိုက်၊တိုး၊မြှင့်)အဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဇုန်အလိုက်ကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံကာ ရေပေးဝေမည့်အစီအစဉ်၊ အချိန်မီပျိုးထောင်ရေး၊ ထွန်ယက်ပြုပြင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိ ▬

ယခုအခါ အဆိုပါ လျာထားစိုက်ပျိုးဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်(စိုက်၊ တိုး၊ မြှင့်)အဖွဲ့ဝင်များသည် သက်ဆိုင်ရာဇုန်အလိုက်ကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံကာ ရေပေးဝေမည့်အစီအစဉ်၊ အချိန်မီပျိုးထောင်ရေး၊ ထွန်ယက်ပြုပြင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း မျိုးကောင်းမျိုးသန့်စပါးမျိုးများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်-ရေစကြို

စားပွဲတင်တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အား/ကာသိပ္ပံ(ရန်ကုန်)နှင့် Horizon International School တို့ ပူးပေါင်း၍ (၆) ကြိမ်မြောက် (Horizon တံခွန်စိုက်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ် ၂၃၅ ရွှေခင်းသာမြို့ပတ်လမ်းရှိ(သန်လျင်တံတားအနီး) Horizon International School (Shukhinthar Campus)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် လက်ရွေးစင်အဆင့်ရှိသော အောင်ထွဋ်၊ အေးခိုင်၊ ဆုသူရသိန်း၊ မြင့်လှိုင်၊ ကျော်မြင့်ခိုင်၊ မျိုးမင်းထွန်း၊ ကြည်မင်းတို့သည် (1st Class)အဆင့်၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် အေးမြတ်သူ၊ နီလာဝင်း၊ သန့်သန့်အောင်၊ ခင်ကောင်းစံ(Khin Kaung San)၊ မာမာစိုး၊ စုစုခင်၊ မေဝင်းမောင်၊ စန္ဒာမိုးနှင့် စိုးမြမြအေးတို့ကလည်း (Open Age)အဆင့်၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈နာရီတွင် ယင်း Shukhinthar Campus ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျပ်သိန်း ၄၀ ကျော်ဖိုးခန့် ရွှေထည်လက်ဝတ်ရတနာများ ဖောက်ထွင်းခိုးယူသူ စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိ

ရွှေဘို ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကျပ်သိန်း ၄၀ ကျော်ဖိုးခန့် ရွှေထည်နှင့် လက်ဝတ်ရတနာများ ဖောက်ထွင်းခိုးယူသူကို ဇန်နဝါရီ ၂၄ ရက်က သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်ငွေးနုအောင်သည် ဒီဇင်ဘာ ၃ ရက် နံနက်က ခင်ပွန်းဖြစ်သူမောင်းနှင်သော ကုန်ကားဖြင့် မန္တလေးသို့ လိုက်ပါသွားခဲ့ပြီး ညနေ ၆ နာရီခွဲခန့် အိမ်ပြန်ရောက်သည့်အခါ နေအိမ်အတွင်းရှိ ဗီရိုမှာပွင့်နေကာ ဗီရိုအတွင်းမှ ရွှေထည်လက်ဝတ်ရတနာများထည့်ထားသည့် သံသေတ္တာငယ်ပျောက်ဆုံးနေသဖြင့် ရွှေဘိုမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားသော အမှုဖြစ်သည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းလှိုင်၏ညွှန်ကြားမှု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်း၏ ကြီးကြပ်မှုတို့နှင့်အတူ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ဇော်အောင်ထွန်းနှင့်အဖွဲ့၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေယုမောင်၊ ရဲတပ်ကြပ်လှဝင်း၊ ရဲတပ်ကြပ်အောင်ဇော်လင်းတို့အဖွဲ့က မသင်္ကာသူများကို စုံစမ်းထောက်လှမ်းဖော်ထုတ်မှုဆောင်ရွက်သည့်အခါ ရွှေဘိုမြို့နယ် အမှတ်(၁၀)ထူထောင်ရေးရပ်နေ ကျော်မင်းအောင်(၁၈ နှစ်)ကို ဖမ်းဆီးနိုင်ခဲ့ပြီး ရွှေဘိုမြို့နယ်ရှိ နေရာအသီးသီးတွင် ၎င်းပေါင်နှံရောင်းချထားရှိသော ရွှေဆွဲကြိုးတစ်ကျပ်သားနှင့် ဆွဲသီးတွဲလျက်တစ်ကုံး၊ ကျောက်စိမ်းဆွဲသီးတစ်ခု၊ ကျောက်ပြာဆွဲသီးတစ်ခု၊ ကျောက်ပြာရွှေလက်စွပ်သုံးကွင်း၊ ကျောက်စိမ်းရွှေလက်စွပ်တစ်ကွင်း၊ ရွှေနားကပ်အပြာခြယ်တစ်ရန်၊ ကျောက်စိမ်းနားကပ် တစ်ရန်၊ ကျောက်နီအသေးတစ်ထုပ်၊ ကျောက်စိမ်းအသေးတစ်ထုပ်တို့ကိုပါ ပြန်လည်သိမ်းဆည်းရမိသည့်အတွက် ပြစ်မှုကျူးလွန်သူ ကျော်မင်းအောင်ကို ရွှေဘိုမြို့မရဲစခန်းက အရေးယူကာ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောင်ဘုန်းညို(ရွှေဘို)

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ခန်းလောင်းရပ်၊ စံပယ်လမ်း(ကံ့ကော်လမ်းနှင့် ယုဇနလမ်းကြား)၊ အကွက်အမှတ် ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀ မြေကွက်ပေါ်ရှိ (Gold Garden)ဟိုတယ်သည် ကျွန်တော် ဦးစိုးကျော်နိုင် HLG-၀၂၃၀၁၁မှ မူလအမည်ပေါက်ပိုင်ရှင်၏ အစဉ်အဆက် တရားဝင်စာချုပ်စာတမ်းများအရ ကျွန်တော်တစ်ဦးတည်းမှတရားဝင်ဝယ်ယူပိုင်ဆိုင်ထားခြင်းဖြစ်ပါသည်။ ကျွန်တော်၏အမည်ပေါက်ဖြင့် လက်ရှိလုပ်ငန်းလုပ်ကိုင်နေသော ကျွန်တော်ပိုင် (Gold Garden) ဟိုတယ်နှင့်ပတ်သက်၍ ကျွန်တော်၏ လုပ်ငန်းနှင့်ပိုင်ဆိုင်မှုများကိုနစ်နာဆုံးရှုံးစေရန်အကြံအစည်ဖြင့် တစ်နည်းနည်းဖြင့် ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေဘောင်အတွင်းမှ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးကျော်နိုင်
Gold Garden ဟိုတယ်ပိုင်ရှင်
ဖုန်း-၀၉-၇၃၂၃၈၈၀၁၊ ၀၉-၄၂၂၂၀၆၀၃၂

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက၊ ပထမတန်း(A)တွင် ပညာသင်ကြားနေသော မောင်ထက်မြက်ထူးအား မောင်သာလင်းထူးဟု ပြောင်းလဲခေါ်တွင်ပါရန်။

အမှတ်(၁)၊ (၃)၊ (၅)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဆောက်လုပ်ဆဲကန်ထရိုက်တိုက် အဆောက်အအုံနှင့်ပတ်သက်၍

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀J²၊ မြေကွက်အမှတ် V ၁၉၊ ၂၀ နှင့် ၂၀A၊ ဧရိယာ ၀ ဒသမ ၀၆၁ဧကအကျယ်ရှိ နှစ် ၉၀ ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်၏အမှုသည် ဒေါ်ကေသွယ်ခိုင် ၉/ပကခ(နိုင်)၀၀၈၄၄၂အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ပေါ်ရှိ D.B အဆောက်အအုံဟောင်းနေရာတွင် လေးခန်းတွဲ ခြောက်ထပ်ကန်ထရိုက်တိုက်သစ်တစ်လုံး ဆောက်လုပ်လိုကြောင်း ကန်ထရိုက်တာများဖြစ်ကြသော ဦးလှမြင့် L.C ၂၆၃ (ဇင်ကိုထက်ဆောက်လုပ်ရေး)နှင့် ဦးမိုးကျော်(ခ)ဦးဘကြူးတို့မှ ဒေါ်ကေသွယ်ခိုင်ထံသို့ ကမ်းလှမ်းခဲ့၍ ကန်ထရိုက်တိုက်ဆောက်လုပ်ခွင့်ပေးအပ်ခဲ့ပါသည်။

သို့ရာတွင် ကန်ထရိုက်တာများသည် ဒေါ်ကေသွယ်ခိုင်နှင့် ချုပ်ခဲ့သော ၃၀-၁၂-၂၀၁၁ ရက်စွဲပါ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းသဘောတူကတိစာချုပ်ပါ ကတိပြုချက်များအား အကြိမ်ကြိမ်ချိုးဖောက်ပျက်ကွက်ခဲ့သည့်အပြင် သက်ဆိုင်ရာအစိုးရဌာနများတွင် ဒေါ်ကေသွယ်ခိုင်၏ လက်မှတ်များကို အတုပြုလုပ်ရေးထိုးခဲ့ခြင်း၊ ဒေါ်ကေသွယ်ခိုင်၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါ တိုက်ခန်းများအား ကြိုတင်၍ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ယာ/အုံ)ဌာန၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခဲ့ခြင်း၊ ၎င်းဆောက်လုပ်ဆဲအဆောက်အအုံအား (ယာ/အုံ)ဌာနမှ ပြန်လည်ဖျက်သိမ်းရန် ညွှန်ကြားထားပြီးဖြစ်ခြင်းတို့ကြောင့် ၃၀-၁၂-၂၀၁၁ရက်စွဲပါ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းဆိုင်ရာ ကတိစာချုပ်ကို ပြန်လည်ဖျက်သိမ်းလျက် အဆိုပါမြေကွက်နှင့်တကွ ၎င်းနှင့်ပတ်သက်ဆက်နွှယ်သော အခွင့်အရေးမှန်သမျှကို ပြန်လည်ရယူရန်အတွက် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၎င်းအပြင် အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုမှန်သမျှသည်လည်း ၎င်းကန်ထရိုက်တာများနှင့် ပတ်သက်ဆက်နွှယ်မှုလုံးဝမရှိခဲ့ဘဲ ဒေါ်ကေသွယ်ခိုင်သည်သာလျှင် အဆိုပါမြေကွက်၏ တစ်ဦးတည်းသော ပိုင်ရှင်ဖြစ်ပါသည်။

အထက်ပါအကြောင်းများကြောင့် ကန်ထရိုက်တိုက်ဆောက်လုပ်နိုင်ရန် ဒေါ်ကေသွယ်ခိုင်မှ ဦးလှမြင့်ထံသို့ ပေးအပ်ထားသည့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂/၂၀၁၂ အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် အဆိုပါဆောက်လုပ်ဆဲ ကန်ထရိုက်တိုက်ခန်းများကို ၎င်းကန်ထရိုက်တာများထံမှ ဝယ်ယူအပေါင်ခံထားသူများအနေဖြင့် ၎င်းတို့နှင့် ဆက်လက်ဖြေရှင်းကြရန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ်၅၆၁၊ M.A.C Tower၊ အခန်း၁၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3c/7124၊ Nissan Diesel, Tractor Head ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဆင့် ၁၂/ဥကတ(နိုင်)၁၃၅၂၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့

ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော် ကိုရဲမွန်အောင် ၁၂/လသယ (နိုင်)၀၆၉၀၆၃ ၏ တိုက်ခန်းအမှတ် C/903(A) အား တော်ဝင်မိသားစုကုမ္ပဏီမှ ထုတ်ပေးသော တိုက်ခန်းရောင်းချခြင်း အရစ်ကျငွေသွင်းစာချုပ်မူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက နှစ်ပတ်အတွင်း အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ကိုရဲမွန်အောင်**

ဖုန်း-၀၉-၇၃၁၃၆၄၃၇

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၀၈၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြို့သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ပျောက်ဆုံးကြောင်း

ဦးစိုးသီဟ၏သား ဦးစိုးနေထက်လင်း ၉/အမစ(နိုင်)၀၃၂၄၄၀၏ Passport No. M-119917 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆုံးအကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၀၄၂၂၁၂

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြိတ်မြို့၌ သစ်ခွပန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးထုတ်လုပ်မှုနည်းပညာဆွေးနွေး

မြိတ် ဇန်နဝါရီ ၂၅

မြိတ်မြို့၌ သစ်ခွပန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲက မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက တစ်ဦးချင်းမိတ်ဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံမှ အဖွဲ့ခေါင်းဆောင် Mr. Nikom က ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံမှ သစ်ခွပန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များက သစ်ခွပန်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးကဏ္ဍနှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုကဏ္ဍများကို ရှင်းလင်းပြောကြားပြီး မြိတ်ဒေသစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြိတ်ဒေသ စိုက်ပျိုးရေးလုပ်ငန်းရှင်များက ဒေသနှင့် ကိုက်ညီသည့် သစ်ခွပန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး ထုတ်လုပ်မှု နည်းပညာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အားကစားဝါသနာရှင်များ တွေ့ဆုံပွဲ ကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် လက်ရွေးစင်ကစားသမားများ၊ မျိုးဆက်သစ်အားကစား လူငယ်များ၊ အားကစားကို စိတ်ပါဝင်စားစွာအားပေးနေသည့် အားကစားဝါသနာရှင်များ၏ တွေ့ဆုံပွဲကို စစ်ကိုင်းမြို့ ကားကြီးကွင်းမြောက်ဘက်ရှိ ငြိမ်းသီရိဟိုတယ်၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ ရှေးဦးစွာ သီရိပျံ့ချီ ဦးခင်မောင်မြင့် (ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဆောက်လုပ်ရေး ဝန်ကြီးဌာန)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်ကျော်၊ စစ်ကိုင်းမြို့နယ် ပြေးခုန်ပစ်ကော်မတီဥက္ကဋ္ဌ တွေ့ဆုံပွဲဖြစ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးတင်ထွန်း (ငြိမ်းသီရိဟိုတယ်)၊ သမာဓိသစ်စက်ပိုင်ရှင်၊ အားကစားပညာရှင်လက်ရွေးစင်ဟောင်း ဦးမင်းဟန်တို့က မြို့မိမြို့ဖများ ပူးပေါင်းပါဝင်ကူညီ လေ့ကျင့်လှုပ်ရှားဆောင်ရွက်မှုဖြင့် အားကစားလုပ်ငန်း တိုးတက်အောင်မြင်ရေးနှင့် အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ဆောင်ပုဒ်ကို လိုက်နာ၍ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် အားကစားမောင်မယ်များ၊ အားကစားလောကကို ချစ်ကြည်ရင်းနှီးစွာဖြင့် အလားအလာရှိသော အားကစားသမားများ ပေါ်ထွန်းနိုင်ရေး တို့ကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

နောင်ချိုမြို့နယ်မှာ ခေတ်မီမီးသတ်ယာဉ် လိုအပ်နေ

နောင်ချို ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် မြို့ရွာ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် လူဦးရေ၊ အဆောက်အအုံ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှာလည်း နောင်ချိုမြို့နယ်အတွင်း ဖြတ်၍ သွယ်တန်းထားသောကြောင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ မီးလောင်ဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့ အရန်မီးသတ် တပ်ဖွဲ့ဝင်များ အမြဲလေ့ကျင့်လျက်ရှိသည်။ သို့ရာတွင် မီးသတ်ယာဉ်/စက်ယန္တရားများ လုံလောက်မှု မရှိသည့်အပြင် လက်ရှိ မီးသတ်ယာဉ်မှာ သက်တမ်းကြာမြင့်နေသော ယာဉ်ဖြစ်သည်။

နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ယခုနှစ် နွေရာသီကာလအတွက် ခေတ်မီ မီးသတ်ယာဉ်တစ်စီးကို မြို့နေပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

(ဗမာ)

နွားထိုးကြီးဒေသထွက် အင်ကြင်းကျောက် ခိုးတူးမှုရှိနေဆဲ

နွားထိုးကြီး ဇန်နဝါရီ ၂၅

နွားထိုးကြီးဒေသထွက် အင်ကြင်းကျောက်မှာ တရုတ်နှစ်သစ်ကူးကြောင့် မူဆယ်-ကြယ်ဂေါင်တွင် အရောင်းအဝယ်ပါးနေသော်လည်း အင်ကြင်းကျောက်ကိုမူ ဆက်လက်တင်ပို့နေကြောင်း အင်ကြင်းကျောက်ကုမ္ပဏီများထံမှ သိရသည်။

ဆူးထောက်၍ရှာဖွေ

ဒေသတွင်းအင်ကြင်းကျောက်ကို ဆူးထောက်၍ ရှာဖွေနေသော နည်းပညာကြောင့် နွားထိုးကြီးမြို့ပေါ်၌ ၁၀တောင်၊ ၁၅ တောင်ရှည် သံချောင်းဆူးများကို တွင်သံဂဟေဆိုင်များတွင် ပြုလုပ်နေဆဲ၊ မှာယူနေဆဲ တွေ့ရသည်။

လယ်ယာမြေပေါ် အင်ကြင်းကျောက်တူးဖော်မှုကို ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်၏ညွှန်ကြားမှုဖြင့် ပိတ်ပင်နေသော်လည်း ဒေသခံများက လိုက်နာမှုမရှိဘဲ ခိုးတူးနေကြကြောင်း အင်ကြင်းကျောက်တူးဖော်သူတို့က ဆိုသည်။ ကျေးရွာငါးရွာတွင် ကျောက်တူးသူ ထောင်ချီရှိသည်ဟု သိရသည်။

အင်ကြင်းကျောက်ကုမ္ပဏီများပေါ်လာ၍ လိုင်းကြေးပေးရမှု ပျောက်သလို ကယ်ရီကြေးတင်ပို့မှုမှာလည်း တရားဝင်တင်ပို့မှုကြောင့် ကယ်ရီကြေးမရှိတော့ဟုဆိုသော်လည်း တူးဖော်ကြေးပေး၍ ကျောက်တူးနေကြကြောင်း သိရသည်။

ဌေးမြင့်မောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L.16-၅၈၊ မြေကွက်အမှတ် ၈၇၈၊ အကျယ်ပေ(၄၀×၆၀)၊ မြေအမျိုးအစား ပါမစ်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၅၈ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၇၈ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးပြည့်စုံ(ဖိုးလမင်း) ၁၂/မရက(နိုင်)၀၆၉၉၄၅ အမည်ဖြင့် ချထားပေးလျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဦးကျော်မင်းသန်း ၅/မရန(နိုင်)၀၀၉၅၀၀ က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၉)တွင်ပါရှိသော ငြင်းချက်ထုတ်ရန်သမ္မန်စာတွင် ဗိုလ်မှူးကျော်သူလှိုင် (၎င်း၏ တရားဝင်ကိုယ်စားလှယ် ဦးချစ်ထွေး)အစား ဗိုလ်မှူးကျော်သူလှိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးချစ်ထွေး)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရောင်းမည်

လက်ရှိ အသုံးပြုနေသော ဂျပန်နိုင်ငံလုပ် 500 M.T **ဆံ့ ဆီသယ်ရေယာဉ်** (Tanker) **(၁ စီး)**
14' Canter **အအေးခန်းကားအသစ်(၁ စီး)**
23' **နီဆန်း** UD **(ခြောက်ဘီး)အအေးခန်း ကားအသစ်(၁ စီး)**
ရောင်းရန်ရှိသည်။ ဖုန်း-၀၉-၄၉၆၀၆၄၄၆၊ ၀၉-၄၀၁၅၇၈၃၇၉

ကျောက်ပန်းတောင်း၌ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၅

၂၀၁၃ ခုနှစ် မိုးရာသီသီးနှံများ အချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲများမှ စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးပေးခဲ့ပြီး ယခုသီးနှံပေါ်ရာသီတွင် အဆိုပါ ချေးငွေများကို တောင်သူများထံမှ ပြန်လည်ကောက်ခံနေပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ တောင်သူများလာရောက်၍ ချေးငွေများ တာဝန်ကျေပြန်လည်ပေးဆပ်နေကြပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၉၃ အုပ်စုရှိ တောင်သူပေါင်း ၁၈၀၀၀ ကျော်တို့ကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၂၅၆၁၅ သိန်း ထုတ်ချေးပေးခဲ့ပြီး အဆိုပါ ချေးငွေများကို ဇန်နဝါရီ ၁ ရက်မှစ၍ ပြန်လည်ကောက်ခံခဲ့ရာ တောင်သူများက တာဝန်ကျေပွန်စွာ အပြေအကျေပြန်လည်ပေးဆပ်လျက်ရှိကြသဖြင့် ဇန်နဝါရီ ၂၃ ရက်အထိ ငွေကျပ်သိန်းပေါင်း ၂၄၅၃၇ ဒသမ ၈ သိန်း၊ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၇၉ ရာခိုင်နှုန်းပြန်လည်ကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

နေအောင်

၅၀၀၀ ကျပ်တန်အတုများ နွားထိုးကြီး၌ ဖမ်းမိ

နွားထိုးကြီး ဇန်နဝါရီ ၂၅

နွားထိုးကြီး လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် သီးနှံချေးငွေပြန်ဆပ်ရာမှ ၅၀၀၀ ကျပ်တန်အတု အရွက် ၂၀ (ငွေကျပ်တစ်သိန်း)ကိုတွေ့ရှိ၍ နွားထိုးကြီး လယ်ယာဖွံ့ဖြိုးရေးဘဏ်က နွားထိုးကြီးရဲစခန်းသို့ လွှဲပြောင်းပေးလိုက်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဟန်ညွန့်က ပြောပြသည်။

ဇန်နဝါရီ ၂၁ ရက်က ခက်လန်းရွာမှ ဦးဆန်းထွန်းက လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရာမှ ဘဏ်ခွဲက အတုတွေ့ခြင်းဖြစ်သည်။ ငွေကျပ် ၅၀၀၀ တန်အတုမှာ အစစ်ကဲ့သို့ အရောင်တူ၊ ရေစာတူသော်လည်း စက္ကူအရွက်မှာ အစစ်ထက် အတုက ချောနေသည်ဆို၏။ လုံခြုံရေးကြီးမှူးဟု ဘဏ်ခွဲမန်နေဂျာက ဆက်ပြောသည်။ နွားထိုးကြီးမြို့မ စခန်းမှူး ဒုတိယရဲမှူးအေးမြင့်က ရှာဖွေပုံစံနှင့် ငွေစက္ကူအတုကိုသိမ်းပြီး ရဲ CID သို့ လွှဲထားကြောင်း၊ လောလောဆယ်စုံစမ်းဆဲဖြစ်၍ အမှုမဖွင့်သေးဟု ပြောကြားသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၄၅၀၀-၆၂၅၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၄၀၀၀-၆၂၄၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၉-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၇၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၅.၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၁၅-၃၃၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၃၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၁၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၁၂၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၈၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၆၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၂၅-၆၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၂၀၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၇၀-၁၀၉၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၆၅၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၈၀၀
၁၂။ သကြား	တစ်ပိဿာ	၈၈၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၂ ခုနှစ်အတွင်းထုတ် စာအုပ်များအနက်မှ ဒေါက်တာချစ်(ထပ်ဆင့်အမျိုးသားစာပေဆုရ) ရေးသားပြီး သစ္စာစာပေမှ ထုတ်ဝေသည့် သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင်လုပ်ကြစို့ စာအုပ်၊ မောင်မောင်ထွန်းအောင် (ကျန်းမာရေး)ရေးသားပြီး ဟိန်းထက်စာပေတိုက်မှထုတ်ဝေသည့် ဦးနှောက်နှင့်စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာ ဉာဏ်လင်းကျော်နှင့် တွေ့ဆုံစကားပြောခြင်း(သို့မဟုတ်) သက်ကြီးရွယ်အိုနှင့် စိတ်ကျန်းမာရေးပြဿနာ စာအုပ်၊ ကောင်းဆက်နိုင်ရေးသားပြီး ပြည်သူ့ခေတ်စာပေမှ ထုတ်ဝေသည့် အံ့ဩလွန်းလို့ သေတော့မယ် စာအုပ်နှင့် Dr. Khin Maung Nyunt ရေးသားပြီး Unity စာပေတိုက်မှ ထုတ်ဝေသည့် Myanmar Superlatives စာအုပ်တို့ဖြစ်ကြသည်။

ယခုနှစ်တွင် ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုအဖြစ် စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)အား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်း-၀၁-၅၃၆၄၄၄ နှင့် ၀၉-၅၁၁၇၆၈၃ တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိအောက်ဖော်ပြပါ တက္ကသိုလ်များတွင် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	နည်းပညာတက္ကသိုလ် (မုံရွာ)	သံပန်းတံခါးပြုလုပ်ခြင်း
(ခ)	နည်းပညာတက္ကသိုလ် (မော်ဘီ)	ပုပ္ပါးဆောင်အမိုးပြုပြင်ခြင်း
(ဂ)	နည်းပညာတက္ကသိုလ် (မြိတ်)	(၁)လုံခြုံမှုလိုအပ်သော ပြတင်းများနှင့်တံခါးများတွင် သံပန်းများတပ်ဆင်ခြင်း (၂)ပင်မသုံးထပ်ဆောင်၏ပျက်စီးနေသောအပိုင်းများပြန်လည် ပြင်ဆင်ခြင်း
(ဃ)	အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)	အမိုးနှင့်မျက်နှာကြက်ပြုပြင်ခြင်း
(င)	အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)	တံတားပြိုကျပျက်စီးမှုပြုပြင်ခြင်း
(စ)	အစိုးရနည်းပညာအထက်တန်းကျောင်း(မင်းတပ်)	ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးရေမြောင်းပြုပြင်ခြင်း
(ဆ)	အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်)	စာသင်ကျောင်းများဆေးသုတ်ခြင်းလုပ်ငန်း
(ဇ)	ကွန်ပျူတာတက္ကသိုလ် (မအူပင်)	နှစ်ထပ်စာသင်ဆောင်အမှတ် (၁)နှင့် အမှတ်(၂)အကြား လျှောက်လမ်းအမိုးပြုပြင်ခြင်းလုပ်ငန်း
(ဈ)	ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)	ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(Chain Link) ဖြင့်သံပန်းစည်းရိုးကာရံခြင်းလုပ်ငန်း
(ည)	ကွန်ပျူတာတက္ကသိုလ် (သထုံ)	ပင်မသုံးထပ်အဆောင်အပေါ်ထပ်ရှိ ဘွဲ့နှင်းသဘင်လေကာမှန်များပြန်လည် တပ်ဆင်ခြင်းလုပ်ငန်း၊ ကျောင်းဆင်းဝင် မျက်နှာကြက်များပြန်လည်တပ်ဆင်ခြင်း၊ တတိယထပ်အခန်းအားလုံး မိုးယိုခြင်းအားပြုပြင်ခြင်း
(ဋ)	ကွန်ပျူတာတက္ကသိုလ် (ဘားအံ)	ဘွဲ့နှင်းသဘင်ခန်းမအတွင်း မျက်နှာကြက်ပြားများနှင့် ခေါင်မိုးပြုပြင်ခြင်း
(ဌ)	ကွန်ပျူတာတက္ကသိုလ် (ပြည်)	(၁) မျက်နှာကြက်တပ်ဆင်ခြင်း (၂) ကျောင်း Main Road ခင်းခြင်းလုပ်ငန်း (၃) ခြံစည်းရိုးကာရံခြင်း
(ဍ)	ကွန်ပျူတာတက္ကသိုလ် (ကလေး)	ပင်မသုံးထပ်ဆောင်နှင့် ရှမဝဆောင်တွင် ရေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း
(ဎ)	ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)	(၁) ပင်မသုံးထပ်စာသင်ဆောင်သစ် ခြံဝင်းခတ်ခြင်း(Chain Link)ဖြင့် သံပန်းစည်းရိုးကာရံခြင်းလုပ်ငန်း၊ (၂) ဌာနခန်းမများ၊ Lab ခန်းများနှင့် စာသင်ခန်းများပြင်ဆင်ဖွဲ့စည်းခြင်း
(ဏ)	ကွန်ပျူတာတက္ကသိုလ် (လားရှိုး)	ကျောင်းရှေ့ဂိတ်ဝင်းတံခါးနှင့် Chain Link ဖြင့်ခြံစည်းရိုးပြုလုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့သို့ စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်တွင်အသုံးပြုရန် Server and Accessories with UPS တစ်လုံးကို ဂိုဒေါင်ရောက်တန်ဖိုး(DDP ရန်ကုန်၊ အလုံစတို)မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသည်။

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၇-၁-၂၀၁၄ ရက်မှ ၃၀-၁-၂၀၁၄ ရက်အထိ ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၇-၂-၂၀၁၄ ရက် ၉း၃၀ နာရီမှ ၁၀း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇-၄၃၀၃၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လှိုင်းဘွဲ့မြို့နယ်၊ မြို့မဘုန်းကြီးကျောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း
(ခ) မြဝတီမြို့နယ်၊ မယ်ထော်သလေးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း
(ဂ) မြဝတီမြို့နယ်၊ ဝေါလေမြိုင်မြို့နယ်ခွဲ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၁-၂၀၁၄ ရက်

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၄-၂-၂၀၁၄ ရက် ၁၂း၀၀နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၄-၂-၂၀၁၄ ရက် ၁၃း၀၀နာရီ

၆။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့နယ်ရုံး၊ ဖုန်း-၀၅၈-၂၂၅၀၂သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ။)
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ် တစ်ဦးက ဦးဆောင်သည့် ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကိုဆိုသည်။"

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသော "လွှတ်တော်ရုံး"ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုလွှတ်တော်ရုံး"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) ၏ နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ (ဇ) နှင့် (ဈ) အဖြစ် ဖြည့်စွက်ရမည် -

"(ဇ) **ပူးပေါင်းကော်မတီ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သည့် ကော်မတီကို ဆိုသည်။

(ဈ) **လွှတ်တော်အဖွဲ့အစည်းများ**ဆိုသည်မှာ ပုဒ်မ ၇-က နှင့် ၇-ခ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် **"လွှတ်တော်အဖွဲ့အစည်းများ"** ဆိုသည့် ခေါင်းစီးစကားရပ်နှင့် အောက်ပါပုဒ်မများကို ပုဒ်မ ၇-က၊ ပုဒ်မ ၇-ခ၊ ပုဒ်မ ၇-ဂ၊ ပုဒ်မ ၇-ဃ နှင့် ပုဒ်မ ၇-င တို့အဖြစ် ဖြည့်စွက်ရမည် -

"လွှတ်တော်အဖွဲ့အစည်းများ

၇-က။ နာယကသည် လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီနှင့်ပြည်သူ့ငွေစာရင်းကော်မတီများကို ပူးပေါင်းလျက် အောက်ပါလွှတ်တော်ကော်မတီများကို ဖွဲ့စည်းရမည်-

(က) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၇-ခ ။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ဦးရေတူညီစွာ ပါဝင်သည့် လိုအပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏ အမည်၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၇-ဂ ။ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည် နိုင်ငံသားများဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်။

၇-ဃ။ လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး သက်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို တာဝန်ခံဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အချက်အလက်များကို တင်ပြစေခြင်း ပြုနိုင်သည်။

၇-င ။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် နာယကကို တာဝန်ခံရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ(ဃ) ၏ နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ(င)၊ (စ) နှင့် (ဆ) တို့အဖြစ် ဖြည့်စွက်ရမည် -

"(င)နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း၊"

(ခ) ပုဒ်မ ၈၊ မူလ ပုဒ်မခွဲ (င) ကို ပုဒ်မခွဲ (ဇ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ(ခ) ၌ ပါရှိသော "မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း"ဆိုသည့် စကားရပ်ကို "မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့်အချက်အလက်များ ရယူခြင်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဃ) အဖြစ် ဖြည့်စွက်ရမည်-

"(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် နာယက၏ သဘောတူညီချက်ဖြင့်ပြည်သူများကိုဖိတ်ကြားခြင်း။"

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (စ) အဖြစ် ဖြည့်စွက်ရမည် -

"(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။"

၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ခ)ကိုပယ်ဖျက်ရမည်။

၁၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ပုံမှန်အစည်းအဝေးများ

၁၂။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့် နေ့ရက်မှ ၁၅ရက်အတွင်းကျင်းပရမည်။ အမျိုးသားလွှတ်တော်သည်လည်း အဆိုပါကာလအတွင်း စတင်ကျင်းပပြီးဖြစ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးများကို နာယကက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို နာယကက စီစဉ်ဆောင်ရွက်ရမည်။"

၁၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမ ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုလွှာ ထုတ်ပေးထားခြင်း ရှိ မရှိကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ မရှိကိုလည်းကောင်း စိစစ်အတည်ပြုရမည်။

(ဂ) နာယကသည် သက်ဆိုင်ရာလွှတ်တော်များ၏ ပထမ ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်အခွင့်အရေးကော်မတီများ ဖွဲ့စည်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို ယင်းလွှတ်တော်အခွင့်အရေး ကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ် စိစစ်အတည်ပြုရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီသို့ မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲအပ်ရမည်။"

၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၂။ (ဃ) နာယကသည် လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ရယူရာ၌ စက်ခလုတ်အသုံးပြု၍လျှို့ဝှက်စွာဆန္ဒပြုသည့် နည်းလမ်းဖြင့် သော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်အသုံးပြု၍လျှို့ဝှက်စွာဆန္ဒမဲပေးသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့်အခြား နည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။"

၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြား နိုင်ငံရေးပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့တွင် တင်ပြ ဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တင်ပြခွင့်

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်က ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ ယင်းကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ဂ) လွှတ်တော်ကော်မတီများက မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့်သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ထိုသို့ ပြီးစီးခြင်းမရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။

(ဃ) ကော်မတီများက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားခွင့်ရှိသည်။

၂၇။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့်ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၂၉။ ပုဒ်မ ၂၅ နှင့် ၂၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည်လွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။"

၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ကိုပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၄၃-က အဖြစ် ဖြည့်စွက်ရမည် -

"၄၃-က။ လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီအား လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ လွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။"

၁၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၏ နောက်တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည် -

"(ဂ) လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုလည်းကောင်း နာယကသည် နိုင်ငံတော်သမ္မတထံ ပေးပို့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၁၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

(ခ) လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သော ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုံးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် လွှတ်တော်သို့ တင်ပြရမည်။"

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃ ၏ နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မ ၈၃-က အဖြစ် ဖြည့်စွက်ရမည် -

"၈၃-က။ နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက်ခွဲဝေသတ်မှတ်သည့် နယ်မြေဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ သုံးစွဲခွင့်ရှိသည်။"

၁၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၄ ၏ နောက်တွင် အောက်ပါပုဒ်မများကို ပုဒ်မ ၈၄-က၊ ၈၄-ခ နှင့် ၈၄-ဂ အဖြစ် ဖြည့်စွက်ရမည် -

"၈၄-က။ လွှတ်တော်၏ ဆောင်ရွက်ချက်နှင့်မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့်မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ ပြည်တွင်းပြည်ပလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။"

၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွှတ်တော်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင် -

(က) ဇယား ၁၊ အပိုဒ် ၇ ၏ နောက်တွင် အောက်ပါအပိုဒ်များကို အပိုဒ် ၈၊ ၉၊ ၁၀၊ ၁၁ အဖြစ် ဖြည့်စွက်ရမည် -

"၈။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များဆိုင်ရာကိစ္စ၊

၉။ အခွန်အကောက်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

၁၀။ သဘာဝစွမ်းအင်များ၊ သယံဇာတပစ္စည်းများ ထုတ်ဖော်မှုနှင့် သက်ဆိုင်သည့်ကိစ္စ၊

၁၁။ လျှပ်စစ်ဓာတ်အား စီမံကိန်းကြီးများကိစ္စ။"

(ခ) ဇယား ၂၊ အပိုဒ် ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များနှင့်စပ်လျဉ်းသည့်ကိစ္စ။"

(ဂ) ဇယား ၂၊ အပိုဒ် ၁၃ နှင့် ၂၇ တို့ကို ပယ်ဖျက်ရမည်။

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

အိမ်ကွင်း၌ အနိုင်ရရန် ကြိုးစားမည့် အင်တာမီလန်

မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ် (၂၁)ကို ဇန်နဝါရီ ၂၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အင်တာမီလန်တို့ကတော့ ကာတာနီးယားကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပြီး ရိုးမားတို့ကတော့ ဗီရိုနာကွင်းမှာ သွားကစားရမှာမို့ပေါ့ဆလို့ မရပါဘူး၊ တန်းစီဇယားတတိယနေရာမှာရှိနေတဲ့ ဖီအိုရင်တီးနားတို့ကတော့ အိမ်ကွင်းမှာ ဂျီနိုအာကို ဧည့်ခံကစားရမှာ ဖြစ်လို့ ပွဲကောင်းတွေပါပဲ။

ဗီရိုနာနှင့် ရိုးမား

ဒီနှစ်ဘောလုံးရာသီမှာ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ ရိုးမားဟာခြေစွမ်း အကောင်းဆုံးပုံစံရရှိနေပါတယ်။ အိမ်ကွင်းအဝေးကွင်းတွေမှာ အနိုင်ရအောင်ကစားနိုင်ပြီး ဒီနှစ်ဘောလုံးရာသီမှာ အဝေးကွင်းတစ်ပွဲသာရှုံးထားတဲ့ ရိုးမားတို့ကို အိမ်ရှင်ဗီရိုနာတို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။

ဒါပေမယ့် ဗီရိုနာတို့ကလည်း အိမ်ကွင်းမှာ နိုင်ပွဲရအောင်ကစားနိုင်တဲ့ ခြေစွမ်းရှိတာမို့ ရိုးမားတို့အခက်အခဲကြားက ဗီရိုနာတို့ကို အနိုင်ရဖို့ ရုန်းကန်ရပါလိမ့်မယ်။

ဖီအိုရင်တီးနားနှင့် ဂျီနိုအာ

ဖီအိုရင်တီးနားတို့ကွင်းမှာ ဂျီနိုအာတို့ နိုင်ပွဲရဖို့ မလွယ်ပါဘူး။ ဖီအိုရင်တီးနားဟာ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းကိုးပွဲမှာ တစ်ပွဲသာရှုံးထားပြီး ရလဒ်ကောင်းအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ အဝေးကွင်းရှုံးပွဲများနေတဲ့ ဂျီနိုအာဟာ ဒီပွဲမှာ အမှတ်ရဖို့ မျှော်လင့်ချက်ထားလို့မရနိုင်တဲ့ပွဲပါ။

ကက်ဂလီယာရီနှင့် အေစီမီလန်

ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းတောက်လျှောက်ကျဆင်းနေတဲ့ အေစီမီလန်ဟာ ဒီပွဲမှာလည်း ရင်မောစရာကောင်းမယ့် အနေအထားရှိနေပါတယ်။ အိမ်ရှင်ကက်ဂလီယာရီတို့က ခြေစွမ်းကောင်းတဲ့အသင်းမဟုတ်ပေမယ့် အေစီမီလန်ကို ကောင်းကောင်းဖိအားပေးနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ကက်ဂလီယာရီရော အေစီမီလန်တို့ပါ အနိုင်ရလဒ်ကို အပြိုင်ပုံဖော်ပေမယ့် ဒီပွဲမှာ ပြတ်သားတဲ့ရလဒ်ထွက်ပေါ်ဖို့ မလွယ်ပါဘူး။

အင်တာမီလန်နှင့် ကာတာနီးယား

ရုန်းကန်နေရတဲ့ အင်တာမီလန်ဟာ ကာတာနီးယားကိုတော့ အနိုင်ကစားပါလိမ့်မယ်။ ဒါပေမယ့် အင်တာမီလန်တို့က ခြေစွမ်းကျဆင်းနေတာမို့ အိမ်ကွင်းဆိုပေမယ့် အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှ မျှော်လင့်ချက်ပြည့်ဝနိုင်မယ့်ပွဲပါ။

အာဆင်နယ် အက်ဖ်အေပဉ္စမအဆင့်တက်



အက်ဖ်အေဖလားပြိုင်ပွဲတွင် အာဆင်နယ်က ကိုဗင်ထရီကို လေးဂိုးဖြင့်နိုင်ပြီး ပဉ္စမအဆင့်သို့တက်ရောက်သွားသည်။ အာဆင်နယ်အတွက် ပိုဒေါ့စကီးက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဂီရောက်ဒ်နှင့် ကာဇိုလာတို့ကလည်း တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ အာဆင်နယ်အသင်းသည် ၂၀၀၅ ခုနှစ် နောက်ပိုင်း ဖလားတစ်လုံးမျှမရဘဲရှိခဲ့သည်။ သို့သော်လည်း ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားတို့ဆွတ်ခူးရန် အလားအလာကောင်းနေသည်။ ပရီမီယာလိဂ်တွင် မန်စီးတီးထက်တစ်မှတ်အသာရပြီး ထိပ်ဆုံးမှဦးဆောင်နေသည်။ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်နှင့် ကစားရမည်ဖြစ်သည်။

မာတာအား စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် မန်ယူခေါ်ယူ

စပိန်ကွင်းလယ်ကစားသမား မာတာအား စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၇ သန်းဖြင့် စာချုပ်ရန် ချယ်လ်ဆီးနှင့် သဘောတူလိုက်ပြီဖြစ်ကြောင်း မန်ယူက အတည်ပြုပြောကြားသည်။ အသက် ၂၅ နှစ်ရှိ ကွင်းလယ်ကစားသမား မာတာအား ကလပ်အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးနှင့် စာချုပ်ရန် သဘောတူလိုက်ခြင်းဖြစ်ကြောင်း မန်ယူက အတည်ပြုပြောကြားသည်။ ယခင် ၂၀၀၈ ခုနှစ်အတွင်းက ဘာဘာတော့ဗ်အား စပါးအသင်းမှ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၃၀ ဒသမ ၇၅ သန်းပေးပြီး ဈေးအများဆုံးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ မာတာသည် ၂၀၁၁ ခုနှစ်က ဗလင်စီယာအသင်းမှ ပေါင် ၂၃ ဒသမ ၅ သန်းဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ချယ်လ်ဆီးကလည်း မာတာစာချုပ်မှုကိုအတည်ပြုသည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန် အက်ဖ်အေဖလား			ဇန်နဝါရီ ၂၆
ရှက်ဖ်ဖီးယူနိုက်တက်	-	ဖူလ်ဟမ်	ည ၇း၃၀
ချယ်လ်ဆီး	-	စတုတ်	ည ၁၀း၀၀

အီတလီစီးရီးအေ ပွဲစဉ်-၂၁			ဇန်နဝါရီ ၂၆/၂၇
ဗီရိုနာ	-	ရိုးမား	ညနေ ၆း၀၀
တိုရီနို	-	အတ္တလန်တာ	ည ၈း၃၀
ဆမ်ဒိုးရီးယား	-	ဘိုလော့ဂ်နာ	ည ၈း၃၀
အင်တာမီလန်	-	ကာတာနီးယား	ည ၈း၃၀
ကက်ဂလီယာရီ	-	အေစီမီလန်	ည ၈း၃၀
လီဗော်နို	-	ဆက်ဆူအိုလို	ည ၈း၃၀
ပါးမား	-	အူဒီးနိစ်	ည ၈း၃၀
ဖီအိုရင်တီးနား	-	ဂျီနိုအာ	နံနက် ၂း၁၅

စပိန်လာလီဂါ ပွဲစဉ်-၂၁			ဇန်နဝါရီ ၂၆/၂၇
အယ်လ်မာရီးယား	-	ဂီတာဖေး	ည ၆း၃၀
အိုဆာဆူနာ	-	ဘီလ်ဘာအို	ည ၁၀း၃၀
ဗယ်လက်ကာနို	-	အက်သလက်တီကို	နံနက် ၀၀း၃၀
ဘာစီလိုနာ	-	မာလာဂါ	နံနက် ၂း၃၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၈			ဇန်နဝါရီ ၂၆
ဝါဒါဘရီမင်	-	ဘရန်းဇ်စ်ချိ	ည ၉း၀၀
ဟမ်းဘတ်	-	ရှော်လ်ကေး	ည ၁၁း၀၀

ပြင်သစ်လီဂူး ပွဲစဉ်-၂၂			ဇန်နဝါရီ ၂၆/၂၇
လိုင်ယွန်	-	အီဗီယန်	ည ၇း၃၀
ဘော်ဒိုး	-	စိန့်အက်တီယန်	ည ၁၀း၃၀
မိုနာကို	-	မာဆေး	နံနက် ၂း၃၀

တိုရီနို Vs အတ္တလန်တာ

ပွဲစဉ် ၂၀ အပြီးမှာ တိုရီနိုအသင်းက ရမှတ် ၂၉ မှတ်နဲ့ အဆင့်၇မှာရှိနေပြီး အတ္တလန်တာက ရမှတ် ၂၄မှတ်နဲ့ အဆင့် ၁၂ မှာ ရပ်တည်နေပါတယ်။ တိုရီနိုအသင်းက ဒီရာသီစီးရီးအေအိမ်ကွင်းမှာ ဂျူဗင်တပ်စ်ကို တစ်ပွဲသာရှုံးထားပြီး အတ္တလန်တာက အဝေးကွင်းရလဒ်ဆိုးတွေနဲ့ အရှုံးများပြီး တစ်ပွဲသာအနိုင်ရထားပါတယ်။ သူတို့နှစ်သင်းရဲ့ အိမ်ကွင်းအဝေးကွင်းရလဒ်တွေကိုကြည့်ရင် တိုရီနိုဟာ အိမ်ကွင်းမာကျောမှုရှိပြီး အတ္တလန်တာဟာ အဝေးကွင်းညံ့နေပါတယ်။ ဒီပွဲမှာလည်း အိမ်ရှင် တိုရီနိုတို့ အမှတ်ပြည့်ယူသွားနိုင်မှာပါ။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရွှေပါရမီပရိယတ္တိ သာသနာ့လင်္ကာရစာမေးပွဲ စာအောင်ဆုတံဆိပ်ချီးမြှင့်ခြင်း

သထုံ ဇန်နဝါရီ ၂၅

မွန်ပြည်နယ် သထုံမြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် ရွှေပါရမီပရိယတ္တိ သာသနာ့လင်္ကာရ စာမေးပွဲ စာအောင်ဆုတံဆိပ်ချီးမြှင့်သဘင်အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁နာရီက သထုံမြို့ ရွှေစာရံစေတီတော်သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။ **(အောက်ပုံ)**

စာမေးပွဲကျင်းပရေးကော်မတီ ဩဝါဒါစရိယ ရွှေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလသိရိက ဩဝါဒစကားမြွက်ကြားပြီး ရွှေပါရမီဓမ္မ စာပေ ပြန့်ပွားရေးဥက္ကဋ္ဌ ဦးရှိန်ဝင်းက စာမေးပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်စာမေးပွဲကျင်းပရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သိန်းက စာမေးပွဲကျင်းပရေး စီစဉ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ရွှေပါရမီတောရကျောင်းဆရာတော်အရှင်ဆန္ဒာဓိကက အဘက်ဘက်မှ ပူးပေါင်းပါဝင်ကူညီလှူဒါန်းခဲ့ကြသူများအား ကျေးဇူးတင်စကားပြောကြားကာ စာအောင်ဆုရ ရဟန်းသာမဏေ၊ သီလရှင်များအား ဆရာတော်နှင့် တာဝန်ရှိသူများက စာအောင်ဆုလက်မှတ်တော်များ ဆက်ကပ်ပေးကြသည်။

အဆိုပါစာမေးပွဲသို့ ရန်ကုန်၊ ပဲခူး၊ မကွေး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မွန်၊ ကရင်၊ ရှမ်း၊ ကချင်ပြည်နယ်တို့မှ ရဟန်းသာမဏေ၊ သီလရှင်အပါး ၁၂၂၀ ဝင်ရောက်ဖြေဆိုကြပြီး ၅၀၄ ပါး အောင်မြင်တော်မူကြကြောင်း သိရ သည်။

(ခရိုင် ပြန်/ဆက်)

စမြို့တော်ဓာတ်စေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲနှင့် ဂူဝဘုရားကြီး ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၅

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင် တည်ထားကိုးကွယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် စမြို့တော်ဓာတ် စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲနှင့် ဂူဝဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်(တပို့တွဲလပြည့်မှ လပြည့်ကျော် ၄ ရက်အထိ) ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဓာတ်စေတီနှင့် ဂူဝဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ပွဲတော်အစီအစဉ်တွင် စမြို့တော်ဓာတ်စေတီတော်မြတ်ကြီးအား ထီးတော်တင်လှူပူဇော်ခြင်း၊ သံဃဒါနဆွမ်းကျွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပျော်ပွဲ၊ ရွှင်ပွဲများအနေဖြင့် ရခိုင်ရိုးရာကျင်ပွဲ (အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း)၊ ချောတိုင်တက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ညပိုင်းတွင် ရတနာသန်းအောင် အဆင့်မြင့် ဇာတ်သဘင်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ဘူမိသိပ္ပံအမြင်နှင့် ဧရာဝတီသဘာဝဘေးအန္တရာယ်များအကြောင်း ဟောမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များပူးပေါင်း၍ ဘူမိသိပ္ပံအမြင်နှင့် ဧရာဝတီ သဘာဝဘေးအန္တရာယ်များ ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာပညာရပ်အသီးသီး၏ရှုထောင့်အမြင်မှ ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဦးညွန့်ငွေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံဘူမိဗေဒအသင်း)က ဧရာဝတီမြစ်ညာပိုင်း၏ ဘူမိဗေဒနှင့် သယံဇာတများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးစိုးသူရထွန်းနှင့် မြန်မာနိုင်ငံ ဘူမိဗေဒအသင်းမှ ပညာရှင်များဖြစ်ကြသော ဒေါက်တာမျိုးသန့်နှင့် ဦးတင့်လွင်ဆွေတို့က ဧရာဝတီမြစ်ညာပိုင်း၏ ငလျင်နှင့် ငလျင်အင်ဂျင်နီယာရှုထောင့် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးမောင်မောင်အေး(ဥက္ကဋ္ဌ မြန်မာနိုင်ငံပထဝီအသင်း တာဝန်ခံပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ်)က ဧရာဝတီမြစ်ကြောင်းနှင့်မြစ်ညာပိုင်း၏ ပထဝီဝင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာထွန်းလွင် ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)က ဧရာဝတီနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြမည်ဟု သိရသည်။

တက်ရောက်နိုင်

အဆိုပါ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီ၌ ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ရဲတပ်ဖွဲ့၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၅

စမ်းချောင်း မြို့မရဲစခန်းတွင် ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်သည် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ် အောင်မြင်စေရေးအတွက် စမ်းချောင်း မြို့နယ်ရှိ ရပ်ကွက် ၁၈ ရပ်ကွက်မှ မြို့မိမြို့ဖ ၃၅ဦးတို့နှင့်အတူ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက နိုင်ငံတော်လုံခြုံရေးတာဝန်များနှင့် မူခင်းကြိုတင်ကာကွယ်ရေး၊ မူခင်းကျဆင်းရေး၊ မူခင်းဖော်ထုတ်ရေးတို့ကို ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိရာတွင် မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းပေါင်းစပ်ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းရည်မြင့်မားစေရေးအတွက် EU (ဥရောပသမဂ္ဂအဖွဲ့)မှ သင်တန်းပို့ချပေးနေပါကြောင်း၊ ဆယ်အိမ်စုမှူးများအနေဖြင့်လည်း မိမိတို့အပိုင်းအလိုက် မသင်္ကာဖွယ်ရာများနှင့် ထူးခြားမှုများ တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ သတင်းပေးကူညီစေလိုပါကြောင်း စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့မိမြို့ဖများကလည်း တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး၊ မူခင်းဖော်ထုတ်ရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့နှင့် ပြည်သူများ ပူးပေါင်း ဆောင်ရွက်နိုင်မည့်အချက်များအား အကြံပြုတင်ပြ ဆွေးနွေးကြရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ တစ်လလျှင် စီကျီအို ၄၀၀၀၀၀ ဂါလန်ခန့် သယ်ပို့မည့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသည့် ရေကြောင်းလုပ်ငန်းရှင်၊ ဆီတွဲပိုင်ရှင်များသည် မိမိတို့သယ်ပို့ပေးနိုင်မည့် စီကျီအိုတစ်ဂါလန် သယ်ပို့ခနှုန်းထားအား အဆိုပြုတင်သွင်းနိုင်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များကို ၂၀-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာများကို ၄-၂-၂၀၁၄ ရက် ၁၂း၀၀ နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၄-၂-၂၀၁၄ရက် ၁၂း၀၀နာရီမှ ၁၂း၃၀နာရီ အတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအားဖွင့်ဖောက်၍ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၉၊၀၆၇-၄၁၁၀၉၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒီဇယ်ဆီဂါလန်(၅၀၀,၀၀၀)အား စီမံကိန်းအရောက်တန်ဖိုး D.D.P (atsite)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) အား ၃၀-၁-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသောကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး၊ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)အား ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၄ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ ရွေးချယ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ပိတ်သိမ်းပြီး ဝင်းသူဇာအရောင်းဆိုင်လက်ကျန်ပစ္စည်းများအား ရောင်းချရန် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ပိတ်သိမ်းပြီး ဝင်းသူဇာအရောင်းဆိုင်(သာကေတ)ရှိ ဝင်းသူဇာပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **တင်ဒါရောင်းချမည့်ရက်** - ၃၀-၁-၂၀၁၄ ရက်မှ ၁၃-၂-၂၀၁၄ ရက်အထိ
အချိန် - ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၂-၂၀၁၄ ရက် ညနေ ၁၅း၀၀ နာရီ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ**- စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
နှင့် တင်သွင်းရမည့်နေရာ ရုံးအမှတ်(၄၁)၊ နေပြည်တော်
၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၄၉ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
စက်ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် စက်ပစ္စည်း ခုနစ်မျိုးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁-၂၀၁၄ ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း) ဖုန်း-၆၄၂၅၅၉၊ ၆၅၁၇၂၁တို့တွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ တိုက် G4၊ ဝင်္ကပါလမ်း၊ ဗိုလ်ချိုရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးမြင့်သိန်း၏သမီး ကျွန်မ မအေးမြတ်မြင့်နှင့် မကွေးမြို့ အမှတ် စီ-၁၀+၃၆၊ တောင်တွင်းလမ်း၊ အောင်စေတနာရပ်ကွက်နေ ဦးဘသိန်း၏သား မောင်စိုးမင်းအောင် ၈/မကန(နိုင်)၁၁၉၀၉၉ တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၂-၁-၂၀၁၄ ရက်တွင် သက်ဆိုင်ရာအသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါကြောင်း။

မအေးမြတ်မြင့် ၈/မကန(နိုင်)၁၅၃၆၃၇

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

(ယမန်နေ့မှအဆက်)

၃။ မအူပင်မြို့နယ်တွင် CDMA-800 လိုင်းများ ပြတ်တောက်ခြင်းဖြစ်ပေါ်ပါက ဖြေရှင်းပေးနိုင်မည့် Complaint Center တစ်ခုထားရှိပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးအနေဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရေးနှင့် ပတ်သက်သည့် Complaint Center များကို ၁၀၆ Complaint Center မှ နေ့စဉ်လက်ခံ၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ပေးပို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး မန်နေဂျာရုံး၊ ပုသိမ်မြို့တွင် စက်မှုပိုင်းဆိုင်ရာ Complaint များအတွက် ၀၄၂-၂၃၇၉၇ နှင့် ကတ်ပျောက်၊ ကတ်ပျက်ကိစ္စများအတွက် ၀၄၂-၂၅၀၀၀ နံပါတ်များသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။ CDMA-800 MHz MECTel မိုဘိုင်းဖုန်းများအတွက် Complaint Center တစ်ခုကို ၁၈၅၀ မှ ၁၈၉၉ ထိ နံပါတ်များထဲမှ သင့်လျော်ရာ နံပါတ်အချို့ဖြင့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းလျက်ရှိပါကြောင်း၊ မကြာခင် အသိပေးကြေညာပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ပြီးစီးပါက MECTel CDMA-800 MHz Complaint များကို တာဝန်ယူဖြေရှင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ရန်ကုန်-မအူပင်-တွံတေးကားလမ်း၊ လက်ကျားကြီးမှ မြဂိုးအကြားကားလမ်းအား ချဲ့ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ရန်ကုန်-မအူပင်-တွံတေးကားလမ်း၏ လက်ကျားကြီးမှ မြဂိုးကားလမ်း အရှည် (၆ မိုင် ၇ ဖာလုံ)သည် ရန်ကုန်တိုင်းဒေသကြီး လမ်းအပိုင်းဖြစ်ပါသည်။ ကတ္တရာလမ်းသားအကျယ်သည် ၁၂ ပေဖြစ်ပြီး ၎င်းလမ်းအပိုင်းအား ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ်သို့ လမ်းချဲ့ရန် အစီအစဉ်အား ရရှိရန်ပုံငွေအပေါ်မူတည်၍ ရန်ကုန်တိုင်းဒေသကြီးရန်ပုံငွေနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ဖျာပုံ-ကျုံကဒွန်းလမ်းအား တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၃ မိုင် ၆ ဖာလုံ) လျာထားပေးပြီးဖြစ်ကြောင်း သိရှိရပါ သည်။ ကျန်ရှိနေသော ကျုံကဒွန်းရွာအထိ(၇ မိုင် ၂ ဖာလုံ)အား ကတ္တရာလမ်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရန်ပုံငွေမှလည်း ချထားပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ဖျာပုံ-ကျုံကဒွန်းလမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် မိုင် (၄/၃-၇/၁)၊ (၈/၁-၁၅/၃) အတွင်း ကျောက်လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ဆောင်ရွက်နေသောလမ်းများသည် ရန်ပုံငွေရရှိမှုအပေါ် မူတည်နေပါသည်။ နိုင်ငံတော်မှ ခွင့်ပြုသည့် ရန်ပုံငွေအပေါ် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် တစ်နှစ်အတွင်း ဖြည့်ဆည်းပေးရန် မလွယ်ကူပါ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ တင်ပြတောင်းခံထားပြီး ရရှိရန်ပုံငွေပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ဖျာပုံမြို့နယ် ကျုံကဒွန်း-အမာလမ်းအားလည်း အမာမြို့နယ်ခွဲအထိ ရောက်အောင် လာမည့်ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ကျုံကဒွန်း-အမာလမ်းအပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မိုင် (၂၃/၄-၂၉/၄)အထိ ခြောက်မိုင်အား အမာခံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ဆောင်ရွက်နေသော လမ်းများသည် ရန်ပုံငွေရရှိမှုအပေါ် မူတည်နေပါသည်။ နိုင်ငံတော်မှ ခွင့်ပြုသည့်ရန်ပုံငွေအပေါ် ဆောင်ရွက်ရ ခြင်းဖြစ်သည့်အတွက် တစ်နှစ်အတွင်း ဖြည့်ဆည်းပေးရန် မလွယ်ကူပါ။ ၎င်းလမ်းအပိုင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ကျောက်ချောလမ်းအဆင့် ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၄။ ဘိုကလေးမြို့အဝင် နတ်ချောင်းသံပေါင်တံတားကြီးအား ကွန်ကရစ်တံတားကြီးအဖြစ် ဆောက်လုပ်ပေးပါရန် ဘိုကလေးမြို့အဝင် နတ်ချောင်း ဘေလီတံတား (၃၁၅) ပေအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပါသည်။ ရန်ပုံငွေရရှိပါက လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၅။ မအူပင်-လှိုင်းတာ-ရုံးဒေါင့်လမ်းအား အမာခံကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍ မအူပင်-လှိုင်းတာ-ရုံးဒေါင့်လမ်းအပိုင်းသည် လမ်းကွန်ရက် အမှတ် (၁) ဖြစ် သော မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း တွင်ပါဝင်ပါသည်။ အဆိုပါလမ်းသည် ကတ္တရာလမ်း (၅ မိုင် ၂ ဖာလုံ)၊ ကျောက်လမ်း (၂၁ မိုင် ၁ ဖာလုံ)၊ အမာခံလမ်း (၁၈ မိုင် ၃ ဖာလုံ) စုစုပေါင်း (၄၄ မိုင် ၆ ဖာလုံ) အရှည်ရှိသည့် လမ်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် လက်ရှိအမာခံလမ်းအဆင့်မှ ကျောက်လမ်းအဆင့်သို့လည်းကောင်း၊ ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရန် အပိုင်းများခွဲ၍ ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၇ မိုင် ၁ ဖာလုံ)အား ၁၄ လက်မ အကျယ် ကျောက်လမ်းခင်းခြင်း၊ (၁ ဖာလုံ)အား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်း (၁၈ မိုင်)နှင့် သစ်သားတံတားနှစ်စင်းဖြစ်သည့် အဆင့်သို့လည်းကောင်း၊ ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဆောင်ရွက်ရန် အပိုင်းများခွဲ၍ ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၇ မိုင် ၁ ဖာလုံ) အား ၁၄ လက်မအကျယ် ကျောက်လမ်းခင်းခြင်း၊ (၁ ဖာလုံ)အား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်း (၁၈ မိုင်)နှင့် သစ်သားတံတားနှစ်စင်းဖြစ်သည့် ကျိုက်ပိတံတားနှင့် နွားရေကျော်တံတားအား ကွန်ကရစ်တံတားအဖြစ်တည်ဆောက်ရန် ရန်ပုံငွေတောင်းခံထားပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ ပန်းတနော်-ဒေါင့်ကြီးလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပန်းတနော်-ဒေါင့်ကြီးလမ်းသည် (၁၂ ပေ) အကျယ် ကတ္တရာလမ်း (၄ ဖာလုံ)၊ အမာခံလမ်း (၄ မိုင် ၂ ဖာလုံ)နှင့် မြေလမ်း (၂ ဖာလုံ) စုစုပေါင်း(၅ မိုင်)ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၁၂ ပေ အကျယ် ကတ္တရာလမ်း (၁)မိုင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း(၃ မိုင် ၄ ဖာလုံ) ဆောင်ရွက်ရန် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြတောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၇။ ညောင်တုန်းမြို့နယ် ဇလွန်-ရန်ကုန်လမ်းသည် ဇလွန်မြို့မှ စက္ကော့အထိ (၃၅ မိုင် ၇ ဖာလုံ)မှာ ပျက်စီးနေပြီဖြစ်သဖြင့် ယင်းလမ်းအား အဆင့်မြင့်လမ်းအဖြစ် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန်လမ်းအပိုင်းအား အဖွဲ့လေးဖွဲ့ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ (က) မိုင် (၀/၀ မှ ၁၀/၅) အထိ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှလည်းကောင်း၊ (ခ) မိုင် (၁၀/၅ မှ၃၂/၇)အထိ မအူပင်ခရိုင်မှ လည်းကောင်း၊ (ဂ) (၁၉/၇ မှ ၃၂/၇)မိုင်အထိ လမ်းအထူးအဖွဲ့ (၄)မှလည်းကောင်း၊ (ဃ) (၃၂/၇ မှ ၃၅/၇)မိုင်အထိ လမ်းပိုင်းအား ဟင်္သာတခရိုင်မှ လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မိုင် (၀/၀ မှ ၆/ ၇)အထိ ကတ္တရာလမ်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာ လမ်း (၃ မိုင် ၅ ဖာလုံ) အား JICA အဖွဲ့နှင့် ညှိနှိုင်းပြီး ကတ္တရာလမ်းဆက်လက်ခင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေအား တင်ပြတောင်းခံဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဗဟန်းမြို့နယ် ကန်တော်ကြီးဥယျာဉ်ရှိ Western Park Royal ဟိုတယ်၌ ဇန်နဝါရီ ၂၃ ရက်က တရုတ်-မြန်မာဗုဒ္ဓသာသနာပြုအဖွဲ့၏ (၃၅)နှစ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။
စိုးဝင်းဇော်

သုခိတာဆွမ်းလောင်းအသင်း (၆)နှစ်ပြည့် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွပ် ဟံသာရိပ်မွန်အိမ်ရာ(၁)လမ်း သုခိတာဆွမ်းလောင်းအသင်း တည်ထောင်ခြင်း (၆) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကို ညစဉ် ၇ နာရီမှ စတင်ကာ ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက် အထိ တရားအလှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

နိုင်ငံဘက်စုံ တည်ဆောက်ရေး
မှန်မှန်ကန်ကန် အခွန်ပေး

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
အိုင်အိုဒင်းဆားချောနှင့် စာပွဲတင်ဆားချော ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန် ကြော်ငြာခြင်း

၁။ အိုင်အိုဒင်းဆားချောနှင့် စားပွဲတင်ဆားချောထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေနှင့်အညီ ၂၀၁၄-၂၀၁၅ခုနှစ် (ဧပြီ ၁ရက်မှ မတ် ၃၁ရက်) အတွက် ထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်မှ မေ ၃၁ရက်အတွင်း မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်သို့ လျှောက်ထားကြရန် နှိုးဆော်အပ်ပါသည်။

၂။ (၃)နှစ်လိုင်စင်ရရှိထားသူများမှာ အသစ်ပြန်လည်လျှောက်ထားရန်မလိုဘဲ လိုင်စင်ကတ်ပြားတင်ပြ၍ သက်တမ်းတိုးနိုင်သည်။

၃။ စာပိုဒ်(၁)ပါ သတ်မှတ်ရက်အတွင်း လိုင်စင်လျှောက်ထားခြင်းနှင့်သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းအား ဒဏ်ကြေး (ရက်လွန်ကြေး)အဖြစ်၊ တစ်ရက်လျှင် (၃၀၀/-)ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ငွေကျပ် (၄၅၀၀/-)ကျပ်နှုန်းဖြင့် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ဖော်ပြပါရုံးခွဲများနှင့် အချိန်မီ ဆက်သွယ်ရယူနိုင်ပါသည်။

ဆက်သွယ်ရယူနိုင်သည့်ရုံးခွဲများ	လုပ်ငန်းတည်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ
(က) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ် (၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၂၄၁	နေပြည်တော်ကောင်စီနယ်မြေ
(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးရုံး မြွှာညိုလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ ဖုန်း-၀၁-၄၅၀၁၈၉	ရန်ကုန်တိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး
(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မွန်ပြည်နယ်/တနင်္သာရီတိုင်းဒေသကြီးရုံး ကမ်းနားလမ်း၊ ပန်းပဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၂၂၀	မွန်ပြည်နယ်/ တနင်္သာရီတိုင်းဒေသကြီး
(ဃ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီးရုံး ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၉၄၄	ဧရာဝတီတိုင်းဒေသကြီး
(င) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ်ရုံး အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့ ဖုန်း-၀၄၃-၄၆၀၁၉	ရခိုင်ပြည်နယ်
(စ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံး အိုးဘိုရပ်၊ စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၄၆၈	ကျန်ပြည်နယ်/ တိုင်းဒေသကြီးများ

၅။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၄ ခုနှစ် မေ ၃၁ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၄)တွင် ဖော်ပြထားသည့်ရုံးခွဲများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုသည့် အချက်အလက်များကို အပိုဒ်(၄)တွင် ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ ရွာမ ၂၄၀ မဂ္ဂါဝပ် တိုးချဲ့ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လိုအပ်သော ဟိုက်ဒရိုဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ တာဘိုင်ချောဆီနှင့် Starting Diesel Engine Oil များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၇-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါက်တာ ချိုယုမွန် ၃/ဘအန(နိုင်)၁၂၀၇၅၄နှင့် ဦးစည်သူမြင့် ၇/တငန(နိုင်)၁၀၇၀၂၆တို့သည် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၀-၁-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးခဲ့ပါသည်။ နောက်နောင် ဦးစည်သူမြင့်နှင့် ပတ်သက်သည့်မည်သည့်ကိစ္စရပ်မျိုးမဆို ကျွန်မနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာ ချိုယုမွန်

မသင်္ကာ၍ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ် ၁၅ စီးခိုးမှုဖော်ထုတ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

ခိုးမှုပြစ်ချက်ဟောင်းရှိသူအား မသင်္ကာ ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ် ၁၅ စီး ခိုးမှုဖော်ထုတ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၃ ရက်က သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ခိုးမှုဖောက်ထွင်းမှုများမှ ပြစ်မှုကျူးလွန်သူများဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းစဉ် ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ဗရောလမ်းမပေါ်၌ KEN-BO အမျိုးအစား ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာဖွယ်တွေ့ရှိသည့် ခိုးမှုပြစ်ချက်ဟောင်းများရှိသူ သန်းရွှေဝင်း (၅)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူအား စစ်ဆေးခဲ့ရာ ၎င်းသည်ညီဖြစ်သူ အောင်အောင် (ခ) ဇော်ဝင်းအောင်၊ တစ်ရပ်ကွက်တည်းနေ ညီဘုန်းထက်တို့နှင့်အတူ

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်အတွင်းမှ ခိုးယူလာခဲ့သော ဆိုင်ကယ်ဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် မြောက်ဥက္ကလာပ မြို့မရဲစခန်းက အမှုဖွင့်ကာ ၎င်းတို့သုံးဦးအား ဖမ်းဆီးပြီး အသေးစိတ်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အောင်အောင် (ခ)ဇော်ဝင်းအောင်နှင့် ညီဘုန်းထက်တို့နှစ်ဦးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မြောက်ဥက္ကလာပမြို့နယ်အတွင်းမှ ဆိုင်ကယ်ငါးစီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းမှ ဆိုင်ကယ်ရှစ်စီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အတွင်းမှ ဆိုင်ကယ်တစ်စီး စုစုပေါင်းဆိုင်ကယ် ၁၄ စီးတို့အား **(အပေါ်ပုံ)** ခိုးယူရောင်းချထားကြောင်း ထပ်မံဖော်ထုတ်ရရှိသဖြင့် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် အမှုများ ဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မှုခင်းသတင်း

တရားမဝင်ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသည့်ကားတစ်စီးဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကတက်ချောင်ရွာအနီး ကသာ-ဗန်းမော်ကားလမ်းပေါ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် ည ၈ နာရီခွဲက ကသာခရိုင် ထ/နမှ ရဲအုပ်အောင်ကြည်မြင့်ဦးဆောင်သောအဖွဲ့သည် ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ တရား မဝင်သစ်မှောင်ခိုပပျောက်ရေးစီမံချက်အရ မိုးတားနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေပြည်သစ်ရွာအုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ပါဝင်သောအဖွဲ့များနှင့် ပူးပေါင်းကာ ကသာ-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် (၇/၆) ကတက်ချောင်ရွာလမ်းခွဲအနီးတွင် ဗန်းမော်မှကသာဘက်သို့ ချိုမောင်မောင်းနှင်ပြီး မောင်သိန်းနှင့်ဇော်ညီညီထွန်းတို့ နောက်မှလိုက်ပါလာသော တုံဖုန်းအမျိုးအစား ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားဆိုက်စုံ ၄၆၄ ချောင်း၊ ၆ ဒသမ ၉၆၅ တန်ကို စစ်ဆေးရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်ကျွန်းခွဲသားသယ်ဆောင်သူ ချိုမောင် (၅၁ နှစ်) ယာဉ်မောင်း ကပ္ပလိပ်ရွာ ကသာမြို့နယ်၊ မောင်သိန်း ပရိဘောဂလုပ်ငန်း ကသာမြို့နယ်နေသူနှင့်ဇော်ညီညီထွန်း (၂၄ နှစ်) တောင်သူ ကသာမြို့နယ်နေသူတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

လှအောင်(ကသာ)

မူးယစ်ဆေးဝါးရောင်းရငွေနှင့် မူးယစ်ဆေးများဖမ်းမိ

မြစ်ကြီးနား ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီခွဲက မြစ်ကြီးနားမြို့နယ် အာလမ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလာမာတားနှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကျေးရွာလုံခြုံရေးအတွက် မြစ်ကြီးနား အောင်မြင်သာစံပြကျေးရွာကားလမ်းပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်နေစဉ် ခဲရောင်ပါဂျဲရိုး အမျိုးအစား(နံပါတ်မပါ လိုင်စင်မဲ့)ယာဉ်ကို ရပ်တန့်စစ်ဆေးရာ မောင်းနှင်လာသူမှာ ဇော်ထက်(၃၂ နှစ်)ဝေဘာကျေးရွာ ဝိုင်းမော်မြို့နေသူဖြစ်ပြီး မော်တော်ယာဉ်ဘောနက်ဖုံးအတွင်း အဲယားကလင်ဒါကိုဖွင့်၍စစ်ဆေးရာ Love is flower စာတန်းပါ ဆပ်ပြာခွက်လေးခွက်အတွင်း ကာလတန်ဖိုးငွေကျပ် ၄၇၅၆၈၀၀ ရှိ ဘိန်းဖြူအမှုန့် ၅၉ ဒသမ ၄၅ ဂရမ်နှင့် ၎င်းထိုင်သည့်နံဘေးမှ အဖြူရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသည့် မြန်မာငွေကျပ်ရောရာ ၂၁၉၅၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိကာ အောင်မြင်သာစံပြကျေးရွာ ရဲကင်းစခန်းမှူး ဒုရဲအုပ်ဝင်းနိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသို့ ဆက်လက်သတင်းပို့၍ အပ်နှံပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ ဇော်ထက် (၃၂ နှစ်)အား ဒုရဲအုပ်ဝင်းနိုင်ထွန်း တရားလိုပြုတိုင်ကြားရာ မြို့မရဲစခန်း က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုဃ်းကျ(မြစ်ကြီးနား)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မူးယစ်ဆေးဝါးများ ဆက်တိုက်ဖော်ထုတ်ဖမ်းဆီးရမိ

တမူး ဇန်နဝါရီ ၂၅

တမူးခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း မူးယစ်ဆေးဝါးများ အရှိန်အဟုန်ဖြင့် ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်ရန်တမူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်သော်၏ ညွှန်ကြားချက်အရ တမူး-မြို့သစ်သွား ကားလမ်းမပေါ်ရှိ ကွန်းတောင်းကျေးရွာအနီး၌ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သက်သေကွန်းတောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံထွန်း၊ ဦးမောင်မြင့်၊ ဦးမင်းမောင်တို့နှင့်အတူ ရှာဖွေဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့ရာ အဖွဲ့ (၁) ခေါင်းဆောင် နယ်ထိန်း ဒုရဲအုပ်မျိုးမြင့်ဆွေဦးစီးအဖွဲ့မှ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ဘိန်းဖြူမှုန့်များပါဝင်သော ဆပ်ပြာခွက် ငါးခွက်၊ စုစုပေါင်း အလေးချိန် ၈၈ ဂရမ်ခန့်ကို စန်းဝေထံ စီးနင်းမောင်းနှင်လာသည့် New ANBO 125 ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဖွဲ့ (၂)ခေါင်းဆောင် တမူးခရိုင်ရဲတပ်ဖွဲ့မှ အထူးမှုခင်းနှိမ်နှင်းရေးခေါင်းဆောင် ဒုရဲအုပ်ထွန်းလွင်ဦးစီးအဖွဲ့မှ ဖားကန့်မြို့နယ် တာမခန်ကျေးရွာနေ မင်းဟန်နှင့် မိုးကောင်းမြို့နယ် တဝါးကုန်းကျေးရွာ

နေ ထွန်းဝေတို့ထံမှ ဘိန်းဖြူမှုန့် ၅ ဒသမ ၅ ဂရမ်ခန့်အား ၎င်းတို့စီးနင်းမောင်းနှင်လာသည့် New KEN BO 125 ဆိုင်ကယ်နှင့်အတူ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ဟုမ္မလင်းမြို့နယ် လောင်ပေါင်ရွာနေ စန်းဝေ၊ ဖားကန့်မြို့နယ် တာမခန်ကျေးရွာနေ မင်းဟန်၊ မိုးကောင်းမြို့နယ် တဝါးကုန်းကျေးရွာနေ ထွန်းဝေတို့ သုံးဦးအား တမူးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၅၈)

လူတစ်ဦးသစ်ပင်ပိ

ကသာ ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကလုံကျေးရွာအနီး ပျဉ်းကတိုးစိုက်ခင်းအတွင်း၌ လူတစ်ဦးသစ်ပင် ပိသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက အင်းရွာရဲစခန်းမှူး ရဲအုပ်စိုးလှိုင်သည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ကသာမြို့နယ် ကလုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချိုအေးလွင်က ကလုံသစ်တောကြိုးဝိုင်း ပျဉ်းကတိုးစိုက်ခင်း၌ ပျဉ်းကတိုးစိုက်ရန် သိန်းဇော်လင်း (၂၄ နှစ်)က စက်လွှဖြင့် ကြို့ပင်အားဖြတ်လှဲစဉ် သစ်ပင်ကွဲအက်ပြုတ်ကျပြီး သစ်ပင်ပိသေဆုံးသွားသဖြင့် အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သိန်းဇော်လင်းမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှအောင်(ကသာ)

ဖိတ်ကြားအပ်ပါသည်

၁။ ကျွန်တော်များ Consultant International Co., Ltd. (CIC) နှင့် Navigat Energy သည် GE General Electric Company မှ ထုတ်လုပ်သော ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ကို ကျေးရွာများတွင် မီးလင်းရေးအတွက် အစီအစဉ်အဖြစ် သီးသန့်ကုန်စည်ပြပွဲပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဤပြပွဲတွင် မြန်မာနိုင်ငံကျေးလက်ဒေသများတွင် အလွယ်တကူရရှိနေသည့် စွန့်ပစ်ဇီဝပစ္စည်းများ (လူနှင့် တိရစ္ဆာန် အညစ်အကြေး စွန့်ပစ်ပစ္စည်းများ၊ စပါးခွံ၊ ကြံခွံ၊ ကောက်ရိုး၊ ပြောင်းဖူးခွံ)စသည်တို့ကို အသုံးပြု၍ တန်ဖိုးနည်း (Bio Gas) ဇီဝဓာတ်ငွေ့ထုတ်လုပ်ပြီး၊ ၎င်းဓာတ်ငွေ့ကို GE Company မှထုတ်လုပ်သော ဓာတ်ငွေ့သုံးမီးစက် (Gas Engine) ထဲသို့ ထည့်သွင်းမောင်းနှင်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ ကျေးရွာများကို မီးလင်းစေရန် အစီအစဉ်ဖြစ်ပါသည်။

ပြပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေရာ - Sedona Hotel ရန်ကုန်မြို့၊
နေ့ရက် - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇၊ ၂၈ ရက်
အချိန် - နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄း၃၀ နာရီအထိ

လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

၁၅-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်အထိ ကျင်းပခဲ့သော (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုဗန်းကိုင် အမျိုးသမီးငယ်များကို မိတ်ကပ်နှင့် ဆံပင်အလှဆင်ရာတွင် ကူညီပေးခဲ့သော aroma (zulu Studio) မှ ဦးအောင်မြတ်သူနှင့် အဖွဲ့သူအဖွဲ့သားများ၊ ဆုဗန်းကိုင်အမျိုးသမီးငယ်များ၏ ဝတ်စုံများကူညီပေးခဲ့သော ဦးသားစိုးနှင့်ဇနီးတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ

ဖခင်အမည်မှန်

ဘားအံတက္ကသိုလ် တတိယနှစ် သချာ်အထူးပြုတက်ရောက်ပြီးသော နန်းစာဥ ၃/ကကရ(နိုင်)၁၄၆၄၉၉၏ ဖခင်အမည်မှန်မှာ ဦးဘအေး(ခ)ဦးဒါးလူး ၃/ကကရ(နိုင်) ၀၆၄၄၆၇ ဖြစ်ပါသည်။

ဦးဘအေး(ခ)ဦးဒါးလူး

ပြောင်းလဲခေါ်ပါရန်

နောင်ချိုမြို့နယ်၊ တောင်းခမ်းကျေးရွာ၊ တပ်ကြပ်ကြီးအောင်ဇော်ဝင်း၏ သမီးဖြစ်သူ (သတ္တမတန်း၊ အထက၊ လုံကာကျောင်း)နေ မမြတ်မွန်ကျော်အား ယနေ့မှစ၍ မပိုးသန္တာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မပိုးသန္တာဝင်း နောင်ချိုမြို့နယ်၊ တောင်းခမ်းကျေးရွာ**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ် သင်တန်းအမျိုးအစား	**အနည်းဆုံးပညာအရည်အချင်း**
၁။ ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။ ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၃။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေး သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၆။ အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
၇။ ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့် ၂) (စီမံ/ဘဏ္ဍာ) (အခန်းဌာန) (အစားအစာနှင့် အဖျော်ယမကာဌာန)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်း တစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၃-၂-၂၀၁၄ ရက်မှ ၂၈-၃-၂၀၁၄ ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၈၃၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်း ဆောင်ရွက်ရာတွင်ပါဝင်ပြီး ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇-သံဒင်း)၊ မြေကွက်အမှတ်(၉၂၇-က)၊ မြေကွက်တွင် ချထားခြင်းခံရသူ အမည်ပေါက် ဦးမြင့်ဆွေ ၁၂/ပဇတ(နိုင်)၀၂၃၂၄၈ မှ မြေချပါမစ်မူရင်း ထုတ်ယူခွင့်ပြုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ် ၁၁၇၀၊ မြေကွက်တည်နေရာအမှတ်-၁၁၇၀၊ ကုန်းဘောင် ၁၄ လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ ဦးတင်ဦး၊ ဒေါ်ချိုချိုမြိုင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး ကွယ်လွန်သဖြင့် ဒေါ်ချိုချိုမြိုင် ၁၂/တမန(နိုင်)၀၄၇၄၉၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အဘိဓမ္မာ၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများ သင်ကြားပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၄)ရပ်ကွက် အိမ်ရာကွပ်ကဲရေးရုံးတွင် အဘိဓမ္မာ၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေရက်များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိသင်ကြားပို့ချပေးမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၈၀၄၈၄၂၊ ၀၉-၄၂၀၀၀၈၂၇၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လူငယ်များ၏ကျန်းမာရေးနှင့်ဘဝ မထိခိုက်စေချင်

မန္တလေး ဇန်နဝါရီ ၂၄

TV Special Adhesive ၊ AB ကော်နှင့် ဆင်ကော်အမျိုးအစားကော်များကို ရှူသည့်လူငယ်အချို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူနိုင်ခြင်းမရှိသဖြင့် သုံးစွဲသူလူငယ်အချို့မှာ မန္တလေးမြို့တွင်းလူစည်ကားရာနေရာ၊ လူမြင်ကွင်းများ၌ပင် ပေါ်ပေါ်ထင်ထင် သုံးစွဲမှုများရှိနေကြောင်း တွေ့ရသည်။

"ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီလောက် လမ်း ၈၀ အတိုင်း မြောက်ကတောင်ကို ကားမောင်းလာရင်း ၂၆ လမ်းမီးပွိုင့်နားက လမ်းလယ်ကျွန်းမှာ လူငယ်နှစ်ဦး ကော်ဘူးတစ်ယောက် တစ်ဘူးစီကိုင်ပြီး ရှူနေတာတွေ့ခဲ့ရတယ်" ဟုကိုယ်တိုင်မြင်တွေ့ခဲ့သူ မြို့ခံတစ်ဦးက ပြောသည်။

ပရိဘောဂလုပ်ငန်းများတွင် အသုံးပြုရန်ထုတ်လုပ်ထားသော ကော်ကို မူးယစ်စေတတ်သောအရာအဖြစ် လွဲမှားစွာရှူခြင်းကြောင့် သုံးစွဲသောလူငယ်များ၏ ကျန်းမာရေးနှင့်ဘဝကို ထိခိုက်စေနိုင်ပြီး နိုင်ငံအတွက်ကြီးမားသော နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သဖြင့် လူငယ်အချို့ကော်ရှူသုံးစွဲမှုကို ပညာပေးဆုံးမခြင်း၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မိဘပြည်သူပါဝင်ပူးပေါင်းမှုဖြင့် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်ပြီး ကော်ရှူသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပညာရှင်များ၏ အကြံပြုချက်နှင့် လိုအပ်သောအမိန့်ကြော်ငြာစာများကို အမြန်ဆုံးရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဒီစီးအီး-မန္တလေး**

ဇီဝိတအလင်းအခမဲ့ဆေးကုခန်းဖွင့်

ထီးချိုင့် ဇန်နဝါရီ ၂၅

ထီးချိုင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ထီးချိုင့်မြို့နယ် ပရဟိတလူငယ်များအဖွဲ့တို့ပူးပေါင်း၍ ဇီဝိတအလင်းအခမဲ့ဆေးကုခန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက ဆေးခန်းတည်ရှိရာ စံပြရပ်ကွက် ဗိုလ်ချုပ်လမ်း ယဉ်ထက်နေအိမ်အောက်ထပ်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးက အခြားမြို့နယ်များ၏ သက်ကြီးစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် တစ်ခုချင်းကိုပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

အဆိုပါ ဇီဝိတအလင်းအခမဲ့ဆေးကုခန်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အသက် ၆၀ နှင့် အထက်ရဟန်းရှင်လူသက်ကြီးရွယ်အိုအဘိုးအဘွားများ၊ လူမျိုး ဘာသာမရွေးစမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **စောကလျာ(ထီးချိုင့်)**

ပြည်ပပို့ကုန်စည်သစ်အဖြစ် နေရာယူမည့်ကညွတ်

တွေ့ဆုံမေးမြန်း-ကျော်သူဝင်း
ဓာတ်ပုံ-သက်ထက်

ကညွတ်စိုက်ပျိုးရေးလုပ်ငန်းသည် ယခုအခါ ပြည်ပပို့ကုန်စည်သစ်အဖြစ်တစ်ခုဖြစ်လာပြီး ဝင်ငွေကောင်းသောကြောင့် စိုက်ပျိုးသူတောင်သူများစိတ်ဝင်စားလျက်ရှိသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် Big-Myanmar Group Service(BMG) ကုမ္ပဏီတို့ နည်းပညာနှင့်စိုက်ပျိုးရေးစနစ် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် စိုက်ပျိုးသူတောင်သူများအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်ပေသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် တောင်သူများအထူးစိတ်ဝင်စားနေသော ကညွတ်စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် Big-Myanmar Group Service(BMG) ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်စုနန္ဒာနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ကညွတ်စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အထူးစိတ်ဝင်စားနေပါတယ်။ ဒါကြောင့် တောင်သူတွေစိုက်ပျိုးမယ်ဆိုရင် ဘယ်လိုထောက်ပံ့ကူညီပေးသလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ကညွတ်စိုက်ပျိုးမယ့် တောင်သူတွေကို စိုက်ပျိုးနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ကုမ္ပဏီကစိုက်ခင်းတွေမှာလာရောက်လေ့လာနိုင်ပါတယ်။ ကုမ္ပဏီစိုက်ပျိုးခြံအနေနဲ့ နေပြည်တော် ၁၉၅ မိုင်နဲ့ ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် စက်စက်ယို(ဓာတုကင်းလွတ်)ဟင်းသီးဟင်းရွက် အမယ်စုံတောင်သူပညာပေးစိုက်ခင်းတွေမှာ လေ့လာနိုင်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင် ကုမ္ပဏီနဲ့ပူးပေါင်းစာချုပ်ချုပ်ဆိုပြီး မျိုးစေ့များကို ကြိုတင်စိုက်ထုတ်ပေးပါတယ်။ တောင်သူတွေကို မျိုးစေ့၊ အရင်းအနှီးနဲ့ နည်းပညာတွေဦးစွာစိုက်ထုတ်ပေးပြီး သီးနှံထွက်ရှိလာမှ တစ်ရစ်ချင်း ခုနှိမ်သွားမှာဖြစ်ပါတယ်။ နည်းပညာဆိုရာမှာ တကယ်စစိုက်တော့မယ့်တောင်သူစိုက်ခင်းကို နည်းပညာရှင်တစ်ဦးလွှတ်ပေးပြီး စိတ်ချရတဲ့အခြေအနေရောက်တဲ့အခါမှ တောင်သူချည်းလုပ်ခိုင်းမှာဖြစ်ပါတယ်။

မေး။ ထွက်ရှိလာမယ့်ကညွတ်တွေကို ဘယ်နည်းဘယ်ပုံဝယ်ယူမလဲ သိပါရစေ။

ဖြေ။ ကျွန်မတို့က တောင်သူတွေစစိုက်ကတည်းက သဘောတူစာချုပ်ထဲမှာ ပြန်လည်ဝယ်ယူဖို့ဈေးနှုန်းတွေ ထည့်သွင်းထားပါတယ်။ Aအဆင့်ဆို တစ်ပိဿာ ငွေကျပ် ၂၀၀၀၊ B အဆင့်ဆိုငွေကျပ် ၁၅၀၀၊ Aအဆင့်ဆို ငွေကျပ် ၁၀၀၀စသည်ဖြင့် သတ်မှတ်ပြီး ဝယ်ယူပါတယ်။ ကုန်ပစ္စည်းများကို အအေးခန်းကားတွေနဲ့ လာရောက်သိမ်းဆည်းပြီး လေဆိပ်နဲ့ဈေးများသို့တင်ပို့ရောင်းချရန် အချိန်မီစေဖို့ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း သတ်မှတ်ပြီး စုရပ်မှဝယ်ယူမှာဖြစ်ပါတယ်။

မေး။ သီးနှံသိုလှောင်သိမ်းဆည်းမှုနဲ့ စိုက်ပျိုးရောင်းချမှု အခြေအနေတွေကိုလည်းသိပါရစေ။

ဖြေ။ ရန်ကုန်၊ အောင်ပန်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်ဒေသတွေမှာ အအေးခန်းကားတွေနဲ့ ဝယ်ယူရောင်းချမှု၊ ဝယ်ယူမှုတွေပြုလုပ်နေပါပြီ။ အောင်ပန်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်ဒေသတွေမှာ အဓိကစိုက်ပျိုးနေပြီ။ အခုနေပြည်တော်မှာလည်း စတင်စိုက်ပျိုးနေကြပါပြီ။ အောင်ပန်းမှာ စိုက်ပျိုးသူတောင်သူ ၂၀၀ ကျော်ရှိပြီး နေပြည်တော်မှာတော့ ၄၀ လောက်ပဲရှိပါသေးတယ်။ နေပြည်တော်မှာ တောင်သူ ၅၀၀ အထိ စိုက်နိုင်အောင်ကူညီပံ့ပိုးဖို့ရှိပါတယ်။ ကျွန်မတို့က ကညွတ်တွေကို တစ်နေ့တန် ၃၀ အထိ ဝယ်ယူနိုင်ဖို့ စီစဉ်နေပါတယ်။

မေး။ စိုက်ပျိုးနည်းစနစ်ကိုလည်း ပြောပြပေးပါဦး။

ဖြေ။ တန်းကြား ၄ ပေ၊ ပင်ကြားတစ်ပေခွဲစိုက်ပြီး ညီညာစေဖို့ကြိုးဆွဲစိုက်ရပါတယ်။ ပေါင်လုပ်ပြီး စပါးခွံ Big one twonderful-1 ရောပြီး တစ်ပတ်တစ်ကြိမ်ဖျန်းပေးပါတယ်။ အပင်တစ်ပေခွဲအရွယ်မှာ ကြိုးဆွဲပြီး အပင်ထိန်းပေးကာ စိုက်ပြီး လေး ငါးလမှာ စတင်ခူးနိုင်ပြီး ပေါင်းရှင်းပေးရပါမယ်။ လေးငါးလအကြာမှာ အစိုကြီးပြီးတစ်ဧကကို ပိဿာ ၂၀၊ ၃၀ လောက်ထွက်ပါတယ်။ မြေသြဇာအနေနဲ့ နွားချေး၊ ကြက်ချေး၊ စပါးခွံသုံးနိုင်ပါတယ်။ ဆေးဝါးသုံးခဲ့လျှင်လည်း လူအန္တရာယ်မဖြစ်အောင် သုံးခိုင်းပါတယ်။ သုံးပြီးရင် ဒီနေ့သုံး မနက်ဖြန်ခူးပါတယ်။ ကညွတ်က ရေလည်းကြိုက်ပါတယ်။ တစ်နေ့တစ်ကြိမ်တော့ ပုံမှန်လောင်းပေးရပါတယ်။

မေး။ ဖြန့်ချိရေးနဲ့ဝယ်ယူမှုအပိုင်းလေးလည်း ပြောပြပေးပါဦး။

ဖြေ။ ကျွန်မတို့ ကုမ္ပဏီစာချုပ်ထားတဲ့ တောင်သူတွေဆီက ကညွတ်တွေကို ဝယ်ယူပြီး စုရပ်နေရာမှ အအေးခန်းကားများနဲ့ သယ်ယူကာ အရည်အသွေးရွေးချယ်ပါတယ်။ ပြီးရင် ပါကင်ထုပ်ပြီး အအေးခန်းကားတွေနဲ့ပဲ လေယာဉ်ကွင်းတွေ၊ ဈေးတွေဆီကို အချိန်မီဖြန့်ချိပါတယ်။ အဓိကကတော့ ထိုင်းနိုင်ငံကို ပို့ပါတယ်။ ထိုင်းနိုင်ငံကမှတစ်ဆင့် တခြားနိုင်ငံတွေကို ဖြန့်ချိရောင်းချပါတယ်။

ကညွတ်သည် ပြည်တွင်းပြည်ပ ဈေးကွက်ဝင်သော သီးနှံတစ်မျိုး ဖြစ်ပြီး တောင်သူများအတွက် နှစ်ရှည်သီးနှံဖြစ်ကာ ဈေးကွက် ခိုင်မာမှုရှိသောကြောင့် စိုက်ပျိုးရန်သင့်သော သီးနှံဖြစ်သည်။ စိတ်ဝင်စားသော တောင်သူများအနေဖြင့် ရန်ကုန် ဖုန်း-၀၉-၅၂၈၀၆၉၃၊ ကျောက်ဆည် ဖုန်း-၀၉-၇၃၁၇၀၂၈၂၊ နေပြည်တော် ၀၉-၄၉၃၀၃၇၄၃၊ အောင်ပန်း ၀၉-၅၂၈၀၆၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း မြန်မာ့အလင်းမှတစ်ဆင့် သတင်းစကားပါးလိုက်ရပါသည်။

"ကညွတ်သည် ပြည်တွင်းပြည်ပ ဈေးကွက်ဝင်သော သီးနှံတစ်မျိုးဖြစ်ပြီး တောင်သူများအတွက် နှစ်ရှည် သီးနှံဖြစ်ကာ ဈေးကွက် ခိုင်မာမှုရှိသောကြောင့် စိုက်ပျိုးရန်သင့်သော သီးနှံဖြစ်"

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ် ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာခုနစ်ရက်တရားစခန်းကို ၁-၂-၂၀၁၄ရက် မှ ၉-၂-၂၀၁၄ ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။ **လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၉-၁၉၇၅)
မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူများ
နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ်အား ၁၉၆၉ခုနှစ်တွင် တက်ရောက်ခဲ့ပြီး မည်သည့်နှစ်တွင် ဘွဲ့ရခဲ့သည်ဖြစ်စေနှင့် ၁၉၇၅ခုနှစ်တွင် ဘွဲ့ရခဲ့သူများ မည်သည့်နှစ်တွင် စတင်ဝင်ရောက်ခဲ့သည်ဖြစ်စေတို့၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်/အချိန် - ၂-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၀နာရီ
ကျင်းပမည့်နေရာ - **My Garden Restaurant (Summit Park View ရှေ့) အလုံလမ်း**

အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်အလှူပါဝင်ကြပါရန်-

ဦးစန်းဝင်း	ဖုန်း-၀၉-၂၀၀၁၂၂၅
ဦးခင်လတ်	ဖုန်း-၀၉-၈၇၀၂၀၂၈
ဒေါ်ဌေးဌေးဝင်း	ဖုန်း-၀၉-၅၃၀၁၈၂၄
ဦးတင့်လွင်	ဖုန်း-၀၉-၂၅၀၁၇၂၁၃၇

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အမည်မှန်

ဦးချိုဝင်း၏သမီး ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကြယ်စင်ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-1(A)မှ ဧကရီချိုချို၏ အမည်မှန်မှာ မပန်းမြတ်ဟေသာချို ဖြစ်ပါကြောင်း။ **မပန်းမြတ်ဟေသာချို**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၄၅

ဒေါ်မြင့်မြင့်ဌေး	နှင့်	ဦးကျော်စွာဦး
အမှတ် ၁၃၁၊ ခြောက်လွှာ၊		အမှတ်၂၁(မြေညီထပ်)၊ ပိတောက်ပင်လမ်း၊
၂၃လမ်း၊လသာမြို့နယ်၊		ဈေးကြီးအနောက်ရပ်ကွက်၊
ရန်ကုန်တိုင်းဒေသကြီး။		ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်၂၁(မြေညီထပ်)နေ တရားပြိုင် ဦးကျော်စွာဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အရ အရောင်းအဝယ်ပြုသည့် တန်ဖိုးကျန်ငွေ ၁၅၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ကိုလက်ခံ၍ အရောင်းအဝယ် ပြုသည့်တိုက်ခန်းကို တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ပဋိညာဉ်အရ တရားလိုထံမှ တရားပြိုင်လက်ခံရယူခဲ့သည့်စရန်ငွေ၁၅၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)၏နှစ်ဆဖြစ်သော ငွေကျပ်၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်(၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၁နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(လဲ့လဲ့အေး)**

ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ်
ပဋ္ဌာန်းပစ္စယနိဒ္ဒေသသင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တကုမာရမထေရ်မြတ် (အဂ္ဂမဟာပဏ္ဍိတ)၏ ဩဝါဒကိုခံယူလျက် ကျောင်းတိုက်အတွင်း၌ **ပဋ္ဌာန်းပစ္စယနိဒ္ဒေသသင်တန်း**ကို ၁-၂-၂၀၁၄ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူ ဓမ္မဒါနပို့ချမည်ဖြစ်ကြောင်း စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

ဖွင့်လှစ်မည့်ရက်များ - ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ(၁၊ ၂၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃)
ဖွင့်လှစ်မည့်အချိန် - မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ
ဖွင့်လှစ်မည့်နေရာ - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် (ကိုးထပ်ကျောင်းဆောင်)(သုံးထပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/9815 Hino Ranger FD 176 B, Truck(4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေလွင်ဦး ၁၄/ဒဒရ(နိုင်)၁၈၄၀၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ မန္တလေးမြို့တော်၌ အကောင်အထည်ဖော်မည်

မန္တလေး ဇန်နဝါရီ ၂၅

တိုးတက်လာသော လူဦးရေနှင့် အညီမြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်စီမံကိန်းများ ရေးဆွဲရာ၌ စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုသည် အရေးပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်ခြင်းကြောင့် မြို့ပြဆိုင်ရာလုပ်ငန်းများ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

မန္တလေးမြို့တော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး အကြံပေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရေရှည်အတွက် (Long Time Plan) များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ နှစ် ၃၀ စီမံကိန်းအဖြစ် ရေးဆွဲထားပြီး မြို့ပြတိုးချဲ့ခြင်း၊ မြို့ကွက်သစ်လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းများဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။

သောက်သုံးရေနှင့်လျှပ်စစ်မီးပေးဝေမှု လုပ်ငန်းများကိုလည်း အဆင်ပြေစေရန်ဆောင်ရွက်ခဲ့ကြောင်း၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားအသုံးပြုမှုများလည်း တိုးတက်လာသည့်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကုန်တင်ယာဉ်ကြီးများအတွက် ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်တင် လူစီးကားများအတွက် ကားကွင်းများကိုလည်း တိုးချဲ့ တည်ဆောက်ပေးခြင်းနှင့် အားကစားကွင်း၊ ပန်းခြံများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မန္တလေးမြို့တော်၏ အရှေ့ဘက်ခြမ်းနယ်မြေကို အမြဲတမ်း Green Zone အဖြစ် သတ်မှတ်ထားသည့်အပြင် တိုးတက်လာသည့် လူဦးရေအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် တံတားဦးမြို့နယ်တွင် ဟိုတယ်ဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က ဇန်နဝါရီ ၂၃ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်တင်နှင့် ကော်မတီဝင်များက မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုပ်ငန်းဆိုင်ရာများကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

တင်မောင် (မန္တလေး)

ပြည်တွင်းသတင်း

သတင်းတိုများ

ဆီးပင်အသီးသီးချိန် ပျားရည်အထွက်နှုန်း ကျဆင်း

ဗန်းမော် ဇန်နဝါရီ ၂၅

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စာဝတီးကျေးရွာ၌ ပျားမွေးမြူကြရာတွင် ဆီးပင်အသီးသီးချိန်ဖြစ်၍ ပျားရည်အထွက်နှုန်း လျော့နည်းလာပြီး နှစ်ပတ်လျှင် မွေးမြူသေတ္တာ အလုံး ၈၀ တွင် ပိဿာ ၂၀၀ ခန့်သာ ထွက်ရှိတော့ကြောင်း သိရှိရသည်။

"ပုံး ၄၀၀ နဲ့ ပျားမွေးမြူထားတယ်။ ပျားတွေက မုန်ညင်းကို အကြိုက်ဆုံးပဲ၊ မုန်ညင်းပွင့်ချိန်မှာ ပျားရည် ရေသန့် တစ်ဘူးကို ငွေကျပ် ၃၀၀၀ရပြီး ကုမ္ပဏီ အပ်ရင် တစ်ပိဿာ ငွေကျပ် ၁၈၀၀ ဈေးနဲ့ ရောင်းတယ်။ ရန်ကုန်က Happy၊ ရွှေပန်၊ ရွှေရီကုမ္ပဏီတို့က ပျားရည်တွေ ဝယ်ကြတယ်။ မုံရွာမြို့နယ်၊ ကနီမှာ ဆီးပင်ပွင့်ချိန်မှာ ဝတ်ရည်အများဆုံးထွက်လို့ ငါးရက် တစ်ကြိမ် ပျားရည် ထုတ်ယူရတယ်။ စာဝတီးမှာ ရှစ်ရက် တစ်ကြိမ်ရနိုင်ပေမယ့် ၁၀ ရက်၊ ၁၅ ရက်မှ ပျားရည်ထုတ်ယူတယ်" ဟု ပျားမွေးမြူသူ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နေ ကိုလှရွှေက ပြောပြသည်။ စာဝတီး၊ ဆူးပုတ်ကုန်း၊ ကောင်းတုံကျေးရွာတို့တွင် ပျားရည်ထုတ်ယူကြခြင်းဖြစ်သည်။

ဆီမီးခုံ-နန်းရီ

သမဝါယမလုပ်ငန်းများ ရှင်သန်ရေး တွေ့ဆုံဆွေးနွေး

မန္တလေး ဇန်နဝါရီ ၂၅

သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆိုင်ရာတွေ့ဆုံရှင်းလင်းပွဲကို ဇန်နဝါရီ ၂၂ ရက်က အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်၊ အလိုတော်ပြည့် ဓမ္မာရုံ၌ ပြုလုပ်သည်။

သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက် နှစ်ရပ်၊ လုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး၊ စနစ်တကျစည်းကမ်းနှင့်အညီ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အသေးစားချေးငွေ ကိစ္စရပ်များ၊ နိုင်ငံတကာမှ သမဝါယမရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့အားပေးမှုကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြရာ၊ တက်ရောက်လာသော အမှုဆောင်များ၊ အသင်းသားများက သိလိုသော အချက်များကို တာဝန်ရှိသူများထံ မေးမြန်းဆွေးနွေးခဲ့ကြသည်။

(ဝ၂၆)

ဟိုပုံးဒေသ ဘက်စုံဖွံ့ဖြိုးရေး ဆောင်ရွက်မည်

ဟိုပုံး ဇန်နဝါရီ ၂၅

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က ဟိုပုံးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊စည်ပင်သာယာရေးကော်မတီများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများနှင့် ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများနှင့် ဒေသခံများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

သဘင်္ဘောသား ဒေသခံကိုယ်စားလှယ် ထားရှိမှု မတ်လတွင် ရပ်ဆိုင်းမည်

ရန်ကုန် ဇန်နဝါရီ ၂၅

သင်္ဘောသား အလုပ်အကိုင်ကြီးကြပ်မှုဌာနခွဲနှင့် နိုင်ငံခြားရှိ ကုမ္ပဏီများ သင်္ဘောသား အလုပ်အကိုင်ရရှိရေး စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဒေသခံကိုယ်စားလှယ်ထားရှိ ဆောင်ရွက်ခဲ့သော လုပ်ငန်းကိစ္စများသည် မတ်လ ၃၁ ရက်တွင် ရပ်ဆိုင်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှထုတ်ပေးသော SRPS လိုင်စင်ရ ကုမ္ပဏီများသာလျှင် ပြည်ပသင်္ဘော ကုမ္ပဏီများနှင့် သဘောတူစာချုပ်ချုပ်ဆို၍ မြန်မာသင်္ဘောသားများအား သင်္ဘောများသို့ စေလွှတ်တာဝန်ထမ်းဆောင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန သင်္ဘောသားဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ပြောကြားသည်။

ဦးစီးဌာနက သင်္ဘောသား စုဆောင်းခြင်းနှင့်အလုပ်နေရာ ချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသော သင်္ဘောသား ကိုယ်စားလှယ်လုပ်ငန်း လိုင်စင် (SRPS)ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ လုပ်ငန်း လိုင်စင်များ ပြုလုပ်ပေးသည့် သင်္ဘောသား ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်များ သင်္ဘော ဌာနခွဲသို့ လာရောက်လျှောက်ထားသော ကုမ္ပဏီပေါင်းမှာ ဇန်နဝါရီ ၂၀ ရက်ထိ ၁၃၇ ခုရှိပြီး ဌာနအနေဖြင့် (SRPS)လိုင်စင် ထုတ်ပေးပြီး ကုမ္ပဏီပေါင်း ၁၁၆ ခုရှိပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာသင်္ဘောသား နှစ်သောင်းမှ နှစ်သောင်းခွဲ နီးပါးမှာ ပြည်ပသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး အခြားသော အကြောင်းအမျိုးမျိုးကြောင့် သင်္ဘောမလိုက်သူ သုံးသောင်းခွဲအထိ ရှိကြောင်း သိရသည်။

သိမ့်သိမ့်မိုး

> သင်္ဘောသား နှစ်သောင်းခွဲ နီးပါးမှာ ပြည်ပသင်္ဘောများတွင် တာဝန်ထမ်းဆောင် . . .

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိ စာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀×၆၇) အကျယ်အဝန်းရှိ ၃½ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံ ပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၃၀၊ မြေကွက်တည်နေရာအမှတ် ၃၀၊ စုပေါင်းအိမ်ရာ၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်မြင့်-ဒေါ်လှလှ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှ(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးအောင်မြင့် ၁၂/သကတ(နိုင်)၀၅၀၃၁၄က သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်စပ်လျဉ်းသည့်ကိစ္စ
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၅(ဂ)အရ Right Issue ဖြင့် အစုရှယ်ယာအသစ်များ ထပ်မံထုတ်ဝေရောင်းချရန် ဖိတ်ခေါ်ခြင်း

အထက်ပါကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်အရ ကုမ္ပဏီအစုရှယ်ယာအသစ်များကို ထပ်မံထုတ်ဝေရောင်းချမည်ဖြစ်ပါသည်။ ယင်းသို့ ထုတ်ဝေရောင်းချရာတွင် ပုဒ်မ ၁၀၅(ဂ)အရ လက်ရှိအစုရှယ်ယာရှင်များကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ ၁၅ရက်အထိ မိမိပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုတိုင်းအတွက် အစုရှယ်ယာအသစ်တစ်စု Right Issue ဖြင့် ဝယ်ယူခွင့် ပေးမည်ဖြစ်ပါသည်။ အစုရှယ်ယာရှင်က အကြောင်းပြန်မကြားသောကြောင့် ဝယ်ယူခွင့်ရက် ကျော်လွန်သွားလျှင်သော်လည်းကောင်း၊ အစုရှယ်ယာရှင်က ဝယ်ယူရန်ကမ်းလှမ်းသော အစုရှယ်ယာများကို လက်ခံရန်ငြင်းဆိုရန် အကြောင်းရှိလျှင်သော်လည်းကောင်း၊ ကုမ္ပဏီအတွက် အကျိုးအရှိဆုံးဟု ယူဆသော နည်းလမ်းအတိုင်း ဒါရိုက်တာအဖွဲ့မှ ယင်းအစုရှယ်ယာများကိုအများပြည်သူသို့ ထုတ်ဝေရောင်းချမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်ပါ၍ ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ အစုရှယ်ယာအသစ်များ ဝယ်ယူရန်စိတ်ပါဝင်စားသူ လက်ရှိအစုရှယ်ယာရှင်များသည် မိမိတို့ပိုင်ဆိုင်သည့် အစုရှယ်ယာ အချိုးအစားအတိုင်း ၁-၂-၂၀၁၄ ရက်မှ ၁၅-၂-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်း၍လိုအပ်သောပုံစံများရယူဖြည့်သွင်းပြီး အစုရှယ်ယာဝယ်ယူရေး လျှောက်လွှာများကို တင်သွင်းနိုင်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဆောက်အအုံ(ရှစ်လွှာ)၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၁၇၀၉၄၊ ၂၁၇၀၉၅

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်စပ်လျဉ်းသည့်ကိစ္စ
အစုရှယ်ယာရှင် မှတ်ပုံတင်စာအုပ်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းကြေညာခြင်း

အထက်ပါကုမ္ပဏီ၏ အစုရှယ်ယာရှင်များ ခံစားထိုက်သည့် အမြတ်ဝေစုခွဲပေးခြင်းနှင့် ပုဒ်မ ၁၀၅(ဂ)အရ အသစ်ထုတ်ဝေသည့် အစုရှယ်ယာများအား ဝယ်ယူခွင့်ပေးအပ်ရာတွင် လက်ရှိပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များ၏ အစုရှယ်ယာအရေအတွက် အချိုးအစားများကို သတ်မှတ်နိုင်ရန်အလို့ငှာ အစုရှယ်ယာရှင် မှတ်ပုံတင်စာအုပ် (Members' Register) အား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ရက်အထိ သုံးရက်တိတိ ပိတ်ထားမည်ဖြစ်ကြောင်း ပုဒ်မ ၃၇ အရ ကြေညာအပ်ပါသည်။

မိမိအမည်ဖြင့် မှတ်ပုံတင်စာရင်း မဝင်သေးသော အစုရှယ်ယာရှင်များသည် မိမိတို့၏ခံစားခွင့်ကို အမည်ပေါက်ရရှိနိုင်ရန်အလို့ငှာ အထက်ပါပိတ်ရက်မတိုင်မီ ကုမ္ပဏီ၏ရုံးခန်းတွင် လာရောက်စာရင်းရေးသွင်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဆောက်အအုံ(ရှစ်လွှာ) အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၇၀၉၄၊ ၂၀၇၀၉၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/4926, SCANIA (YS2K4X) Bus (4x2) (L) ယာဉ်လက်ဝယ်ရှိသူ AYS MFG ကုမ္ပဏီလီမိတက်က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ပြည်တွင်းသတင်း

ကလေးမြို့တွင် ရေကြီးစဉ်က ပျက်စီးသွားသော တံတားများကို အမြန်ဆုံးပြင်ဆင်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိ

ကလေး ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရေကြီးစဉ်က ပျက်စီးသွားသော တံတား (၇)စင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် မြို့နယ်စည်ပင်တို့ ပူးပေါင်းကာ အမြန်ဆုံး ပြန်လည်တည်ဆောက်ရန် စီစဉ်နေကြောင်းသိရသည်။

"၂၀၁၃ စက်တင်ဘာလ နောက်ဆုံးပတ်မှာ ရွာသွန်းခဲ့တဲ့ မိုးရေချိန်က ခုနစ်လက်မကျော် ရွာသွန်းခဲ့ပါတယ်၊ ကလေးမြို့ဆိုတာက ချင်းတောင်ခြေရင်းမှာ ကပ်လျက်ရှိတာပါ။ မိုးရွာပြီဆိုရင် တောင်ပေါ်က စီးဆင်းလာတဲ့ တောင်ကျ ချောင်းတွေ၊ မြောင်းတွေက ဝါးလုံးထိုး စီးဆင်းလာတဲ့အတွက် ချောင်းတွေမြောင်းတွေ စီးဆင်းလာရာ လမ်းတစ်လျှောက်က ဘယ်အရာမှ မခံနိုင်ပါဘူး။ ဒီနှစ်ဖြစ်သွားတာက တစ်နိုင်ငံလုံး မိုးတွေရွာပြီး အားလုံး တိုက်ဆိုင်သွားတာပါ။ တောင်ကျချောင်းရေ သက်သက်ဆိုရင်တော့ ဒီလောက်ဖြစ်စရာအကြောင်း မရှိပါဘူး။ ခုတော့ ကျေးလက်တံတားတွေ တော်တော်များများ ပါသွားပါတယ်။ ဒီနှစ်ရေကြီး ရေလျှံမှုက နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင် ပျက်စီးမှု အများဆုံး ဖြစ်ပွားခဲ့ပြီး မြို့တွင်းက လမ်းတွေ ဆိုးရွားစွာ ပျက်စီးခဲ့တယ်"ဟု မြို့နယ်အထောက်အကူပြုကော်မတီတစ်ဦးက ပြောသည်။

ကလေးမြို့ ပြည်သူများ သွားလမ်းသာလို့ လာလမ်းဖြောင့်စေရေးအတွက် ပျက်စီးသွားသောတံတား ခုနစ်စင်း ပြန်လည်ပြင်ဆင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘတ်ဂျက်ချပေးခြင်း ဖြစ်သည်။ ကလေးမြို့ထဲရှိ ဆိပ်ကမ်းသာ တံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပြီး နတ်တံခါးတံတားနှင့် ဇီးချောင်းတံတားတို့ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားများ ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တိုက်ရိုက်ချထားပေးခဲ့ခြင်းဖြစ်သည်။

သျှင်နေမင်း

ကလေးမြို့ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း ၁၀၀၀ သုံးစွဲမည်

ကလေး ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ၁၀၀၀ ကို ကော်မတီ ခုနစ်ဦးက တာဝန်ယူ စီမံခန့်ခွဲပေးမည်ဖြစ်သည်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ငွေကျပ် ၁၃၈၀၀၀၀၀၊ လမ်းတံတားတည်ဆောက်ရေးအတွက် ငွေကျပ် ၁၉၄၀၇၅၀၀၊ ပညာရေးလုပ်ငန်းများအတွက် ငွေကျပ် ၄၃၄၃၆၅၀၀၊ ကျန်းမာရေးလုပ်ငန်းများအတွက် ငွေကျပ် ၆၅၀၀၀၀၀၊ ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၃၈၅၆၀၀၀၊ သုံးစွဲသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောကြားသည်။

သျှင်နေမင်း

ဖျာပုံစက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး စစ်ဆေး

ဖျာပုံ ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ဆီပန့်ဆိုင်များအပြင် ဈေးများနှင့် မြို့တွင်းလမ်းမများတွင် တစ်နိုင်တစ်ပိုင်ဆီဆိုင်များ အပါအဝင် ပုံးများ၊ ပုလင်းများဖြင့် ဓာတ်ဆီ၊ ဒီဇယ်များရောင်းချနေသည်မှာ အချိန်အတော်ကြာနေပြီဖြစ်သည်။ ထိုကဲ့သို့ ရောင်းချရာတွင် မီးလောင်ဆုံးရှုံးမှုများမဖြစ်စေရန်နှင့် စနစ်တကျရောင်းဝယ်နိုင်စေရန် ဇန်နဝါရီ ၂၃ ရက် နံနက်က ခရိုင်မီးသတ်ဦးစီးမှူးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့က လိုက်လံ၍ စနစ်တကျ စစ်ဆေးခဲ့ကြသည်။

ထိုကဲ့သို့စစ်ဆေးရာတွင် (၆)ရပ်ကွက်၊ ဆိပ်ကမ်းသာယာဈေး၊ မြစ်ကမ်းဘေးရှိ စည်ပင်ဆိုင်ခန်းများရှိ ဈေးဆိုင်များ၏ မြစ်အတွင်း ဒီဇယ်ရောင်းချနေခြင်းများအပြင် စည်ပင်ဆိုင်ခန်းများတွင် ဒီဇယ်၊ ဓာတ်ဆီရောင်းချနေခြင်းမရှိစေရန်စစ်ဆေးပြီး၊ မီးသတ်ဆေးဘူး၊ မီးဘေးကြိုတင်ကာကွယ်ထားရှိမှုအား နည်းချက်များကို စစ်ဆေးတွေ့ရှိရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ပွင့်လင်းမြင်သာစွာ

စက်သုံးဆီများ စနစ်တကျ ရောင်းချမှု ရှိ မရှိ လိုက်လံစိစစ်ပေးလျက်ရှိသည်။

အသိပညာပေးစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ (၅)ရပ်ကွက်၊ (၂)ရပ်ကွက်၊ ပုသိမ်ဆိပ်၊ ကမ်းနားလမ်းဆိုင်ခန်းများ၊ အပြောင်ဈေးလေးရှိ စက်သုံးဆီဆိုင်များ၊ (၁၇)ရပ်ကွက်၊ မြို့ပတ်လမ်း ဆီပန့်ဆိုင်နှင့် လမ်းဘေးဆီဆိုင်များကို စနစ်တကျစစ်ဆေးခဲ့ကြသည်။ လမ်းဘေးဆီဆိုင်များတွင် ဓာတ်ဆီပုလင်းများ လုံးဝရောင်းချခြင်း မပြုစေရန် ရှင်းလင်းဖယ်ရှားခဲ့ ပြီး ငါးဂါလန်ထက်မပိုသော ဆီပုံးများထားရှိပြီး မီးသတ်ဆေးဘူးများ ထားရှိစေရန် ဆောင်ရွက်ခဲ့ကြသည်။

ဖျာပုံမြို့ ဆိပ်ကမ်းသာယာဈေး၏ ဆိုင်ခန်းများဘေး မြစ်အတွင်း လှေများ၊ စက်တပ်ရေယာဉ်များတွင် စက်သုံးဆီ သိုလှောင်ရောင်းချနေခြင်းများအပြင် စည်ပင်ဈေးဆိုင်ခန်းများတွင် စက်သုံးဆီရောင်းချမှုမရှိရန် လိုအပ်ကြောင်း မီးသတ်ဆေးဘူးများကို လူမမြင်ရတဲ့နေရာများမှာ သိမ်းဆည်းထားခြင်းထက် အလွယ်တကူ လူမြင်ကွင်းတွင်ထားရှိပြီး အသုံးပြုနည်းများကို အသုံးပြုတတ်မှသာ မီးလောင်မှု ဖြစ်စဉ်များကို ကာကွယ်နိုင်မှာ ဖြစ်ကြောင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စစ်ဆေး တွေ့ရှိချက်များကို ဖျာပုံဒေသခံပြည်သူများက လိုက်နာရန် လိုအပ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်များ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ပွင့်လင်းမြင်သာစွာ ပြည်သူ့ဗဟိုပြု ပြည်သူ့အကျိုးအတွက် အမှန်တကယ် စစ်ဆေးဆောင်ရွက်ဖို့ လိုအပ်ကြောင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ချမ်းသာ

တိုယိုတာကားပေါ်၌ ကျွန်းတံခါး အပိုင်းအစများ ဖမ်းမိ

တိုက်ကြီး ဇန်နဝါရီ ၂၅

ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က မှော်ဘီမြို့ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမြင့်ထွန်း တောအုပ်ကြီး ဦးစောသန်းထွန်းတို့ ပါဝင်သော တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်း ပူးပေါင်းဖမ်းဆီးအဖွဲ့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် ၄က/. . . တိုယိုတာကား အဖြူရောင်သည် ရန်ကုန်ပြည်လမ်းအတိုင်း မောင်းနှင်လာရာ အမှတ် (၄) လမ်းဆုံသစ်တောဖမ်းဆီးရေးဂိတ်မရောက်ခင် မီးရထားသံလမ်း မှော်ဘီဆရာသိန်း စာကြည့်တိုက်အနီးတွင် နောက်ပြန်လှည့်၍ပြည်ဘက်သို့ မောင်းနှင်သွားကြောင်း သတင်းရရှိသဖြင့် ရန်ကုန်ပြည်လမ်းမြောင်း တကာရွာရောက် အမှတ်(၆) ရပ်ကွက်၊ ဓမ္မမဥ္ဇူလမ်း၌ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်ပါ လေးဦးအနက် ယာဉ်မောင်းအပါအဝင် သုံးဦး ထွက်ပြေးသွားပြီး တစ်ဦးသာ ဖမ်းဆီးမိသည်။

အဆိုပါ ယာဉ်အား မှော်ဘီသစ်တောစခန်းသို့ မောင်းနှင်စစ်ဆေးရာ ယာဉ်ပေါ်ပါသူ ဦးဝင်းထွေးသံပုရာကျေးရွာ၊ ကံမမြို့နယ် မကွေးတိုင်းဒေသကြီးအား တရားမဝင် ကျွန်းခွဲသာ အပိုင်းအစ ၁၉၆ ချောင်း (၀. ၂၆၂၆) တန်နှင့်အတူ ဖမ်းဆီးရမိသဖြင့် မှော်ဘီမြို့ရဲစခန်းတွင် အရေးယူနိုင်ရန် တိုင်ကြားထားကြောင်း သတင်းရရှိသည်။

ထွန်းလှိုင် (မြိုင်)

သိန်းနီတွင် ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

လားရှိုး ဇန်နဝါရီ ၂၅

မူးယစ်တပ်ဖွဲ့ (၂၄)လားရှိုး၊ သိန်းနီလှုပ်ရှားမှု ရဲအုပ် ဇော်မျိုးနိုင် ဦးစီးအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က သိန်းနီမြို့အထွက် ပန်လော့အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် နမ့်ခိုက်ရွာမှ သိန်းနီဘက်သို့ ကျိန်စီ (ကျား) မောင်းနှင်လာသော နံပါတ်မပါ ဆိုင်ကယ် လော့ဂျား ၁၁၀ အား ရပ်တန့်ပြီးသက်သေများ ရှေ့၌ရှာဖွေရာ ဆီတိုင်ကီနှင့် ဘေးကာကြားအတွင်း ကျွတ်ကျွတ်အိပ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်းအလေးချိန် တစ်ကီလိုတွေ့ရှိ သိမ်းဆည်းခဲ့သဖြင့် ဘိန်းစိမ်းလက်ဝယ်တွေ့ရှိ သယ်ဆောင်လာသူ ကျိန်စီ(ကျား) (၆၂)နှစ် သိန်းနီမြို့နယ်နေသူအပေါ် သိန်းနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရပါသည်။

ခရိုင် ပြန်/ဆက်

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ သချာၤအဓိက၊ ခုံအမှတ် ၃သခ-၂၃ဖြင့် အောင်မြင်ခဲ့သော မစန္ဒာစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းပု(ခ)ဦးချစ်သန်းရွှေဖြစ်ပါကြောင်း။

ဦးသန်းပု(ခ)ဦးချစ်သန်းရွှေ ၆/တသရ(နိုင်)၀၀၂၈၆၃

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) ၏ အသင်းဝင်များအားလုံးသိရှိနိုင်စေရန် အသိပေးနှိုးဆော်စာ

BANCA အသင်းသည် ၂၀၁၄ခုနှစ် ဇန်နဝါရီလမှစတင်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် အသင်းသားများအား ပြန်လည်စုစည်းဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍-

- အသင်းနှင့်အဆက်အသွယ်ပြတ်တောက်နေသောအသင်းသားများအနေဖြင့် ပေးသွင်းရန် ကျန်ရှိနေသော နှစ်စဉ်ကြေးများကို အမြန်ဆုံးပေးသွင်းခြင်းဖြင့် အသင်းဝင်သက်တမ်းတိုးမြှင့်ကြပါရန် အသိပေးလိုပါသည်။
- ၂၀၁၄ခုနှစ်အတွက် နှစ်စဉ်ကြေးများကိုလည်း ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ မတ် ၃၁ ရက်အထိ လက်ခံလျက်ရှိပါသည်။
- ၂၀၁၄ခုနှစ်မှစ၍ နှစ်စဉ်ကြေးအား (၁)နှစ်လျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ကောက်ခံမည်ဖြစ်ပါသည်။
- ၂၀၁၄ခုနှစ်မှစ၍ အသင်းဝင်ကတ်များကို ပုံစံအသစ်ဖြင့် ပြုပြင်ပြောင်းလဲထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။
- နှစ်စဉ်ကြေး လုံးဝ(လုံးဝ) ပေးသွင်းထားခြင်းမရှိသော၊ အသင်းနှင့်လည်းအဆက်အသွယ် ပြုလုပ်ခြင်း လုံးဝမရှိသော အသင်းဝင်များအား အသင်းသားအဖြစ်မှ ထုတ်ပယ်မည်ဖြစ်ပါသည်။
- ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိသော၊ ထိန်းသိမ်းရေးလုပ်ငန်းများကို စိတ်ဝင်စားသော အသင်းဝင်သစ်များကိုလည်း ဖိတ်ခေါ်လျက်ရှိပါသည်။
- အသင်းသို့ သိလိုသည်များအား အမှတ် (၉၄၃)၊ ဒုတိယထပ်(ယာ)၊ ကျိုက်ဝိုင်း ဘုရားလမ်း(ရဲရန်အောင်မှတ်တိုင်အနီး)၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၈၀၉၇၉နှင့် ၀၁-၆၆၃၀၇၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ရန် အသိပေးနှိုးဆော် အပ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ခြသေ့်လက်ကျေးရွာအုပ်စု၊ ခြသေ့်လက်ကျေးရွာ၊ အထက(ခွဲ)နဝမတန်းမှ မောင်တိုးအောင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်း ၅/ငဇန(နိုင်)၀၆၃၉၉၀ ဖြစ်ပါကြောင်း။ **ဦးရဲဝင်း**

အများသိစေရန်

မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း ၂ လမ်း၊ အမှတ် ၈၄၉ ဟု ခေါ်တွင်သော နှစ်ခန်းတွဲ၊ (၃½)ထပ်မှ မြေညီထပ်၏ အပေါ်ထပ်(အရပ်အခေါ် မှန်ခန်း)ဝဲဘက်ခြမ်း (ခြေရင်းခန်း)၊ အကျယ်အဝန်းပေ (၁၂½×၅၀)ရှိ ရေ၊ မီးအစုံအလင်ပါဝင်သောတိုက်ခန်းအား ရောင်းချသူ ဦးလှစိုး ၁၂/မရက(နိုင်)၀၀၇၆၉၆ ထံမှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ
ဦးဌေးအောင်ကျော်
၇/မညန(နိုင်)၀၅၀၁၉၁

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/ 6536 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ကံဘဲ့၊ မြေကွက်အမှတ် ၇၉၊ မြေကွက်တည်နေရာအမှတ် ၁၃၊ သုခိတာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်ထိန်ဘိုင်းဂျာဆင် ၁/မကန(နိုင်)၀၅၃၀၇၀အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ထိန်ဘိုင်းဂျာဆင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ရာ အဆိုပါမြေကွက်၏ မြေစာရင်းတွင် ဝင်စာအမှတ် ၂၆၀၆ (၁၉-၅-၀၉)အရ ဦးဂွမ်ဂျာနော်မှ မြေပုံမြေရာဇဝင်ထုတ်ယူခြင်း ခွင့်မပြုရန် ကန့်ကွက်ထားကြောင်း မှတ်သားထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်သူ ဦးဂွမ်ဂျာနော်မှာ လျှောက်ထားသူ၏ ခင်ပွန်းဖြစ်ပြီး ၇-၁၂-၂၀၀၉ ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ကွယ်လွန်သွားသဖြင့်ကချင်အမျိုးသား သင်္ချိုင်းတွင် သင်္ဂြိုဟ်ခဲ့ကြောင်း လျှောက်ထားသူ ဒေါ်ထိန်ဘိုင်းဂျာဆင်က ရှင်းလင်းစာတင်ပြခဲ့ပြီး Kum Ding Gum Ja နှင့် Hting Bai Ja Sing တို့၏ ၁၁-၅-၁၉၉၁ ရက် နှစ်ခြင်းခရစ်ယာန်လက်ထပ်မင်္ဂလာ သက်သေခံလက်မှတ်၊ နောင်နန်းကချင်အမျိုးသားသင်္ချိုင်း No.845 တွင် သင်္ဂြိုဟ်ကြောင်း ဦးဂွမ်ဂျာနော်အမည်ဖြင့် လည်းကောင်း၊ ဦးကွမ်ဒိန်းဂွမ်ဂျာအမည်ဖြင့်လည်းကောင်း အမည်နှစ်မျိုးဖြင့် YMCA၊ မြစ်ကြီးနားမြို့ နောင်နန်းကချင်အမျိုးသားသင်္ချိုင်းကော်မတီ၏ ထောက်ခံစာနှစ်စောင်၊ ဦးဂွမ်ဂျာ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁/မကန(နိုင်)၀၇၇၄၁၅နှင့် ဦးဂွမ်ဂျာ(ခ)ဦးဂွမ်ဂျာနော်(ခ)ဦးကွမ်ဒိန်းဂွမ်ဂျာမှာ လျှောက်ထားသူ၏ ခင်ပွန်းတစ်ဦးတည်း၏ အမည်များဖြစ်ကြောင်း၊ လျှောက်ထားသူ၏ တရားရုံးကတိသစ္စာပြုလွှာနှင့် လျှောက်ထားသူ၏ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ မြေအမည်ပေါက် ဒေါ်ထိန်ဘိုင်းဂျာဆင်မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇၊မြေကွက်အမှတ် ၁၃၆/က၊ မြေကွက်တည်နေရာအမှတ် ၁၃၆/က၊ မင်းရဲကျော်စွာ ၆ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးရန် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရန်နှင့် ဇနီးဒေါ်ပြုံးကြွယ် ကွယ်လွန်သဖြင့် ဦးခင်အောင် ၁၂/ဥကတ(နိုင်)၁၂၇၉၆၁၊ ဒေါ်ခင်အုံးမြင့် ၁၂/ဥကတ(နိုင်)၀၂၀၅၅၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
သတ္တမအကြိမ်မြောက်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်မှ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အတွက် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမနှစ် အင်ဂျင်နီယာဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

ကျင်းပမည့်ရက် - ၂၃-၂-၂၀၂၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ခန်းမ
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
အစမ်းလေ့ကျင့်မည့်ရက် - ၂၂-၂-၂၀၂၄ ရက် (စနေနေ့)
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၉း၀၀နာရီ

၂။ ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံဖြင့် နှစ်လအတွင်း ရိုက်ကူးထားသော (၂×၁.၅)လက်မအရွယ် ဓာတ်ပုံသုံးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။
၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်မိတ္တူ တစ်စုံပူးတွဲ၍ ၁၅-၂-၂၀၂၄ ရက် နောက်ဆုံးထားပြီး လျှောက်ထားရန်။
၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ပေးသွင်းရပါမည်။ စာတိုက်မှဘွဲ့နှင်းသဘင်ကြေးပေးပို့မည်ဆိုပါက ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း(တက်ရောက်/အဝေးရောက်)ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လနှင့် နေရပ်လိပ်စာ အပြည့်အစုံတို့ကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ ယခင်နှစ်မှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာတင်သွင်းပြီး တက်ရောက်ယူရန်ပျက်ကွက်ပါက တစ်နှစ်ဆိုင်းငံ့ပြီးမှသာ ဘွဲ့လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်ကျောင်းသားရေးရာဌာန ဖုန်း-၀၆၄-၃၅၂၄၂တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါက်တာရီရီမြင့်-မော်ကွန်းထိန်း
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
မိတ္ထီလာမြို့

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၁၇၊ အခန်းအမှတ် ၂၀၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ တပ်ကြပ်ကြီးဇေယျာမင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းဆင့် ၁၂/သကတ(နိုင်)၀၀၁၅၂၂ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်းစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၁၊ မြေကွက်အမှတ် ၁၃၂/၂၊ မြေကွက်တည်နေရာအမှတ် ၁၃၂/၂၊ မြင်သာစုပေါင်းအိမ်ရာ၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသန်းဝင်း၊ ဒေါ်သီသီမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးသန်းဝင်းကွယ်လွန်သဖြင့် ဒေါ်သီသီမြင့် ၁၂/ဥကတ(နိုင်)၁၀၃၄၉၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နတ်တလင်းအသင်း ရန်ကုန်မြို့

၁။ အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားထူးချွန်ဆုပေးပွဲများကို ၂၃-၂-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားအသင်းသူများ၊ မြို့နယ်သူ မြို့နယ်သားများ၊ သက်ကြီးပူဇော်ခံပုဂ္ဂိုလ်များ၊ ဆုရကျောင်းသူ ကျောင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
၂။ ထို့အပြင် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများ၏ အမည်စာရင်းကို အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ၃၀-၁-၂၀၂၄ရက်နောက်ဆုံးထား၍ ဒေါ်ဝင်းကြည် (ပညာအလင်းပြ)၊ အမှတ် ၁၈၆/၁၈၈၊ ၄၈လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ကြိုတင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။
(က) **သက်ကြီးပူဇော်ပွဲ**အတွက် ၃၁-၁၂-၂၀၂၃ရက်တွင် (၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များ၊ (ယခင်နှစ်ကန်တော့ခံစာရင်းတွင် ပါဝင်ပြီးသော ပုဂ္ဂိုလ်များစာရင်းထပ်မံပေးရန်မလိုပါ)
(ခ) **ပညာရည်ချွန်ဆု။** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အတွက်ဖြစ်ပါသည်။ အသင်းသူအသင်းသားများ၏ သားသမီးများအနက် တက္ကသိုလ်/ကောလိပ်အတန်းများတွင် ဂုဏ်ထူးရသူများ၊ အခြေခံပညာကဏ္ဍအတွက် ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဋ္ဌမတန်း စာမေးပွဲတို့တွင်ဂုဏ်ထူးရရှိသူများ၊ ကျန်အတန်းများတွင် တန်းခွဲတစ်ခုချင်းအလိုက် ပထမဆုရသူများ၊ တန်းခွဲအားလုံးပေါင်းတွင် ပထမရသူများနှင့် မြို့နယ်အဆင့်ဘာသာရပ်ထူးချွန်ဆုရရှိသူများ (တက္ကသိုလ်ဝင်စာမေးပွဲအတွက် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရန်)
(ဂ) **အခြားထူးချွန်ဆုနှင့်ဘွဲ့ထူးဂုဏ်ထူးရသူများ။** နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရ ရှိသူများ နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရသူများ၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံထားရသူများ။
၃။ အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ၆၆၆၂၇၈၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဒုရဲမှူးကြီး သိန်းထွန်း(ငြိမ်း) ဖုန်း-၅၈၄၃၀၅နှင့် အသင်းတိုက်ဖုန်း-၀၉-၈၆၁၇၈၇၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
၄။ သတ်မှတ်ချက်နှင့်မကိုက်ညီသူများ သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသည့် လျှောက်လွှာများနှင့် အထောက်အထားမပြည့်စုံသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အကျွေးအမွေးဖြင့် ဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့
နတ်တလင်းအသင်း
ရန်ကုန်မြို့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တာမွေမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၃

ဒေါ်ကင်း(မ်)ခင်(ခ)ခင်ခင် **နှင့်** ၁။ ဦးစိုးမြင့် (ယခုနေရပ်လိပ်စာမသိပါ) (မက်ဆက်သမ္မာစိတ္တထရေးဒင်းလီမိတက်၏ကိုယ်စားလှယ်အထွေထွေအုပ်ချုပ်ရေးမှူး)
၂။ ဒေါ်ကျင်ဇေ (ယခုနေရပ်လိပ်စာမသိပါ။)

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၁တွင်ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကင်း(မ်)ခင်(ခ)ခင်ခင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၇ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထားအိခိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈၈

၁။ ဒေါ်ကြည်အောင် **နှင့်** ၁။ ဒေါ်သန်းအေး
၂။ စောမြရွှေအောင် ၂။ ဦးသာဆင့်
၃။ ကိုဝင်းနု
၄။ မမြမြအုန်း
၅။ မခင်စန်းလွင်
၆။ ကိုဖိုးထောင်
၇။ ကိုရွှေလှိုင်ဗိုလ်
၈။ ကိုထွန်းထွန်း
၉။ ဒေါ်အေးသိန်း
၁၀။ ဦးအောင်မြိုင်
၁၁။ ဦးစိုးအောင်
၁၂။ ဦးစိုးမောင်

တရားလိုများ **တရားပြိုင်များ**

တွံတေးမြို့နယ်၊ သာစည်ရွာနေ တရားပြိုင်အမှတ်စဉ်(၁၂) ဦးစိုးမောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက လယ်ယာမြေဥပဒေပုဒ်မ ၉(ဂ)အရ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို တရားရုံးတော်မှ အုပ်ချုပ်စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ညီညီအေး)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ အမှတ် ဂ/၆၁ နေ ဦးတင်မောင်မောင်ထွန်း ၉/မနမ(နိုင်)၀၀၀၃၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်မောင်မောင်ထွန်းသည် ၁၄-၁-၂၀၁၃ ရက်က မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ ဖောင်းတောကျေးရွာ၊ ဦးပိုင်အမှတ် N-၇၉၊ ကွင်းအမှတ် ၆၆၅၊ အကျယ်အဝန်း ပေ(၄၀×၈၀× ၅၆× ၈၀)ရှိ မြေကွက်ကို လွှဲပြောင်းရယူခဲ့ပြီးဖြစ်ရာ ယခုအခါတွင် ထပ်ဆင့်လွှဲပြောင်းပေးမည်ဖြစ်သောကြောင့် ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားအခိုင်အလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်မောင်မောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေလင်းအောင် LL.B
တရားလွှတ်တော်ရှေ့နေ
အခန်း ၂၉၊ ပြည်တော်သာ၊ ၂-၃ လမ်းကြား၊ အလက(၂)တိုက်တန်း၊
ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၆၇၃၉

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အပိုင်(၁)တွင် နေထိုင်သူ ဦးဘန်း ၁၂/လကန(နိုင်)၁၂၂၄၇၆သည် ကျွန်ုပ်၏အမှုသည်ဖြစ်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၄)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်းနှင့် ကပ်လျက်ရှိသော ကွင်းအမှတ် ၄၅၇/ခ၊ ဦးပိုင်အမှတ် ၂၃/၄ဟုခေါ်တွင်သော လယ်မြေ ၅ ဧကသည် ဦးသန်းမောင်အမည်ပေါက်မြေခွန်ပြေစာများဖြင့် နိုင်ငံတော်မှ လယ်လုပ်ကိုင်ခွင့်ပေးထားသော လယ်မြေဖြစ်ပြီး ဦးသန်းမောင်၏သား ဦးဘန်းမှ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသော လယ်မြေများဖြစ်ပါ၍ အဆိုပါလယ်မြေများအား တိုင်းတာပြီး ခြံစည်းရိုးကာရံမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်ခြင်းမရှိခဲ့ပါလျှင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်အောင် LL.B
အထက်တန်းရှေ့နေ(စဉ်-၂၂၃၃၀)
အမှတ် ၈၂၄/ခ၊ ဇီဇဝါ ၃ လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၁၃၃၉၆၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၇၁၃၆ Yinxing 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/ခမစ(နိုင်)၀၄၁၅၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၁၀၆၅၈ Hensim 125 M/C ယာဉ်လက်ဝယ်ရှိသူ ဆလိုင်းဇင်ဟိန်းအောင် ၇/လဝက(နိုင်)၀၉၅၈၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်၊ ပြည်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ကုန်းဘောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၇၊ မြေကွက်အမှတ် ၁၀၀၊ ဧရိယာ ၀ ဒသမ ၂၃၃ဧကရှိ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးရန်နိုင်ထွန်း ၉/မလန(နိုင်)၀၈၃၃၉၃ မှ အမည်ပေါက်ပြီး ၎င်းကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခွေးခွေးဝင်း LL.B, D.I.L, LCCI (UK)
အထက်တန်းရှေ့နေ
အမှတ် ၁၃၆/၁၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၇၅၅၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၉၊ မြေကွက်အမှတ် ၃၈၇ အမည်ပေါက် ဦးရဲတင့် ၁၂/ဥကမ (နိုင်) ၀၁၀၀၉၁ သည် မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် (၆၈၁ $\frac{၁}{၂}$)၊ မြေကွက်တည်နေရာအမှတ် (၆၈၁ $\frac{၁}{၂}$)၊ သန္တာ ၁၄ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဦးလှမောင် အောင် ၀၄၄၇၇၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးလှမောင်ကွယ်လွန်သဖြင့် ဒေါ်တင် ၁၂/ဥကမ(နိုင်)၀၈၅၁၆၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၄၃၃/၂၃-၁၀-၂၀၁၃)ဖြင့် ရရှိသူ ဦးဝင်းဇော် ၁၂/စခန(နိုင်)၀၁၂၆၇၇မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်း-၇၅၊ မြေကွက် ၅ ထဲမှ တစ်စိတ်တစ်ဒေသ အကျယ်အဝန်း $\frac{၂၂'}{၂၁'.၆''}$ × ၄၀'၊ မြေကွက်တည်နေရာအမှတ် ၁၀၃၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား အစိုးရမြေ၊ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက်တွင် ဦးထွန်းထွန်းဝင်း ၁၂/အစန(နိုင်) ၁၅၉၆၉၈ နှင့် ဒေါ်ကျင်လှအေး ၁၂/ကမရ(နိုင်)၀၂၆၀၇၀ တို့မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၅၊ မြေကွက်အမှတ် ၅ ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း $\frac{၁၄'}{၁၁'.၆''}$ × ၄၀'+ $\frac{၁၅'}{၄'.၆''+၆'}$ × $\frac{၂၇'+၁၀'}{၂၆'+၉'}$ ၊ မြေကွက်တည်နေရာအမှတ် ၁၄/၁၂၃၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေအမျိုးအစား အစိုးရမြေ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက်တွင် ဒေါ်ဝင်းဝင်းနိုင် ၁၂/ကမရ(နိုင်) ၀၅၃၀၂၅ နှင့် ဒေါ်အုံး ၁၂/ကမရ(နိုင်) ၀၄၅၄၃၃တို့မှ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စံပယ်တော်ကျေးရွာနေ မောင်ဇော်ဦး ၉/ကဆန(နိုင်)၁၂၈၆၃၉ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုလက်မခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးသန်းရင် ၉/ကဆန(နိုင်)၀၆၇၇၀၁
မိခင်-ဒေါ်ညိုစိန် ၉/ကဆန(နိုင်)၀၆၇၇၀၂

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၅၀၏အစိတ်အပိုင်း ($\frac{၂၆'}{၃၁}$ × ၈၅')၊ မြေကွက်တည်နေရာအမှတ် ၇၂၊ သူရလမ်း(တောင်ပိုင်း)၊ ၉ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်လှိုင် အမည်ပေါက်ရွာမြေ A လ/န ၃(ခ)ရပြီးမြေအား အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လာသူ ဦးတင်စိုးမှ (တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်(၃၇/၂၀၁၃)ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ဒေါ်လှိုင်၏တရားဝင်ကိုယ်စားလှယ် ဒေါ်တင်မြဝင်းအား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ် ၂၂/၂၀၁၃အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ ခန့်ပေးခြင်းခံရသူ ဒေါ်ဦးဆန်ရီ (ဘီလစ်) ၁၁/ကတန(နိုင်)၀၀၀၆၇၄မှ တရားရုံးဒီကရီ အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂ယ/၁၂၂၈၆ Honda Dream C100S ယာဉ်လက်ဝယ်ရှိသူ ဦးစိန်သန်း ၉/မထလ(နိုင်)၀၄၃၁၄၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၉၁၂၂ Nissan Atlas PU (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းဇော် ၁၂/သလန(နိုင်)၀၀၉၁၈၈၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁စယ/၁၅၉၈ Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဦး ၈/ပခက(နိုင်)၀၃၇၉၈၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စယ/၂၇၀၃၈ ZONG SHEN-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖေ ၅/ဘတလ(နိုင်)၀၀၁၅၈၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၁၀၇၁၇ Honda Dream C100 mp/ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်မြတ် ၇/ပမန(နိုင်)၀၀၀၇၈၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့

အထူးကျေးဇူးတင်ရှိခြင်း

တန်တိုက်ငါး(ခ)ဦးတိုက်ငါး (မုံရွာ)

အသက် (၉၅)နှစ်

၁၈-၁-၂၀၁၄ရက်(စနေနေ့) နံနက်၂း၁၅နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ကြီး၏ နာရေးတွင် လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ *e-mail* ဖြင့်လည်းကောင်း၊ သတင်းမေးဝမ်းနည်းစကားပြောခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းများ၊ နာရေးကိစ္စအဝဝကို လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြသော တရုတ်အမျိုးသားအသင်းမှပုဂ္ဂိုလ်များ၊ ဒေဝဂတိနာရေးကူညီမှုအသင်းမှ ပုဂ္ဂိုလ်များနှင့် လိုက်ပါပို့ဆောင်ကြသောဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

သားသမီးများ-
ဒေါက်တာအောင်ကျော်မြင့်-အစော(ခ)ဒေါ်သင်းကြူ
ဦးသူရ၊ (ဦးအောင်နိုင်)-ဒေါ်တင်တင်မြ၊ ဒေါ်ပို့ပို့(ခ)ဒေါ်အေးအေးမာ
ဦးဇော်ဇော်-ဒေါ်ခင်မာဆွေ
မြေးများ-ကိုတိုးဝင်းထွန်း-မစောစုစုအောင်၊
မစောယုယုအောင်၊မောင်ပိုင်မင်းဟန်၊ မောင်ရဲဝင့်အောင်၊ မောင်ညီညီအောင်၊
မြစ်-မောင်သစ်လွင်ဝင်းသန့်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဌေးအောင်(မန္တလေး)

ပဓာနနာယက ထေရဝါဒ ဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်၊ မန္တလေး)
ဥက္ကဋ္ဌ၊ ဗောဓိဉာဏဓမ္မအသင်း*(Theosophical Society)* မန္တလေး
တွဲဖက်ဌာနမှူး(ငြိမ်း)၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်၊ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန(မန္တလေး)
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

အသက်(၈၉)နှစ်

မန္တလေးမြို့နေ (ဆရာကြီး ဦးသိန်းအောင်-ဒေါ်လှမြင့်/ဒေါ်သိန်းရင်) တို့၏သားကြီး၊ ရန်ကုန်မြို့နေ(ငွေဇင်ယော် ဦးကြင်-ဒေါ်မြကြည်/ဒေါ်စောညွန့်)တို့၏သားသမက်၊ မန္တလေးမြို့၊ ပဒုမ္မာရိပ်ငြိမ် *(Lotus Lodge)* အမှတ် ၃၇၆၊ လမ်း ၈၀၊ ၂၂×၂၃လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်၊ မေဃဂီရိရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်နေ (ဆရာမကြီးဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဦးသန်းဌေးအောင်-ဒေါ်နှင်းနှင်းအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် *Singapore* နိုင်ငံ *Mt,Elizebeth Hospital (Orchard)*တွင် ၂၃-၁-၂၀၁၄ ရက် စင်ကာပူစံတော်ချိန် ၀၀း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် မန္တလေးမြို့ အေးရိပ်ငြိမ်(ကြာနီကန်)သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများနှင့် ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်/မန္တလေး) တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင်ကြီး

Ph.D(Entomology)I.A.R.I,New Delhi(India)

ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

အသက်(၆၁)နှစ်

ဒေါက်တာမောင်မောင်ကြီးသည် ၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သတ္တဗေဒဘာသာရပ်အတွက် ပညာရှင်တစ်ယောက် ဆုံးရှုံးရသောကြောင့် မိသားစုနှင့် ထပ်တူ နှမြောတသ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းသိန်း - ဒေါ်ဌေးဌေးမြင့်
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းရင်

အသက်(၉၉)နှစ်

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ-ဒေါ်ခင်စန်းလွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူး(စီမံ)ဦးဝင်းဌေး- ဒေါ်လှလှတိုးတို့၏မိခင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ (သ-၁၁)၊ အိမ်အမှတ် ၁၁ နေ ဒေါ်သန်းရင်သည် ၂၃-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ
တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မဟုံ (ကျုံကဒတ်)

အသက်(၈၇)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်စံပြကျေးရွာမှ ဦးဆပ်ပေါင်-ဒေါ်ဖွားကြီးတို့၏သမီး၊ (ဦးလှတင်)၏ဇနီး၊ (ဦးအောင်မြင့်)၊ ဦးအောင်တင့်(အမှုဆောင်၊ ဘူမိရူပဗေဒအရာရှိ၊ MOGE)-ဒေါ်မြကြည်၊ ဦးမောင်ဌေး-ဒေါ်တင်တင်နွယ်၊ ဦးအောင်မျိုးလွင်-ဒေါ်စုစုကြည်၊ (ဦးသိန်းဝင်း)-ဒေါ်သီသီလွင် (ပန်းသဇင်ထိုက် ပုလဲနှင့်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေးတို့၏ မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အခန်း ၁၀၀၁၊မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဦးဖိုးကျားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေးတို့၏နေအိမ်မှကားများ မွန်းလွဲ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဂျမ်း

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၅၄နေ ဦးအောင်ဂျမ်းသည် ၂၃-၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၀၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးစံညိမ်း-ဒေါ်ခင်သက်တင်
ဗိုလ်ကြီးထွန်းအောင်လင်း(ငြိမ်း)
နိုင်အောင်ကုမ္ပဏီမိသားစု

ကမ်းဇော်ဆီ [illegible]
[illegible]
09-5166152, 09-73054655, 09-31551209

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀၅)၊ မြေကွက်အမှတ်(၅၀၃/ခ)၊ အလျားပေ၂၀×အနံပေ ၆၀ မြေကွက်ရရှိသူ အမည်ပေါက် ဦးအောင်ကျော်မြင့်ထံမှ မြေချစလစ်ပြားမူရင်းပါရှိ၍ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ဝင်းမာလေး (ဘ)ဦးကြည်ဝင်း ၁၂/ဒဂတ(နိုင်)၀၅၀၈၃၈က မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ် ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၆)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၅၊ မြေကွက်အမှတ်၅ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်း (၂၁'-၆"/၂၂'-၆"×၄၀') မြေကွက်တည်နေရာ ၁၁၅၊ အောင်မေတ္တာ ၁ လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား- အစိုးရမြေ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အမှတ်(၁)ရပ်ကွက်ဂရန်ပေးရေးစီမံချက်တွင် ဦးစိန်ထွန်း ၁၂/ကမရ(နိုင်) ၀၂၆၂၆၅မှ နှစ်၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၅၊ မြေကွက်အမှတ်၅ထဲမှ တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်းပေ(၂၃×၄၀)၊ မြေကွက်တည်နေရာ ၁၀၉၊ ကံလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား အစိုးရမြေ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေအား အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်တွင် ဦးကျော်သန်း(ခ) CHEN PUCK CHOON ၁၂/ကမရ(ပြု)၀၀၀၂၃၃မှ နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဒေါ်သန်းအေး (မော်လမြိုင်မြို့)

(မော်တင်လိန်းဂျဒ်ဆင် ကျောင်းသူဟောင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၇၊ ၈၈လမ်း၊ ကန်တော်ကလေးနေ(ဦးမက်ကြူး-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘဆိုင်-ဒေါ်သင်းကြွေ) တို့၏သမီးချွေးမ၊ (ဒေါက်တာရှိန်တင်)၏ဇနီး၊ ဦးသန်းထွဋ်ရှိန် (C/E,LIZSTAR Co.,Ltd.)-ဒေါက်တာ ဒေါ်ညိုညိုဝင်း (ကလေးခွဲစိတ်အထူးကုဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ မဝင်းမင်းရှိန်(အောင်ချမ်းသာဆေးဆိုင်)၊ မသန္တာရှိန်(ရှိန်းအပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏မိခင်၊ မောင်ကျော်ကျော်စိုး(Grade-VII, C၊ အလက-၁၊ ဒဂုံ)၊ မောင်နိုင်မင်းထွဋ်(Grade-IV, F၊ အလက-၁၊ ဒဂုံ)တို့၏အဘွားသည် ၂၄-၁-၂၀၁၄ ရက်(သောကြာနေ့)နံနက် ၅း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းအေး (မော်လမြိုင်မြို့)

(မော်တင်လိန်းဂျဒ်ဆင် ကျောင်းသူဟောင်း)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၇၊ ၈၈လမ်း၊ ကန်တော်ကလေးနေ(ဦးမက်ကြူး-ဒေါ်မြတင်)တို့၏သမီး၊ (ဦးဘဆိုင်-ဒေါ်သင်းကြွေ)တို့၏သမီးချွေးမ၊(ဒေါက်တာရှိန်တင်)၏ဇနီး၊ (ဦးစောလွင်-ဒေါ်စုစု)၊ [ရဲမင်းကြီး ဦးတင်လှိုင်(ငြိမ်း)-ဒေါ်မြင့်မြင့်ကြူ]တို့၏ညီမ၊ ဦးလှသိန်း-ဒေါ်ဥမ္မာ၊ ဦးသန်းဌေး-ဒေါ်သန်းနု၊ ဦးထင်အောင်ကျော် (ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်)-ဒေါ်အေးညွန့်ရွှေတို့၏အစ်မသည် ၂၄-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၅း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာခြင်း

[illegible]

ကျွန်ုပ်တို့အသင်းချုပ်အမည်

ဒေါ်သီတာစန်း	ဒေါ်ဓာတ်သီကျော်	ဦးအောင်နိုင်
LL.B, D.B.L, D.M.L	LL.B, D.B.L, D.I.L, D.M.L	LL.B, D.B.L, D.M.L
[illegible]	[illegible]	[illegible]
Ph-09421019608	Ph-095506143	Ph-09506[illegible]

[illegible]

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ချော (Rita)
အသက်(၁၀၁)နှစ်

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၁)လမ်း၊ အမှတ် ၃၃၉နေ ဦးကျော်နီညွန့် (ဆည်မြောင်း၊ ငြိမ်း)-ဒေါ်မာရီယာ (ကျောင်းအုပ်ဆရာမကြီး၊ အထက-၂၊ အင်းစိန်၊ ငြိမ်း)တို့၏မိခင် ဒေါ်ချော(Rita)သည် ၂၄-၁-၂၀၁၄ရက် ညနေ ၆း၅၅နာရီတွင် ဝိညာဉ်အား ဘုရားရှင်တော်မြတ်မှ ပြန်လည်သိမ်းပိုက်ခြင်း ခံရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သက်တော်ရှည် အဘွား ကောင်းရာသုဂတိလားပါစေ။ **ဆရာဦးမျိုးတင့်-ဆရာမဒေါ်ချိုချိုလှ မိသားစု၊ သာကေတမြို့နယ်**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းအေး (မော်လမြိုင်)
အသက်(၇၂)နှစ်

ချစ်လှစွာသော ညီမ၊ အစ်မ ဒေါ်သန်းအေးသည် ဇန်နဝါရီ ၂၄ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်းဖြစ်ရပါသည်။

- **ဒေါ်ခင်စန်းရီ**
- **ဦးမောင်မောင်(Rtd; UNICEF)-ဒေါ်မြတ်မြတ်**
- **(ဦးတင်မောင်မောင်၊ USA)-ဒေါ်နွဲ့နွဲ့အေး(မော်လမြိုင်)**
- **Terry & Yee Yee Lynch-UK**
- **(ဦးကြည်ဝင်း)**
- **(ဦးခင်မောင်ညွန့်)-ဒေါ်စန်းစန်းအေး**
- **(ဦးမောင်မောင်သန့်)-ဒေါ်သင်းသင်း**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၂၅	ကျန်းမာဖို့အတူကစားစို့
၆း၃၀	တေးဂီတအစီအစဉ်
၇း၀၀	ပြည်တွင်းသတင်း
၉း၂၅	ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ **စံပြလုလင်**
၉း၅၀	လှပစုံလင်အာဆီယံတစ်ခွင်
၁၀း၀၀	ပြည်တွင်းသတင်း
၁၀း၁၅	**e-ပင်စင်ဖြင့်ခရီးတွင်စေမည်**

နေ့လယ်ပိုင်း

၁၁း၀၀	**ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာ**
၁၁း၁၅	ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၀၀	ပြည်တွင်းသတင်း
၁၂း၂၅	တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၂း၃၅	ဖြူမည်းရုပ်ရှင် **ချစ်သူဝိုင်းဝိုင်းလည်** (ပထမပိုင်း) (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) ဒါရိုက်တာ-ဝါဝါဝင်းရွှေ

ညပိုင်း

၁၅း၁၅	ဖြူမည်းရုပ်ရှင် **ချစ်သူဝိုင်းဝိုင်းလည်** (ဒုတိယပိုင်း) (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) ဒါရိုက်တာ-ဝါဝါဝင်းရွှေ
၁၆း၁၅	**တောင်သူတွေဝင်ငွေတိုးစေမည့် ဟဲဟိုးမြို့က သီးနှံအခြောက်ခံစက်ရုံလေး**
၁၆း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၁၇း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၁၉း၂၀	**ဇန်နဝါရီလ မိုးလေဝသခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်များ**
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
၂၁း၀၀	ပြည်တွင်းသတင်း
-	တစ်မျက်နှာတစ်ကွက်စာ **နောက်ဆုံးငါးမိနစ်** (ဒုတိယပိုင်း) သားညီ၊ စွမ်းရည်၊ ခိုင်ပွင့် ဒါရိုက်တာ-မေတင်(MMG)
-	ရင်ခုန်လက်ကမ်းတေးသစ်လမ်း

တိုင်းပြည်ဘက်စုံတိုးတက်ဖို့ ကျသင့်အခွန် ပေးဆောင်စို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဆရာကြီး ဒေါ်ကဠနော(ခ)ဒေါ်ကင်း (ပန်းတောင်းမြို့)
အသက်(၈၇)နှစ်

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဂျင်းရဲကျွန်းရွာနေ (ဦးဘိုးဝင်-ဒေါ်တင်)တို့၏သမီးငယ်၊ ဦးထွန်းရှိန်-ဒေါ်မရန်တို့၏ညီမငယ်၊ ရန်ကုန်မြို့၊ တာမွေလေး၊ သံလမ်းနေ (ဦးဌေးလွင်၊ အထက၊ ကဝမြို့)၊ ဒေါ်ဥမ္မာ(အထက-၃၊ ဗဟန်း)၊ ဦးသိန်းအေး-ဒေါ်အေးအေးမြင့်(ရွှေတောင် ချည်မျှင်နှင့်အထည်စက်)တို့၏မိခင်သည် ၂၅-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁း၄၅နာရီတွင် ဇရပ်နံပါတ်(၃၉) မင်းကွန်းတောရကျောင်းတိုက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဒါယကာ၊ဒါယိကာမနှင့်မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်ယုမေ
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၉၊ ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ရန်ကင်းမြို့နယ်နေ (ဦးယုစွမ်-ဒေါ်ကြင်မြိုင်)တို့၏သမီး၊ (ဦးထိုက်စိန်)၊ ဒေါ်ခင်ယုဆွေတို့၏အစ်မ၊ ဒုမှူးကြီးကြည်စိန်(ငြိမ်း) စီးပွား/ကူးသန်း-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်းတို့၏ကြီးကြီး၊ ဦးအောင်ကျော်မိုး၏မိခင်၊ အယ်ရီကာမိုး၊ ဂျော်နသန်ဆွေထိုက်၊ ရပ်ဆယ်မိုးတို့၏အဘွား ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်ယုမေသည် ၂၄-၁-၂၀၁၄ရက် (သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၁-၂၀၁၄ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးကိုကိုတင် (နတ်တလင်း)
ကုန်သွယ်ရေး(ငြိမ်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ၁၀၄၂၊ ကတိုးနွယ်ခြံ ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မူမူ)တို့၏သား၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ (ဦးအောင်ကြီး-ဒေါ်ခင်သိန်းရီ)၊ ဦးမောင်မောင်သန်း-(ဒေါ်တင်အေး)၊ ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)-ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်ခင်စိုးတို့၏အစ်ကို/ညီ၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၄ရက် မွန်းလွဲ ၁း၄၀နာရီတွင် မိုးမခလမ်း၊ အမှတ် ၄၄၉/QRတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

မိမိအပါအဝင် တပည့်များစွာအား စေတနာထက်သန်စွာဖြင့် နှစ်ပေါင်းရှည်ကြာစွာ ဓမ္မအလင်းရောင်များပေးခဲ့သည့် အနန္တကျေးဇူးရှင် ဆရာကြီး ဦးဌေးအောင် ၂၃-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုအတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာတင်စန္ဒာအောင်

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဦးအောင်မြင့်
စိုက်ပျိုးရေး(ငြိမ်း)
အသင်းဝင်(၀၃၈၂)
အသက်(၇၂)နှစ်

ဦးအောင်မြင့်သည် ၂၂-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ရန်ကုန်မြို့၌ ၂၄-၁-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဦးတင်လှိုင်ဦး
ဒု-မြို့ဂျာ(ငြိမ်း)
လယ်-စိုက်-ရှင်း
အသင်းဝင်(၀၇၇၉)
အသက်(၈၃)နှစ်

ဦးတင်လှိုင်ဦးသည် ၂၀-၁-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဒေါ်စုစုလှိုင်
(မြန်မာ့မီးရထား၊ တိုင်း-၆)
အသက်(၅၀)

အမှတ် ၃၁(ခ)၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ်နေ ဦးသာညိန်း (ညွှန်ချုပ်၊ ကြေး/မြေ၊ ငြိမ်း)-ဒေါ်ခင်လှတို့၏ သမီးချွေးမ၊ ဒေါက်တာသောင်းညိန်း(B.V.S)၏ဇနီး၊ ဦးအေးညိန်း-ဒေါ်ခင်မိုးသန့်၊ ဦးမောင်မောင်ညိန်း-ဒေါ်နန်းထွေးညွန့်၊ ဒေါက်တာရဲအေး-ဒေါ်ခိုင်မာညိန်း၊ ဦးဝင်းညိန်း-ဒေါ်ဝေဝေတို့၏ညီမ၊ မမေဦးခိုင်၊ မခင်မေအောင်၊ ဒေါက်တာညဏ်ဦး၊ မထက်ထက်အောင်၊ ဒေါက်တာသီရိဝင်း၊ မခိုင်မြတ်ဝင်း၊ မောင်ရဲဝင့်အောင်၊ မောင်သစ်လွင်ထူး၊ မောင်ခန့်ညိန်းအောင်တို့၏အဒေါ်သည် ၂၅-၁-၂၀၁၄ရက် နံနက် ၁း၃၀နာရီတွင် ရန်ကုန်မြို့ မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အင်းစိန်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေးမူ(ခ)
Thelma Ba Htay
(စိန့်ဂျွန်းကျောင်းသူဟောင်း)
အသက်(၆၃)နှစ်

